www.burmeseclassic.com



# မြန်မာ့လူ့ဘောင် အဖွဲ့အစည်း နှင့် မြန်မာ့နိုင်ငံရေး

ထွန်းနိုင်နောင်
(ရေနံချောင်း)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်သူ**
ဦးဇော်မြင့်ထွန်း (အေဇက်ပုံနှိပ်တိုက်-၁၂၇၄၄)
အမှတ် (၁၁၈)၊ ၄-လမ်း၊
ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန် (သင်းစာပေ) (၀၄၂၃၂)
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ၁၂-ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်**
၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

**တန်ဖိုး**
၁၂၀၀ ကျပ်

**အုပ်ရေ**
၁၀၀၀ အုပ်

**ဖြန့်ချိရေး**
အေဇက်စာပေ
အမှတ် (၂၀၉)၊ ၃၆-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၃၁၀၄၁၄၆၊ ၀၉ ၇၃၀၇၀၂၁၆

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မုန်တိုင်းကြားက စာပေကြယ်တစ်ပွင့်-ဖြိုးထိန် — က

၂။ စာရေးသူ၏ အမှာ — ဆ

၃။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံရေး — ၁

၄။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံသားအရေး — ၁၃

၅။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံရေးသမား — ၂၀

၆။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံရေးအပြောင်းအလဲ — ၂၉

၇။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံသားစိတ် — ၃၆

၈။ တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်နှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၄၅

၉။ စံပြနိုင်ငံရေး လုပ်သားကောင်းများနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၅၄

၁၀။ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်းနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၆၄

၁၁။ ပညာရေးနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၇၅

၁၂။ လူမှုအကျိုးပြု မီဒီယံကလပ်ဖွံ့ဖြိုးမှုနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၈၇

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း — ၉၆


www.burmeseclassic.com

www.burmeseclassic.com

# မှန်တိုင်းကြားက စာပေကြယ်တစ်ပွင့်

တစ်နေ့တွင် ထွန်းနိုင်နောင်ဆိုတဲ့ ကဗျာဆရာလေး လင်းထိပ်သျှင်က ကျွန်တော့်ထံ သူ့စာအုပ်အတွက် အမှာစာ တောင်းခံလာပါသည်။ ကျွန်တော့်မှာ မအားလပ်သော်လည်း ငြင်းပယ်နိုင်စွမ်းမရှိပါ။ သူကား ကျွန်တော်အလေးအနက် အမှန်အမြတ်ထားရသည့် လူငယ်တစ်ဦး ဖြစ်သောကြောင့်ပင်။

သူနှင့် ကျွန်တော် သိကျွမ်းရင်းနှီး ခင်မင်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ သူ့ကို ၂၀၀၀-ပြည့်နှစ်က ကိုကျော်အောင် ထုတ်ဝေခဲ့သည့် ရွှေပြည်တာန်ဂျာနယ်မှာ ကျွန်တော်ဝင်ထွက် သွားလာနေစဉ်ကပင် သိကျွမ်းခင်မင်ခဲ့ရခြင်း ဖြစ်ပါသည်။ ရွှေပြည်တာန်ဂျာနယ်ရပ်တော့လည်း သူနှင့် ကျွန်တော် အဆက်ပြတ်သွားခြင်း မရှိ။ ထိုစဉ်က ထွန်းနိုင်နောင်ကလောင်နှင့် ကဗျာများ ရေးသားနေသည်။ သူ့ကဗျာတစ်ချို့၏ ထက်ရှမှုကို ယခုတိုင် အမှတ်ရနေမိသည်။ မကြာခင်မှာ သတင်းများ ထွက်ပေါ်လာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ လူငယ်များ စုစည်းထုတ်ဝေသော ကဗျာစာအုပ်ကလေးတွင် သူပါဝင်ရေးသားခဲ့ရာမှ သူ့ကလောင် အပိတ်ခံရတော့သည်။ သူ့လိုပင် ပါဝင်ရေးသားခဲ့ကြသော ဆရာမင်းသုဝဏ်၊ မုံရွာအောင်ရှင်၊ လှသန်း စသည့် ကဗျာဆရာများလည်း နောင်အခါတွင် ဘယ်ဂျာနယ် မဂ္ဂဇင်းများမှ ရေးသားခွင့်မရတော့သည့် အကြောင်းကို စိတ်မကောင်းစွာ သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရုတ်ပြည်ယဉ်ကျေးမှု တော်လှန်ရေးကြီးအတွင်းက အစွန်းရောက်အဖြစ်အပျက်များကို သွားသတိရမိပါသည်။ တရုတ်တပ်နီ လူငယ်များသည် တရုတ်ရှေးဟောင်းအမွေအနှစ်များ၊ ဆင်းတုတော် ရုပ်ပွားတော်များ၊ ဂန္ထဝင်စာအုပ်စာပေများကို ဖျက်ဆီးပစ်ကြသည်။ ပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ ကျောင်းဆရာများကို တပည့်လူငယ် ကျောင်းသားတပ်နီများက အမျိုးမျိုး ညှင်းပမ်းနှိပ်စက်ကြပုံ၊ စာရေးဆရာကြီးများအား သူတို့ဝတ္ထုစာအုပ်များ မီးပုံရှို့ပစ်သည်ကို ဘေးမှထိုင်ကြည့်ခိုင်းပုံ။ တချို့ စာရေးဆရာများ စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားကြပုံ၊ အနိဋ္ဌာရုံအဖုံဖုံက ကျွန်တော့်ရင်ကို နာကျင်စေပါသည်။

ယခုလည်း အာဏာရှင် စစ်အစိုးရက သူ့ကို ဆန့်ကျင်သူများအား ငါနှင့်မတူ ငါ့ရန်သူဆိုကာ စာရေးခွင့်ပိတ်ပစ်သည့်ဖြစ်ရပ်မျိုးက ဘယ်လိုမှ လက်ခံနိုင်စရာမရှိသော လုပ်ရပ်ပင်။ စာရေးဆရာ၏ ကလောင်ကို သတ်လိုက်ခြင်းသည် လူကိုပါ သတ်လိုက်ခြင်းမည်ပေ၏။ ယုံကြည်ချက်အတွက် ထွန်းနိုင်နောင်နှင့်အတူ စာရေးဆရာ၊ ကဗျာဆရာများ အဖိနှိပ်ခံခဲ့ရသည့်အဖြစ်မျိုးများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ စနစ်ဆိုးကြီး၌ အမှောင်ထုသည် ပိန်းပိတ်နေ၏။ မုန်တိုင်းထန်နေ၏။ နေရာတကာမှာ တရားမျှတမှု မရှိ။ လူ့အခွင့်အရေး ဆုံးရှုံးရခြင်းနှင့် ထောင်သွင်းအကျဉ်းချခံရခြင်းများ၊ လူမသိ သူမသိ သတ်ဖြတ်ခံရခြင်းများသည် ထိုစဉ်က မြန်မာပြည်၌ နိုင်ငံရေးမြင်ကွင်းပင်ဖြစ်သည်။ မိုးနှင့်လေနှင့် မုန်တိုင်းနှင့်။

သို့သော် သူကား မမှု၊ နောက်မတွန့်သွား၊ စစ်အစိုးရ၏ ဖိနှိပ်မှုကို အန်တုခဲ့သည်။ နိုင်ငံရေးထဲမှာ စီးမျောပါရင်း

www.burmeseclassic.com



လင်းထိပ်သျှင် ကလောင်ကိုထပ်ယူကာ ကဗျာများ၊ စာများ ဆက်လက်ရေးသားခဲ့သည်။ စာပေနယ်တွင်လည်းကောင်း၊ နိုင်ငံရေးနယ်ပယ်တွင်လည်းကောင်း ထန်နေသော နိုင်ငံရေးမုန်တိုင်းလမ်းမှာ ခက်ခဲစွာ ပင်ပန်းကြီးစွာ ကူးခတ်ရင်း ရှင်သန်ထမြောက်ခဲ့သူ။ သူ့အကြောင်းသိသမျှမှာ သူ့ဇာတိက မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ သစ်တာပွေ့ဒိုင်နယ်၊ အောက်တောရရပ်နေဖြစ်ပြီး၊ ဘွဲ့ရပညာတတ်တစ်ဦး ဖြစ်သည်။ ရွှေပြည်တန်ဂျာနယ်တွင် အယ်ဒီတာလုပ်ခဲ့သည်။ ယခုအခါ ရတီမဂ္ဂဇင်းတွင် ကဗျာအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေသူ။ **သူသည် ပွဲကြည့်အတဲခဝ်သမားမဟုတ်။ အချောင်သမားမဟုတ်။ မုန်တိုင်းကို ဆန်ရဲသူ၊ တိုက်ခိုက်ရေးသမား၊ မုန်တိုင်းထဲက စာပေကြယ်တစ်ပွင့်။**

ကျွန်တော့်တွင် စာဖတ်ရာ၌ အကဲဖြတ်ချက်များရှိပါသည်။ ဘာလဲဆိုတော့ စာရေးဆရာတစ်ဦးသည် စာရေးရာ၌ သူ၏ ကိုယ်ပိုင်ဟန်ကို ရပြီလား။ ဘယ်သူ့သြဇာမှ မပါဘဲ စာတစ်ပုဒ်ကို ရေးနိုင်ပြီလား။ ကိုယ်ပိုင်အတွေးအခေါ် အယူ အဆနဲ့ ရေးနိုင်ပြီလား။ မိမိမှာ စာပေရေးသားဖို့ အသင့်အတင့် ဝမ်းစာရှိပြီလား။ ကဗျာတစ်ပုဒ်ဖြစ်စေ၊ ဝတ္ထုတစ်ပုဒ်ဖြစ်စေ၊ ဆောင်ပါးတစ်ပုဒ်ဖြစ်စေ မိမိပင်ထွက်ဖြစ်ရဲ့လား။ ဒါမှမဟုတ်ရင်တော့ ဆက်၍ မဖတ်ချင်တော့။ စာရေးဆရာကိုလည်း အထင်သေးချင်တော့သည်။ စာပေစင်မြင့်ပေါ်သို့ ရောက်ရှိလာကြသူများမှာ အရည်အချင်းပြည့်ဝသူများသာ ဖြစ်သည်။ ဝမ်းစာပြည့်သူများ ဖြစ်သည်။ တော်ရုံတန်ရုံနှင့် စာရေးဆရာ၊ ကဗျာဆရာ မဖြစ်နိုင်။ အချို့က စာတစ်ပုဒ် ကဗျာတစ်ပုဒ်ပါရုံနှင့် စာရေးဆရာ၊ ကဗျာဆရာဖြစ်ပြီဟု ထင်ကြသည်။ ပြည်သူက သတ်မှတ်မှ တည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူက အသိအမှတ်ပြုမှ တွင်ပါသည်။ ပြည်သူဆို သည်ကား စာဖတ်ပရိသတ်များပင်။

တချို့စာရေးဆရာများမှာ မိမိရေးသော စာသည် ဘယ်သူ့အတွက်လည်း ဆိုတာကိုပင် မသိကြပါ။ မြင်းစီး၍ အထီးမှန်း အမမှန်း မသိဖြစ်နေကြသည်။ စာကိုသာ ရေးနေကြသည်သာ ဦးတည်ချက်မှမရှိ။ ရပ်တည်ချက်၊ အမြင်၊ နည်းနာဆိုတာကိုလည်း မသိ။ တချို့လည်း မိမိစာပါရင် ပြီးရောဆိုပြီး ရေးနေကြသည်။ ယနေ့ခေတ်ကား မဂ္ဂဇင်း၊ ဂျာနယ် သတင်းစာများ မျိုးစုံထွက်နေသော ကာလဖြစ်သည်။ စာရေးဆရာများလည်း မှိုလိုပေါက် ပေါ်များနေကြသည်။ ကလောင်တွေက အရောင်စုံ၊ အသွေးစုံ။ ဘာပဲဖြစ်ဖြစ် တော်သူများသာ ထင်ကျန်ခဲ့ကြမည်။ လူထုအသိ အမှတ်ပြုခံရမည်။

ဘာကြောင့်အဲဒီလို နာမည်ရလာသလဲ၊ ထင်ကျန်ခဲ့သလဲ၊ လူထုအသိအမှတ်ပြုခံရသလဲ။ ဒါက ရှင်းပါသည်။ သူ့တွင် ရပ်တည်ချက် ရှိသောကြောင့်ပင်။ ပြည်သူ့ဘက်က ပြည်သူ့အတွက် ရပ်တည်ပေးသောကြောင့် ပြည်သူက အသိအမှတ်ပြုခြင်း ဖြစ်သည်။ သို့သော် ဒီနေရာတွင် ချွင်းချက်အချို့ ရှိသည်။ ကျွန်တော့် အတွေ့အကြုံလေးတစ်ခုကို တင်ပြချင်ပါသည်။ ကျွန်တော်သည် နေ့စဉ်နံနက်တိုင်း လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိပါသည်။ တစ်နေ့နံနက်တွင် ကျွန်တော်တို့မြို့က 'သိန်းငွေအောင် လက်ဖက်ရည်ဆိုင်'တွင် ကျွန်တော်ထိုင်နေစဉ် လူငယ်သုံးယောက် ဝင်ချလာပါသည်။ ခွင့်တောင်း၍ ကျွန်တော့်စားပွဲတွင် ဝင်ထိုင် ကြပါသည်။ လက်ဖက်ရည်မှာရင်း ကျွန်တော့်ကို မိတ်ဆက်ကြ ပါသည်။ ပြီးတော့ သူတို့အထဲမှတစ်ယောက်က စကားစပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးက စာရေးဆရာဆို … ဘယ်နာမည်နဲ့ ရေးတာလဲ။ စာရေးတာ ကြာပြီလား …"

ကျွန်တော်က သူတို့အား ချွေးထွေးစွာပြုံးပြရင်း သူတို့အမေးကို ဖြေလိုက်ပါသည်။

"ငါ့ကလောင်နာမည်က ဖြိုးထိန်ကွ၊ ရေးတာကြာပြီဆိုပါတော့"

"ဦးက ဘယ်မှာရေးတာလဲ … ဦးနာမည်ကို သတင်းစာမှာ မတွေ့ပါလား"

နောက်တစ်ယောက်က ဝင်ပြောသည်။ ကျွန်တော်က သူ့အမေးကို မဖြေဘဲ မေးခွန်းတစ်ခုမေးလိုက်သည်။

"နေဦး … မင်းတို့ကို ငါမေးမယ် … စာရေးဆရာ ဘယ်နှစ်မျိုးရှိသလဲကွ"

"ဟာ ဦးလေးကလည်း အများကြီးပေါ့ …။ စုံထောက်ဝတ္ထုရေး ဆရာ၊ လျှို့ဝှက်သည်းဖို စာရေးဆရာ၊ မှုခင်း၊ စွန့်စားခန်းသိုင်းဝတ္ထုရေးတဲ့ စာရေးဆရာ၊ ဂမ္ဘီရ ရေးတဲ့စာရေးဆရာ၊ သရဲဝတ္ထုရေးတဲ့ စာရေးဆရာ၊ အချစ်ဝတ္ထု …"

"တော်ပြီ … တော်ပြီ … ငါပြောမယ်၊ စာရေးဆရာ နှစ်မျိုးပဲ ရှိတယ်ကွ၊ တစ်မျိုးက ပြည်သူ့ဘက်က ရပ်ရေးတဲ့ စာရေးဆရာနဲ့ နောက်တစ်မျိုးက အစိုးရဘက်က ဖားရေးတဲ့ စာရေးဆရာဆိုတာပဲ။ ငါ့စာတွေ သတင်းစာမှာ မတွေ့ရဘူးဆိုတာ ရှင်းပါတယ်။ သတင်းစာမှာ ရေးနေတဲ့ စာရေးဆရာတွေက အစိုးရဘက်က ဖားရေးတဲ့ ပေါ်လစီ စာရေးဆရာတွေကွ။ ငါက ပြည်သူ့ဘက်က ရပ်ရေးတဲ့ စာရေးဆရာလေကွာ။ ဒါကြောင့် အစိုးရအာဘော်သတင်းစာတွေမှာ ငါ့ကလောင်ကို မတွေ့ရတာ ပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အားရပါးရ ရှင်းပြနေတုန်းမှာပဲ သူတို့တစ်တွေ လက်ဖက်ရည်ဖိုး အမြန်ရှင်းပြီး တစ်ချိုးတည်း လစ်ပြေးကြတော့တာ ပါပဲ။ လူငယ်သုံးယောက် နားငြီးစိမ့်သွားပုံရသည်။ အကြောက် တရားက သူတို့ကို လွှမ်းမိုးထားတာကိုး။ အဲဒီတုန်းက ကျွန်တော့် စကားလုံးများသည် မိုးကြိုးပစ်သံနှင့် နှိုင်းလို့ရမည်ထင်သည်။ အဲဒီလို နဝေတိမ်တောင် လူငယ်စာဖတ်ပရိသတ်မျိုးလည်း ရှိသေး တယ်။ အဲဒီလို နိုင်ငံရေးသံကြားသည်နှင့် ကြောက်ချေးပါသည့် လူငယ်မျိုးလေး ရှိသေးသည်။

ဒီအကြောင်းတွေ ပြန်ပြောင်းတွေးမိနေခြင်းမှာ ထွန်းနိုင်နောင် ၏ **"မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် မြန်မာ့နိုင်ငံရေး"** ဆောင်းပါး ပေါင်းချုပ်ကို ဖတ်ရင်း အတွေးဝင်လာခြင်း ဖြစ်သည်။ နိုင်ငံရေး ဆိုသည့် စကားသုံးလုံးသည် ဟိုတုန်းက လူထုကြားမှာ အကြောက် တရားအဖြစ် ရေပန်းစားခဲ့သည်။ နိုင်ငံတကာအကြောင်း စကားဝိုင်း မှာ တစ်စွန်းတစ်ပါသွားသည်နှင့် တစ်ယောက်က ချက်ချင်းပင် "နိုင်ငံရေးတွေ ပါလာပြီဟော့၊ နိုင်ငံရေးတွေ မပါနဲ့လေ" ဆိုတဲ့ ဟန့်တားသံလိုလို စကားများဖောရောနှင့် ဟာသနှောပစ်လိုက်ကြ တာချည်းပဲ။ နိုင်ငံရေးဆိုသည့် အသံက သွေးလန့်သံလို ဖြစ်ခဲ့ သည်။ ဒါကိုလည်း ထွန်းနိုင်နောင်သည် သူ့ဆောင်းပါး၌ ကျယ် ကျယ်ပြန့်ပြန့် ရှင်းပြရေးသားသွားခဲ့သည်။ နိုင်ငံရေး ဆိုသည်မှာ လူတို့၏နေ့စဉ် လူမှုကိစ္စဖြစ်သည်တဲ့။ သူ့ကိုယ်ပိုင်ဟန် ကိုယ်ပိုင် အတွေး အခေါ်အယူအဆတို့ဖြင့် ယနေ့လက်ငင်း ဖြစ်ပေါ်နေသဲ မြန်မာ့နိုင်ငံရေး မြင်ကွင်းကို သူ့အတွေး၊ သူ့အမြင်၊ သူ့ရှုထောင့်နှင့် သုံးသပ်ရေးသား တင်ပြသွားသည်မှာ စိတ်ဝင်စားစရာကောင်းလှ ပါသည်။ သူ့စာအုပ်ကို ဖတ်၍ အကျိုးအမြတ်ရမည်ဟု မုချ မလွဲပါဟု ထောက်ခံတင်ပြလိုက်ရပါသည်။

ဖြိုးထိန်

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ စံထားထိုက်ဖွယ်ရကောင်းလှသည့် အမူအကျင့် အခြေခံကောင်းများ ရှိနေပေသည်။ ထို့အပြင် ဗုဒ္ဓဘာသာ၏ အနှစ်သာရရှိသော ကျင့်ဝတ်စံနှုန်းကောင်းများလည်း ရှိနေသေး၏။ သို့သော်လည်း အစိုးရများ၊ အုပ်ချုပ်သူများ၏ အနိုင်ကျင့်မှုများနှင့် အဓမ္မဝါဒီ ကြီးစိုးလွှမ်းမိုးမှုကြောင့် အခြေခံကျင့်ဝတ် စံနှုန်းကောင်းများ ယခုအခါတွင် အလုံးစုံပျက်သုဉ်းပြီး ကွယ်ပျောက်သွားလုနီးပါး ရှိနေပြီဖြစ်သည်။ ဤအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် လူမျိုး၍ လူမျိုးပျောက်ရတော့မည်။ အုပ်ချုပ်သူ လူတန်းစားများ၊ အစိုးရအဖွဲ့အတွင်း၌ စစ်ဝါဒီဆန်သော လုပ်ရပ်များ ကြီးစိုးလွှမ်းမိုးနေခြင်းတို့ကြောင့် အမိနိုင်ငံ၏ ပိုင်နက်မြေသည်လည်း တိုင်းတစ်ပါး လူမျိုးခြားတို့၏ စီးပွားရေးအင်ပါယာချဲ့ထွင်မှုထဲ မောင်ပိုင်စီးကာ လက်ညှိုးထိုး ရောင်းစားမှုတို့ကြောင့် ပြုတ်ပြုတ်ပြုန်း၍ ငုတ်တိုတုံးနေပြီဖြစ်သည်။ ပြည်သူလူထုသည်လည်း မွဲပြာကျ၍ လူသားအခွင့်အရေး ဆုံးရှုံးနေရသကဲ့သို့ နိုင်ငံသားစွမ်းအားများလည်း လျော့ကျနိမ့်ပါးနေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူထုအခြေပြု ဆင်းရဲမွဲတေမှုပြဿနာများ၊ ခရိုနီကြီးစိုးမှု အရှုပ်ရှုပ်နှင့် ပဋိပက္ခများ၊ နိုင်ငံရေးအပြောင်းအလဲနှင့် သူရဲကောင်းတို့ သစ္စာဖောက်ဖြစ်အောင် လုပ်၍ သစ္စာဖောက်က သူရဲကောင်းဖြစ်အောင်လုပ်နေသည့် နိုင်ငံရေး အခင်းအကျင်းမျိုးဖြင့် သမိုင်းထောင်ချောက်ဆင်ထားနေ၏။ ထိုသို့သော နိုင်ငံ၏ အုပ်ချုပ်ရေးအသာစီးရလိုမှု မသမာနည်းများ၊ ဒီမိုကရေစီဟူသော ပြည်သူ့အာဏာအား မျက်ကွယ်ပြုခံရသော ပြည်သူလူထု၏ လူမှုဘဝဆင်းရဲနိမ့်ကျမှုအပေါ် ခရိုနီစီးပွားရေး အာဏာရှင်များ၏ နိုင်ငံရေးအသုံးချကစားခွင့် အသာစီးရနေခြင်းတို့ကြောင့် ယခုစာအုပ်ပါဆောင်းပါးများကို ရေးသားဖြစ်ရန် အတွေးစိတ်ကူးမြစ်ဖျားခံခဲ့ပေသည်။ ဤနည်းတူစွာ စာပေအနုပညာ အစ်ကိုတော် အယ်ဒီတာစာရေးဆရာ နွယ်ဦးလှိုင်၏ Reporter ဂျာနယ်၌ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့စဉ်က စာရေးသူအား တိုက်တွန်းရေးသားစေခဲ့မှုကြောင့်လည်း ရေးသားဖန်တီးဖြစ်ခဲ့သည်မို့ ကျေးဇူးကြီးလှသည်ဟု ဂါဝရပြု ညွှန်းဆိုချင်ပါသည်။ ထို့အပြင် စစ်အာဏာရှင်ကြီးစိုးအုပ်ချုပ်မှုလက်အောက်ခံ စာပေစိစစ်ရေး၏ အပိတ်ပင်ခံရသည့် စာပေလောက စတင်ဝင်ရောက်ခဲ့သော မူလစာပေအနုပညာ ကလောင်အမည် ထွန်းနိုင်နောင် (ရေနံချောင်း) ဖြင့်သာရေးသားစေဖို့ အနုပညာအစ်ကိုတော် အယ်ဒီတာ စာရေးဆရာနွယ်ဦးလှိုင်၏ တောင်းဆိုမှုကလည်း စာရေးသူဘဝ၏ အမှတ်တရအရှိလှဆုံး အကြောင်းတရားတစ်ခုလည်း ဖြစ်နေပေသည်။ ဤကဲ့သို့ပင် ယခုစာအုပ်ကို ညီရင်းအစ်ကိုပမာ နိုင်ငံရေးသွေးနီး စိတ်ထားဖြင့် ထုတ်ဝေပေးသည့် အေဇက်စာပေအိမ်မှ ပန်းချီဆရာ၊ စာရေးဆရာ ကိုမြင့်ဝင်းမောင်၏ စာပေစေတနာ ဂုဏ်ကျေးဇူးအား ဂါဝရပြုကြောင်း ဆိုချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လူ့အဖွဲ့အစည်းအတွက် ယုံကြည်မှုနှင့် စိတ်ဓာတ်ခွန်အား၊ စိတ်နှလုံးသား လှုပရှားစင်မှုနှင့် သမိုင်းရှင်သန်မှုတို့ကို စာရေးသူ၏ ယခုစာအုပ်ပါ ဆောင်းပါးများအား ဖတ်ရှုခြင်းကနေ ဉာဏ်အလင်းပွင့်ကာ အသိတရား မွေးဖွားပေးနိုင်ခဲ့လျှင်ပင် စာပေအနုပညာ ဖန်တီးရကျိုးနပ်ပါသည်ဟု စာရေးသူအနေဖြင့် ယုံကြည်မျှော်လင့်ခြင်းစကား ဆိုချင်ပါသည်။ ထို့အပြင် နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီစနစ်ဆိုးတို့လက်အောက်၌ ခေါင်းမထောင်လောက်အောင် လူ့စွမ်းအား အရင်းအမြစ် ဆုံးရှုံးခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်းသည် အတွေးမှန်၊ အမူအကျင့်မှန်တို့ဖြင့် အသိဉာဏ်ပညာမြင့်မားသော ပညာတတ်လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ကာ ပို့စ်မော်ဒန်နိုင်ငံရေး အပြောင်းအလဲနှင့် ဗဟုဝါဒ ထွန်းကားလာသော လစ်ဘရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်အား မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ လက်တွဲ၍ အမြန်ဆုံးတည်ထောင်နိုင်ပါစေဟု စာရေးသူ ဆန္ဒပြုလိုက်ပါတော့သည်။

ထွန်းနိုင်နောင် (ရေနံချောင်း)

www.burmeseclassic.com

## မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံရေး

ကျွန်ုပ်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုဆက်ဆံရေး နယ်ပယ်၌၊ နိုင်ငံအတွင်းရှိ လူမှုဆက်ဆံရေးနယ်ပယ်၌ နိုင်ငံရေး ဆိုသည့် အခါမှာရော၊ နှစ်ကိုယ်ကြား ကြားရုံမျှ ပြောဆိုကြသည့် အခါမှာရော၊ ကြောက်စရာ၊ လန့်စရာအရာဟု စွဲထင်မှတ်ယူနေကြ တာ သိရှိရတော့ အတော်ရင်လေးစရာ ကောင်းလှ၏။

**'နိုင်ငံရေး'** ဟု ဆိုလိုက်သည်နှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းတို့၊ အတိုက်အခံ အင်အားစုတို့၊ ကျောင်းသားထုတို့ကိုသာ တစ်ဖက် စောင်းနင်း လူ့အဖွဲ့အစည်းအတွင်းမှာ မှတ်ထင်ယူကြသည်က များ၏။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် သမိုင်းအကျေ့၊ မျိုးဆက် အရွေ့များဟု မရှုမြင်ကြဘဲ ကာလယန္တရားပေါ်တွင် အဓိက ထောက်တိုင်များဖြစ်ကြသည့် အဖွဲ့အစည်းတိုင်း နှုတ်ဆိတ်နေခဲ့ခြင်း ကား မျိုးဆက်ကွာဟမှုနှင့် သမိုင်းဆိတ်သုဉ်းခြင်းမှ လူသားအချင်း အမြစ် ပြုန်းတီးစေသည့် ပြယုဂ်ဆိုးကြီးသာ အဖတ်တင် ကျန်ရစ် ခဲ့လေသည်။

www.burmeseclassic.com



အမှန်တကယ်တွင် နိုင်ငံရေးဆိုသည့် စကားရပ်ကို အစွဲကင်းကင်း အမြင်ရှင်းရှင်း အဓိပ္ပာယ်ဖွင့်ဆိုတတ်ဖို့လိုသလို မြင်သူကြည့်သူဘက်က ဝိရောဓိမဖြစ်ဖို့လည်း အရေးကြီးလှသည်။ နိုင်ငံသားတိုင်း မည်သည့်နိုင်ငံ ရေးအခန်းကဏ္ဍ၌ ပါဝင်ကြရမည်ကို သိရှိထားရမည်ဖြစ်ပါသည်။ ဤသည်က မွေးရာပါ နိုင်ငံသားအခွင့်အရေးတစ်ရပ်ပင် ဖြစ်၏။ ထိုအကြောင်း အခြင်း အရာကို ကျွန်တော်တို့ မျိုးဆက်သစ် မြန်မာလူမျိုးတိုင်း သိထားအပ်ဖို့ အချိန်တန်ပြီဟု ထင်မြင်ယူဆမိပါသည်။ သို့မဟုတ်က လူမျိုးလည်းတုံး၊ တိုင်းပြည်လည်းသုဉ်း၊ ကြွင်းလည်းရှုံးမည်မှာ ကေန်မုချပင်။

မြန်မာ့လူ့အဖွဲ့အစည်း၌ အဓိက အားနည်းချက်များကို စာရေးသူအနေဖြင့် ရှာဖွေတွေ့ရှိရသည်က **ဆင်ခြေဆင်လက်များနှင့် ကြောက်စိတ်များ** ကြီးစိုးလွှမ်းခြုံနေခြင်းပင် ဖြစ်သည်။ ထိုအခြင်းအရာတို့ကြောင့် ကိုယ်တိုင်ရပ်တည်မည့်ဘက်ကို မှန်ကန်အောင် ရွေးချယ်တတ်ခြင်း မရှိကြပေ။ ရေလိုက်သင့်၊ ငါးလိုက်သင့် ပေါင်းသင်းဆက်ဆံရေးနည်း၊ ချော်လဲရောထိုင်သည့် အမူအကျင့်များ ပြည့်နှက်နေသည့် ရောရောယောင်ယောင် မောင်ဘမောင်တို့က များလှ၏။ **'မျှော်လိုက်လူ့အဖွဲ့အစည်း'**ဟု ဆိုလျှင်ရ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ငယ်ငယ်တုန်းကနေ အခုထိ လူ့အဖွဲ့အစည်းတွင်းမှာ အရိုးစွဲလက်သုံးစကားအဖြစ် ပြောဆိုနေကြသည့် **'ဘယ်သူပဲတက်တက် ဘယ်သူပဲအုပ်ချုပ်အုပ်ချုပ် ကျွဲနှစ်ကောင်ခတ်သည့်အကြား မြေစာပင်ပဲ အနင်းခံရတာချည်း မဟုတ်လား'** ဟုဆိုသော စကားစုကို အခုထက်ထိ လက်သုံးစကားအဖြစ် သုံးစွဲနေကြခြင်းကြောင့် ဖြစ်သည်။ လွတ်လပ်ပြီးခေတ်၊ ပါလီမန်ခေတ်၊

www.burmeseclassic.com



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၊ စစ်အစိုးရခေတ်မှသည် မျက်မှောက်ခေတ် ဒီမိုကရေစီ အရပ်သားအစိုးရလက်ထက်အထိ 'အမြှောင်ကြိုက်သူ၊ အချောင်လိုက်သူများ'၊ သာကူးညာထူး နိုင်ငံရေးသမားများ၊ ပေါ်ပြူလာဖြစ်ချင်သူများ အရပ်စကားမှာ တာစားလျက်ရှိနေဆဲပင် ဖြစ်သည်။ ထိုအခြင်းအရာတွေကြောင့် မြန်မာ့လူ့ဘောင်ယန္တရားအရွေ့ လှိုင်းကြား၌ သမိုင်းအကွေ့ကား ခက်ခဲပြင်းထန် ကြမ်းတမ်းစွာ ကျော်လွှားဖြတ်သန်းခဲ့ရသည်။ မြန်မာလူ့အဖွဲ့အစည်းသည် 'အကာ' ကိုသာ ကြည့်တတ်လေ့ရှိပြီး 'အနှစ်' ကို လျစ်လျူပြုတတ်လေ့ရှိ၏။ တံဆိပ်ကိုသာပဲ ကြည့်ပြီး အရာရာတိုင်း၌ ရွေးချယ်တတ်လေ့ရှိကြ၏။ ကွန်မြူနစ်ဆိုရင် နစ်လိုက်ကြတာ။ ဆိုရှယ်လစ်ဆို လစ်လိုက်ကြတာ။ ဒီမိုကရေစီဆို ဒီမိုကရေစီလိုက်ကြတာ။ ထိုအချက်ကို ထောက်ကြည့်ရင်ပဲ သံယောင်လိုက်နိုင်ငံရေးပုံစံက အခုထိပင် အရှိန်မပျက် လူ့အဖွဲ့ အစည်းအတွင်း ရှိနေကြသည်ကို တွေ့ရ၏။ ဤသည်ကား ခြတောင်ပို့စွဲနေသည့် သစ်ပင်တစ်ပင်အလားသဏ္ဌာန် မြန်မာ့ လူ့အဖွဲ့အစည်းသည် ဆုတ်ယုတ်ပျက်စီး ယိုယွင်းနေခြင်းပင် ဖြစ်၏။

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းမှ နယ်ပယ်စုံ၊ အလွှာစုံ တို့တွင် 'မိုးမိုးစိတ်များ' ကျယ်ပြန့်စွာ အမြစ်တွယ်တည်ရှိနေကြောင်း တွေ့ရသည်။ အမိ၊ အဖ၊ ညီအစ်ကို၊ မောင်နှမအကြား၌ ကိုယ်ကျိုး ဘဝကိုယ် လွတ်မြောက်ရေလမ်းကို စွန့်စားရှာဖွေသူ နည်းလှသည်။ 'ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး' ဆိုသည့် ပွင့်လင်းလူ့အဖွဲ့အစည်း တစ်ရပ်ကို ဝိပြင်စွာ ရပ်လုံးဖော်ဖို့ ယခုလို ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေသည့် ကာလအတွင်း အလွန်လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖွဲလန့်တုန်း ဖျာခင်း' ဆိုသော စကားရပ်သည် ပိတ်မိနေသည့် လူ့အဖွဲ့အစည်းအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုရမည်။ ထိုသို့သော စိတ်ဓာတ်မျိုးသည် အခွင့်အရေးရပြီ ဆိုတာနှင့် အလစ်အငိုက် ချောင်းမြောင်းဖမ်းတတ်သည့် ကျားသတ္တဝါ တစ်ကောင် ပမာပင်။ အခြေခံစိတ်ဓာတ်မှသည် မိမိကိုယ်ကိုယ် တန်ဖိုးထားတတ်သည့် စိတ်ထားတတ်လာအောင်၊ အမျိုးသားရေး စိတ်ဓာတ်မှသည် တိုင်းပြည်ချစ်စိတ် မွေးဖွားတတ်လာအောင်၊ ပရော်ဖက်ရှင်နယ် စိတ်ဓာတ်မှသည် ဒီမိုကရေစီစိတ်ဓာတ် ရင့်ကျက်စွာ မွေးမြူတတ်လာအောင် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်း သစ်တွင် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ထိန်းကျောင်း ပြုပြင် ပေးပြီး လူ့ယဉ်ကျေးတို့ ထွန်းကားရာ ကမ္ဘာတစ်ခု တည်ဆောက် ကြရမည် ဖြစ်သည်။ သို့မဟုတ်က 'အနာနှင့်ဆေး ကုထုံးလွဲသည့် ပုံပမာ၊ ခုတ်ရာတခြား ရှရာတလွဲ' ဆိုရိုးစကားနှယ် လူ့အဖွဲ့အစည်း အတွင်း ယိုယွင်းပျက်စီးခြင်းကား ထိန်းမနိုင် သိမ်းမရ ဖြစ်လာချေ မည်။ တိုင်းပြည်အနာဂတ်အတွက် လွတ်လပ်ရေး ဗိသုကာကြီး၊ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် 'ဖာသည် နိုင်ငံကြီး' အဖြစ် ကျရောက်သွားမည် ဖြစ်ပေသည်။

'နိုင်ငံရေးဟူသည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည် လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာကြခြင်း ဖြစ်ပေ၏' ဟူသည့်စကားရပ်နှင့် နိုင်ငံရေးသဘောအမှန်မှာ ကျွန်ုပ် တို့ လူသားတို့နှင့် မတန်မရာ မြင့်မားလွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်းမဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရ

www.burmeseclassic.com

www.burmeseclassic.com



ခရီးလည်းမဟုတ်၊ ဘယ်သူသေသေ ငေတမာရင်ပြီးရော စိတ်ဓာတ်နှင့်လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပေါ်လျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စလျှင် ဖြစ်ပေ၏။ အတိုချုပ်ရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်ဟူသည့် စကားရပ်တို့သည် 'နိုင်ငံရေး' နှင့် ပတ်သက်၍ မိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော စကားစုများဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံရေး၏ အနှစ်သာရနှင့် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးတို့ကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ဖို့ အားထုတ်ကြိုးပမ်းရွက်ဆောင်ကြရပေတော့မည်။

နိုင်ငံတစ်ခု၏ အဓိကကျသော အုပ်ချုပ်ရေးမဏ္ဍိုင် စသည့် အဆောက်အအုံများ ယိုယွင်းပျက်စီးနေခြင်းသည်ကား အနာဂတ်ကို အမှောင်တိုက် သွင်းပစ်ခြင်းဖြစ်သလို ကိုယ့်မျိုးဆက်ကို ကိုယ်ကိုယ်တိုင် မျိုးတုံးသတ်ဖြတ်နေခြင်းပင်ဖြစ်၏။ ကမ္ဘာ့သမိုင်းဓာတ်ခုံပေါ်တွင် ရာဇဝင်ဆိုးများကို ရေးခြစ်ခဲ့ကြသည့် အာဏာရှင်တိုင်းသည် ဘဝနေဝင်ချိန် ဓာတ်သိမ်းမလှခဲ့ကြပေ။ ဟစ်တလာ၊ စတာလင်၊ ချောင်းဆက်စကူး၊ ခမာနီခေါင်းဆောင် ပိုပေါ့၊ လစ်ဗျားခေါင်းဆောင် ကဒါဖီတို့၏ နောက်ဆုံးဘဝခရီးမြင်ကွင်းမှာ ကျွန်တော်တို့ မျိုးဆက်သစ်မြန်မာများသည် သမိုင်းသင်ခန်းစာ ယူကြရမည်ဖြစ်သည်။ မျက်မှောက်ခေတ် အရှေ့ကာလ၌ အာဏာလက်ကိုင်ပြုထားသည့် အဖွဲ့အစည်းနှင့် အတိုက်အခံ အင်အားစုအဖွဲ့အစည်းများသည် တိုင်းပြည်နှင့် လူမျိုးအပေါ် ထောက်ချင့်ရှုစားပြီး

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းကြောင်း အစဉ်အလာများကို အခြေပြုကာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသင့်ကြပြီဟု ဆိုချင်ပါ၏။ ထိုအခါ နိုင်ငံရေးဖြစ်စဉ်များထဲတွင် ပါဝင်နေကြသည့် အင်အားစုများ အချင်းအချင်း ညီညွတ်စုစည်းကာ တွေ့ဆုံဆွေးနွေးခြင်း စကားဝိုင်းမှသည် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို ခိုင်မာစွာ တည်ဆောက်နိုင်မည် ဖြစ်သည်။ အချို့သောသူများက ဒိုင်ယာလော့ခ် နိုင်ငံရေးဖြေရှင်းနည်းကို အလုပ်မဖြစ်။ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်ပြီး အကျိုးရလဒ် မထူးခြားဟု ဆိုကြသည်။ ဤသည်ကား မှားသည်ဟု စာရေးသူက ဆိုချင်ပါ၏။ ဒိုင်ယာလော့ခ် နိုင်ငံရေးတည်ဆောက်မှု အားကောင်းသည့် တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုများ ရရှိလာကာ **'အဓိက မောင်းနှင်သူများ'** (Main Driver) ပေါ်ထွက်လာမည်ဖြစ်ပြီး (New Player) များ၏ အခြေခံလှုပ်ရှားမှုမှာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခု၏ အသွင်သဏ္ဍာန် ပီပြင်အောင် ရုပ်လုံးဖော်ဆောင်နိုင်မည်ဖြစ်သည်။ (Local Figure) မှသည် (International Figure) များ၏ တစ်ဦးချင်းစွမ်းရည်များထက် ပြတ်တောက်မှုကို အထင်သား မြင်တွေ့ရမည်ဖြစ်သည်။ နောက်ပြီးတော့ နှစ်ပေါင်းတစ်ရာကျော်မျှ သူ့ကျွန်ဘဝကျရောက်ခဲ့သလို နှစ်ပေါင်းလေးဆယ်ကျော် အာဏာရှင် အစိုးရလက်အောက် (ခ) စစ်အစိုးရလက်အောက် ကျရောက်ခဲ့ရသည့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အရိုးစွဲနေသော အကြောက်တရားကြီးစိုးမှုနှင့် အကျင့်ဆိုးများအား ပြုပြင်ပြောင်းလဲခြင်းအတွက် အကျိုးရှိစေမည် ဖြစ်ပေသည်။

ခေတ်တစ်ခေတ်ကို ဖြတ်ကျော်ရမည့် လူ့အဖွဲ့အစည်းတစ်ရပ် (ခ) နိုင်ငံတစ်နိုင်ငံသည် ဦးဆောင်မှုကောင်းသည့် ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းများ ရှိဖို့လိုသည်။ ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွန်းလာဖို့ဆိုသည်မှာ အလွန်ခက်ခဲသည့်အရာပင် ဖြစ်သည်။ နှစ်ရှာချီစောင့်ရသည်။ ရချင်မှလည်း ရမည်။ သေချာနေရာသည့် အရာမဟုတ်ပေ။ ထိုအကြောင်း အခြင်းအရာသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာနှင့်ဆိုင်သည်ဟု ပြောရချေမည်။ ခေါင်းဆောင်ကောင်း တစ်ယောက်၏ ထူးခြားသည့် အသွင်သဏ္ဍာန်လက္ခဏာရပ်များမှာ ဉာဏ်အမြော်အမြင် (Intelligence)၊ ပညာအရည်အချင်း (Scholarship)၊ တာဝန်များ ထမ်းဆောင်ရာ၌ မှီခိုအားထားနိုင်မှု (Depenability in exercising Responsibility)၊ လှုပ်ရှား တက်ကြွရှိမှုနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်မှု (Acitivity & Social Participation)၊ လူမျိုးစီးပွားရေး ဘဝအဆင့်အတန်း (Soco Economic Status)၊ လူမှုရေးနားလည်မှု (Sociability)၊ ပင်ကိုအစွမ်းအစ (Initative)၊ ခွဲနပဲကြိုးမှု (Persistence)၊ အလုပ်တွင်ကျယ်မှု (Knowing how to get things done)၊ ကိုယ့်ကိုယ်ကိုယုံကြည်မှု (Self-Confidence)၊ အခြေအနေများကို နိုးကြားထွင်းဖောက်မြင်သိမှု (Alertness to and insight into situation)၊ အများနှင့်ပူးပေါင်းမှု (Cooperativeness)၊ ရေပန်းစားမှု (Popularity)၊ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မှု (Adaptability) နှင့် နှုတ်ရေးတတ်ကျွမ်းမှု (Vetbal Facility) စသည့် ဂုဏ်အင်္ဂါ လက္ခဏာရပ်များပင်ဖြစ်ကြောင်း လေ့လာဖတ်ရှုသိရှိရသည်။

"ကျွန်တော်တို့ဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ်တိုင် ဦးဆောင် နိုင်စွမ်းမရှိသေးတဲ့အခါ ခေါင်းဆောင်ကိုတော့ ရွေးချယ်ရ မှာပါ။ အဲဒီအခါမှာ ခေါင်းဆောင်ကောင်းကို ရွေးချယ်ဖို့တော့

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပါတယ်။ ဒါကြောင့် ခေါင်းဆောင်ကောင်းဆိုတာ ဘယ်လို ပုံသဏ္ဌာန်ရှိတတ်သလဲ လေ့လာမှတ်သားထားသင့်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်ချင်ရင် ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံပြီး လက်ရှိခေါင်းဆောင်တွေထက် တိုင်းပြည်ကောင်းအောင် ရှုပ်ရှုပ်ချုံချုံလုပ်ကြပါ" ဟု လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်ကောင်း တစ်ယောက်၏ အသွင်သဏ္ဌာန်ကို မိန့်ခွန်း၌ ထည့်သွင်းပြောကြား သွားသည်။ ထို့အပြင် ပြည်သူများ၏ အရေးပါလှပုံကိုလည်း **"ပြည်သူတွေရဲ့ အကျိုးကို တကယ်ကာကွယ်မဲ့သူဟာ ပြည်သူ တွေပါပဲ၊ ဒါ့အပြင် လူတွေဆို ဒီလောက်မဖြစ်နိုင်ဘူး"** ဟု မိန့်ခွန်း ခြွေခဲ့သည်။

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီ လူ့အဖွဲ့ အစည်းသို့ ဦးတည်ရွေ့လျားနေပြီဖြစ်ရာ ဒီမိုကရေစီ၏ အနှစ်သာရ ကို သိရှိဖို့လိုပေသည်။ ဒီမိုကရေစီဆိုသည်မှာ အစိုးရတစ်ရပ်၏ အုပ်ချုပ်မှု ပုံစံယန္တရား သက်ဝင်လှုပ်ရှားနေမှုကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် နည်းနာလုပ်ထုံးများက အဆုံးအဖြတ်ပေးသည်။ သို့သော် ဒီမိုကရေစီနိုင်ငံ တစ်ခုမည်သည် အစိုးရတစ်ရပ်သည် သဘာဝ တရားရေးရာနှင့် အယူအဆရေးရာ မတူကွဲပြားခြားနားသည့် အသင်း အဖွဲ့များ၊ အတိုက်အခံနိုင်ငံ ရေးပါတီများနှင့် အခြားအင်အားစုများ၊ လူမျိုးစုတိုင်းရင်းသား အင်အားစုများတို့အတူ ယှဉ်တွဲနေထိုင်သော လူမှုအဆောက်အအုံထဲမှ ပင်မရေသောက်မြစ်အဖွဲ့တစ်ခု ဖြစ်ပေ သည်။ ထိုအဆောက်အအုံ၏ ရပ်တည်မှုနှင့် နိုင်ငံရေးအစီအစဉ်ကဏ္ဍ၌ ပါဝင်ပတ်သက်မှုသည် အစိုးရအပေါ် မှီခိုကင်းလွတ် ရှိနေသည်။ ဤအချက်သည်ပင် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်းရှိ ဗဟုဝါဒ

www.burmeseclassic.com

www.burmeseclassic.com



စနစ်၏ အရည်အသွေးပိုရှိလာမှု သရုပ်သကန် ပေါ်လွင်လာစေမည် ဖြစ်သည်။

လူ့အဖွဲ့အစည်းဟု ဆိုလိုက်သည်နှင့် ယဉ်ကျေးမှုအခန်းကဏ္ဍကလည်း ယှဉ်တွဲလျက် အရေးပါလှ၏။ နေရာဒေသတစ်ခုအတွင်း ယဉ်ကျေးမှုဓလေ့ထုံးစံဖြင့် အတူတကွ ပေါင်းစည်းနေထိုင်ကြသည့် လူအစုအဝေးတစ်ခုကို လူ့အဖွဲ့အစည်း (Society) ဟု ခေါ်ဆိုကြောင်း ဖတ်ရှုသိရှိရသည်။ နိုင်ငံတစ်ခုအတွင်း အခြေချနေထိုင်ကြသည့် လူမျိုးတစ်မျိုး (သို့မဟုတ်) လူ့အဖွဲ့အစည်းတစ်ခု၏ လူမှုဘဝနေထိုင်မှုပုံစံများအား စံတန်ဖိုးများ၊ ယုံကြည်မှုများ၊ အပြုအမူများနှင့် ရုပ်ဝတ္ထုပစ္စည်းများက ပေါင်းစုပုံဖော် ဖန်တီးပေးခြင်းကို ယဉ်ကျေးမှုဟု ခေါ်ဆိုကြောင်း ဖတ်ရှုလေ့လာသိရှိရပါသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်း၏ သမိုင်းစံတန်ဖိုးနှင့် ယဉ်ကျေးမှု စံတန်ဖိုးများအား ကမ္ဘာ့တိုင်းနိုင်ငံများထက် သဘာဝတရားကပင် များစွာတန်ဖိုးရှိစေသည့် ဂုဏ်ရည်ကောင်းများ ပေးထားသည်။ ဤအချက်ကို ကျွန်တော်တို့ မြန်မာပြည်သူပြည်သားများက အလေးအနက်ထားကာ သိရှိဖို့လိုအပ်လှ၏။ ထို့အပြင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အနာဂတ်ကို ရှေ့ဆောင်ပံ့များ တပ်ဆင်ပျံသန်းကြမည့် မျိုးဆက်သစ်များသည် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နှင့် အချိန်ကာလအပေါ် မှီတည်၍ ထမ်းပိုးရွက်ဆောင်ကာ အရှေ့ဦး ရှေ့တတ်ဖို့ လိုအပ်၏။ ထို့အတူ အကွေ့၌လည်း ကွေ့တတ်ဖို့ လိုအပ်သည်။ ပြည်သူလူထု၏ လက်ထဲ၌သာ အာဏာကို အပ်နှင်းထားပြီး ပြည်သူလူထုက အာဏာကို တိုက်ရိုက်အသုံးပြုနိုင်သလို လွတ်လပ်သောစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသည့် လူထုကိုယ်စားလှယ်များက

www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲသည့် ပြည်သူလူထု၏ အစိုးရမည်တည်ခြင်းအား ဒီမိုကရေစီ၏ အဆောက်အအုံ အသွင်သဏ္ဌာန်ပင် ဖြစ်သည်။ ရှေ့ခေတ် အေသင်မြို့ရှိ ပယ်ရီကလိစ် (Perciles) မှသည် ခေတ်သစ်ချက်ကို စလိုဗက်ကီးယားနိုင်ငံမှ ဗက်ကလက်ဟောဗယ် (Veclav Havel) အထိ၊ ၁၇၇၆-ခုနှစ်က သောမတ်ဂျက်ဖာဆင် (Thomas Jefferson) ၏ လွတ်လပ်ရေး ကြေညာစာတမ်းမှသည် ၁၉၈၉-ခုနှစ်က နောက်ဆုံးမိန့်ခွန်းပြောကြားခဲ့သည့် အင်ဒရေးဇက်ကရောဗ် (Andreizakharov) အထိ အင်အားကြီးမားလှသော ဒီမိုကရေစီသဘောသည် လူသားတို့၏ လိုအင်ဆန္ဒနှင့် ပညာဉာဏ်စွမ်းကို အုံကြွနိုးကြားလာစေသည်ဟု လေ့လာဖတ်ရှုသိရှိရ၏။

လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးသည် ယှဉ်တွဲလျက်ရှိသည်ကို ပြည်သူ လူထုက သိရှိဖို့လိုသည်။ သို့မှသာ နိုင်ငံရေးဖြစ်စဉ်သည် မိမိတို့နှင့် တိုက်ရိုက်ပတ်သက်နေသည်ကို သိရှိမည်ဖြစ်၏။ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းစဉ်နှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များဆိုသည့် အုပ်ချုပ်သူ အစိုးရအလွှာနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများက အပြုသဘောဖြင့် စီမံကိန်းအကွက်ချ ဖော်ဆောင်သော်ငြားလည်း အခြေခံလူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် လူသားအရင်းအမြစ်များကို မသိရှိလျှင် ထိရောက်မှုမရှိနိုင်ပေ။ ထို့အတူ ပြောင်းလဲမှုဖြစ်စဉ်၌ ပြည်သူလူထု၏ စွမ်းအား (ခ) အင်အားမပါလျှင် မဖြစ်နိုင်ပါ။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က…

"ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေဟာ ပြည်သူတွေနဲ့ နိုင်ငံကို တိုး တက်စေချင်တယ်။ ဒါပေမဲ့ ကျွန်မတို့ယုံကြည်တဲ့စနစ်ဟာ ဒီမိုကရေစီစနစ်ပဲ။ ဒီမိုကရေစီဆိုတဲ့ အဓိပ္ပာယ်ကို တိုတိုပြောရင် ပြည်သူ့ရဲ့အင်အား၊ ပြည်သူရဲ့သြဇာပေါ့။ ဒီတော့ ကျွန်မတို့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ် ကြွယ်ဝမှုကား အင်မတန်ပင် အတုယူစရာကောင်းလှသကဲ့သို့ လွန်စွာကြောက်ရွံ့စရာလည်း ကောင်းလှပေသည်။ အကြောင်းကား စစ်ခေါင်းဆောင်အများစုကား အသိဉာဏ်ပညာဆိုင်ရာနိမ့်ပါးပြီး အတွေးအခေါ် စဉ်းစားမှု ကင်းမဲ့ကြသူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ အရာရာကို စစ်ရေးအမြင်နှင့် အမှားအမှန်ခွဲခြားမမြင်နိုင်ပဲ ဆုံးဖြတ်တတ်ကြခြင်းကြောင့်လည်းကောင်း၊ အတိုက်အခံနိုင်ငံရေး အင်အားစုများနှင့် တိုင်းရင်းသား လူမျိုးစုများအပေါ် ဟာသ်ာကိုသောင်း ပျက်ပုံပမာနည်းတူ ဓာတ်တူသား စားနေကြခြင်းကြောင့်လည်းကောင်း၊ **၄င်းတို့၏ နိုင်ငံတော်အာဏာလက်ဝါးကြီးအုပ် ထိန်းချုပ်ထားမှုကား နိုင်ငံတော်တစ်ခုပျောက်ဆုံးခြင်း (ဝါ) နိုင်ငံတော်တစ်ခု သေဆုံးခြင်းဆီသို့ ဦးတည်နေသည့် လုပ်ဆောင်ချက်များဟု စာရေးသူဆိုချင်ပါသည်။**

ထို့ကြောင့် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် စနစ်တစ်ခုပြောင်းလဲတည်ဆောက်ခြင်းပဲဖြစ်ဖြစ်၊ နိုင်ငံတော်သစ်တည်ဆောက်ခြင်းပဲဖြစ်ဖြစ် ခေတ်၏လိုအပ်ချက်အရ၊ ပြည်သူလူထု၏ တောင်းဆိုမှုအရ နိုင်ငံရေးစေတနာကောင်းများနှင့် ရှက်ဆောင်ပေးကြရန်အချိန်ကာလ ရောက်ရှိနေပြီဟု စာရေးသူ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းနှင့် စစ်အာဏာရှင်ဟောင်းတို့၏ သံဝေဂယူစရာ ဘဝနိဂုံး အဆုံးသတ်ပုံများကို မျိုးဆက်သစ်မြန်မာ့စစ်ခေါင်းဆောင်များက သမိုင်းသင်ခန်းစာယူ၍ နိုင်ငံရေးအခင်းအကျင်းအသစ်အား ဦးဆောင်ပုံဖော်သင့်သည်ဟု စာရေးသူထင်မြင်မိပါသည်။ ဤသို့မဟုတ်က မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသည်ကား အလွန်တရာမှ အတိမ်းအစောင်းမခံနိုင်သော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် နိုင်ငံတစ်ခု၊

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတစ်မျိုး ပျောက်ဆုံးခြင်းဆီ မျက်တောင်တစ်ခတ်အတွင်း ချန်ဆင်းရောက်ရှိတော့မည်ဖြစ်ရာ မြန်မာ့သမိုင်းဖြစ်စဉ်တွင် အပြတ်သားဆုံးနှင့် အခိုင်မာဆုံး နိုင်ငံရေးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံသူ နိုင်ငံသားများ အပါအဝင် အတိုက်အခံ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာစစ်ခေါင်းဆောင်တို့က စစ်မှန်သည့် နိုင်ငံရေးနည်းလမ်းသုံးကာ ချစ်ကြည်စုပေါင်းပြီး အတူတကွ ချမှတ်ကြရတော့မည် ဖြစ်သည်။ သို့မှသာလျှင် မြန်မာ့နိုင်ငံရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ အနာဂတ်လူမှုဘဝ အာမခံချက်ကား တည်ငြိမ်အေးချမ်း ခေတ်မီဖွံ့ဖြိုးပြီး လူစွမ်းအားအရင်းအမြစ်အားကောင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်လှစ်ကာ ခံစားခွင့်ရရှိနိုင်မည် ဖြစ်သည်။

သမိုင်းအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ယဉ်ကျေးမှုတို့အပေါ် အခြေပြုလေ့လာဆန်းစစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းနှင့် လျော်ညီမှန်ကန်ကောင်းမွန်သည့် စနစ်တစ်ခုအား အကောင်အထည်ဖော် တည်ဆောက်ကြရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံရေး အသစ်တည်ဆောက်သည့်အခါ၌ ပြည်သူလူထုအသံ အခြေခံရန် အထူးလိုအပ်သည်။ စစ်မှန်သောနိုင်ငံရေးအခင်းအကျင်းကို မွေးဖွားပေးနိုင်မည့် နိုင်ငံရေးသမားကောင်းများ ထုနှင့်ထည်နှင့် အင်အားကြီးမားစွာ တည်ရှိရန်တို့ လိုအပ်မည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသည့် အတိုက်အခံ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာစစ်ခေါင်းဆောင်များသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲပစ်ကြပြီး အမွေအကျင့်ဟောင်းများကို စွန့်ပစ်ကြရန် အချိန်တန်နေပြီဖြစ်သလို၊ နိုင်ငံရေးသုနစ် တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်အောင် စွမ်းဆောင်ကြိုးပမ်း ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။ သို့မှသာလျှင် လူကြီးလူကောင်းဆန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကနေ နိုင်ငံရေးဖြေရှင်းမှု အကျိုးရလဒ်ကောင်းများ ရရှိပိုင်ဆိုင်မှာလည်း ဖြစ်ပေသည်။

ဤနေရာ၌ စာရေးသူ အပြောချင်ဆုံး စကားရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့ကလည်း 'သူပုန်စိတ်' ကို လုံးဝဖျောက်ဖျက်ပြီး၊ စစ်ခေါင်းဆောင်များကလည်း 'အာဏာရှင်စိတ်'အား အလုံးစုံစွန့်လွှတ် ဖျောက်ဖျက်ပစ်ရမည်။ အတိုက်အခံ နိုင်ငံရေး အင်အားစုများကလည်း 'အချောင်သမားစိတ်'၊ 'မသမာစိတ်'တို့အား နိုင်ငံရေးအစွဲချွတ် စွန့်လွှတ်ပစ်ရမည် ဖြစ်ပေသည်။ သို့မှသာလျှင် နိုင်ငံရေးအသစ်ဖြစ်သော လူ့ယဉ်ကျေးသမားစဉ် နိုင်ငံရေးအခင်းအကျင်းကောင်းကို တည်ငြိမ်အေးချမ်းစွာ ပုံဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် လူအဖွဲ့အစည်းအတွက်လည်း အေးချမ်းတည်ငြိမ်ရင့်ကျက်သည့် အနာဂတ်ကောင်းအား ဆောင်ကြဉ်းပေးစွမ်းနိုင်မည် ဖြစ်ပေသည်။

ယနေ့မြန်မာ့လူ့အဖွဲ့စည်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းအားနည်းချက်များ ခြတောင်ပို့ဆွဲသလိုပင် ထုထည်ကြီးမားစွာ တည်ရှိနေသည်။ အခမွှဝါဒီစိတ်များ ဖုံးလွှမ်းနေပြီး မြန်မာ့လူ့အဖွဲ့အစည်း အသစ်သည် မိရိုးဖလာ ယဉ်ကျေးမှု အစဉ်အလာကောင်းများ ဆိတ်သုဉ်းနေပြီ ဖြစ်သည်။ အနာဂတ် လူ့အဖွဲ့အစည်းအတွက် အချိန်နှင့်တပြေးညီ မှန်ကန်စွာမပြုပြင်နိုင်ပါက ရင်လေးစရာကောင်းလှပါသည်။ ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ်ထဲတွင် ပါဝင်ကြသည့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့် မြန်မာ့စစ်ခေါင်းဆောင်များသည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို လျင်မြန်စွာ အတူပူးပေါင်း၍ ရုပ်လုံးကြွအောင် ဖော်ဆောင်ကြရမည် ဖြစ်ပေသည်။ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် အသွင်သဏ္ဌာန်ဖော်ဆောင်ခြင်းကသာ ဒီမိုကရေစီနိုင်ငံတော်နှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကို တည်ဆောက်စေနိုင်မည် ဖြစ်ပေသည်။ နိုင်ငံရေးယဉ်ကျေးမှု မရှိပါက မတည်ဆောက်နိုင်ပါ။ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ပေးစွမ်းနိုင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကောင်းတစ်ရပ်ကို စစ်မှန်သော နိုင်ငံရေးကျင့်စဉ်ကောင်းကျင့်သုံး၍ ပြည်သူလူထု အင်အားကြီးမားစွာ ပါဝင်နိုင်ခွင့်ဖြင့် ရေးဆွဲပြဋ္ဌာန်းနိုင်မည် ဖြစ်ပါသည်။ ဤသည်ကို မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကပင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပက်သက်၍ ဝိရောဓိဖြစ်စရာ အငြင်းပွားဖွယ်ရာများ ရှိခဲ့သည်မှာ ယနေ့ခေတ် မြန်မာစစ်ခေါင်းဆောင်များကနေ နိုင်ငံရေးအစီအမံ အကွက်ချကာ ရေးဆွဲပြဋ္ဌာန်းခဲ့သော ၂၀၀၈-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအထိဟု ဆိုရပေမည်။ စစ်ခေါင်းဆောင်တစ်ဦးဘဝကနေ နိုင်ငံတော်သမ္မတဘဝတဖြစ်လဲလာသည့် ဦးသိန်းစိန်ခေါင်းဆောင်သော အရပ်သားအစိုးရအဖွဲ့၏ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်များသည် နိုင်ငံရေးစေတနာကောင်းများ ဖြစ်၊ မဖြစ်သည်ကတော့ ပြည်သူလူထုအနေဖြင့်ရော အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုအတွက်ပါ သတိကြီးကြီးထား စောင့်ကြည့်ကြရမည်ဖြစ်သလို အချိန်မီစွာ လူထုအကျိုးပြုတော်လှန်ရေး အရှိန်ကောင်း ပြန်လည်အသုံးပြုကာ စစ်အာဏာရှင်စနစ် တဖန်ပြန်လည်ကာ ဦးမော့ခေါင်း

www.burmeseclassic.com



ထောင် မရှင်သန်လာနိုင်ရန် နိုင်ငံရေးယူနစ်စုစည်းဖြစ်နေသော နိုင်ငံရေးတည်ဆောက်မှု (Political Structure) ကို ပြည်သူလူထု အားလုံးအပါအဝင် အတိုက်အခံနိုင်ငံရေး အင်အားစုတို့က အသင့် ပြင်ဆင် တည်ဆောက်ထားကြရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် ယနေ့မြန်မာနိုင်ငံ၏ အာဏာနှင့် ဩဇာနေရာများကို စစ် ခေါင်းဆောင်များနှင့် ခရိုနီကြီးများ (ခေတ်ပျက်သူဌေးကြီးများ) တို့က ကြီးစိုးချုပ်ကိုင်လွှမ်းမိုးထားခြင်းကြောင့် အချိန်မရွေး စစ် အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်ဆိုးများဆီ ပြန်လည် ဦးမော့ခေါင်းထောင် ရောက်ရှိသွားနိုင်ပေသည်။ ထို့အပြင် လွှတ်တော် နိုင်ငံရေးအသွင်နှင့် ဒီမိုကရေစီစနစ် ခိုင်မာစွာတည်ဆောက်မှုသည် နိုင်ငံ့အာဏာကို အချိုးချ ခွဲဝေယူကာ နိုင်ငံရေးအသာစီးရယူ ထားသည့် နည်းဗျူဟာဖြင့် ၂၀၀၈-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် စနစ်တကျနိုင်ငံရေးခံတပ်အား စစ်အာဏာရှင် များက တည်ဆောက်ထားခြင်းဖြစ်သည်မို့ နိုင်ငံရေးအမြတ်ထုတ်မှု သက်သက်ဖြစ်ပြီး နိုင်ငံရေးစနစ်ကောင်းတစ်ခု အခြေခံကျကျ အုတ်မြစ်ချဆောင်ရွက်ခြင်း မဟုတ်ကြောင်း ပြည်သူလူထုများ၊ နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသူ နိုင်ငံရေးအင်အားစုအားလုံးမှ သိရှိထားကြရမည် ဖြစ်သလို၊ နိုင်ငံရေးအသစ်ပုံဖော်ရန်၊ တွေးဆ ထားရန် အသင့်ဖြစ်နေဖို့လိုပြီဟု စာရေးသူက တိုက်တွန်းနှိုးဆော် လိုက်ပါသည်။ သို့မဟုတ်က တိုင်းတစ်ပါးသားတို့၏ စီးပွားရေး ခြေကုပ်တွယ်ကာ နိုင်ငံရေးအင်ပါယာ ချဲ့ထွင်မှုကနေ စစ်အာဏာ ရှင်စနစ်ဆိုးနှင့် ရုပ်သေးအစိုးရတစ်ရပ်အား မွေးဖွားပြီး နိုင်ငံငယ်ခု ပျက်သုန်းရေးဆီသို့ ဦးတည်ကွေ့သွားမည် ဖြစ်ပေတော့သည်။

ထွန်းနိုင်နောင်

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ သစ်တာပွေ့ဒိုင်နယ်၊ အောက်တောရရပ်နေ အဖ ဦးထွန်း၊ အမိ ဒေါ်ခင်စန်းမိုတို့မှ (၁၇-၈-၁၉၇၁) ခုနှစ်တွင် မွေးဖွားခဲ့သည်။ အမည်အရင်းမှာ ဦးငွေးအောင်ဖြစ်ပြီး မွေးချင်းငါးဦးရှိသည့်အနက် အကြီးဆုံးသား ဖြစ်သည်။ မူလတန်းမှ စတုတ္ထတန်းအထိ အ-မ-က (၅) ဓာတ်မီးကျောင်း၊ အိုးဘိုရပ်၊ ရေနံချောင်းမြို့တွင် ပညာသင်ကြားခဲ့ပြီး ပဉ္စမတန်းမှ ဒသမတန်းအထိ အ-ထ-က (၁) အခြေခံပညာအထက်တန်းတွင် ပညာသင်ကြားခဲ့သည်။ ရေနံချောင်းဒီဂရီကောလိပ်ကျောင်းတွင် ပထမနှစ်မှ ဒုတိယနှစ်အထိ ပညာသင်ကြားခဲ့ပြီး တတိယနှစ်မှ နောက်ဆုံးနှစ်အထိ မကွေးတက္ကသိုလ်တွင် ပညာသင်ကြားကာ ၁၉၉၃-ခုနှစ်က B.A Geography (Q) ဘွဲ့ရရှိခဲ့သည်။

၁၉၉၂-ခုနှစ်တွင် မြားနတ်မောင် မဂ်လာမဂ္ဂဇင်း၌ စာပေဝန်ထမ်းအဖြစ် လုပ်ကိုင်ရင်း မြန်မာ့စာပေလောက၌ စတင်အခြေခံကျင်လည်ခဲ့၏။ စာပေဝန်ထမ်းလုပ်ငန်းများအဖြစ် ၁၉၉၄-ခုနှစ်တွင် ရွှေပြည်တန်

www.burmeseclassic.com

စာအုပ်တိုက်နှင့် ရွှေပြည်တန်ဂျာနယ်၊ ၁၉၉၇-ပြည့်နှစ်တွင် စိတ်ကူးချိုချို စာအုပ်တိုက်၊ ၂၀၀၄-ခုနှစ်တွင် နေလကမ္ဘာရဂျာနယ်နှင့် Beauty Max မဂ္ဂဇင်း၊ ၂၀၀၆-ခုနှစ်တွင် ချယ်ရီရသစုံမဂ္ဂဇင်း၊ ၂၀၀၈-ခုနှစ်တွင် စာပေလောက (၃) စာအုပ်ဆိုင်၊ ၂၀၁၁-ခုနှစ်တွင် ပေါ်ပြူလာဂျာနယ်နှင့် ၂၀၁၄-ခုနှစ်တွင် ကဗျာတာဝန်ခံအယ်ဒီတာ၊ ရတီမဂ္ဂဇင်းစသည်ဖြင့် အသီးသီးလုပ်ကိုင်ခဲ့သည်။ ၁၉၉၇-ခုနှစ်တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး (ဗဟိုလူငယ်) စီစဉ်ထုတ်ဝေသည့် စာဆိုတော်နေ့ အထိမ်းအမှတ် ကဗျာစာအုပ်၌ **ထွန်းနိုင်အောင် (ရေနံချောင်း)** အမည်ဖြင့် **'ကြိုပဟ်ပြာစီးသူများ'** ကဗျာ ပါဝင်ရေးသားခဲ့ခြင်းကြောင့် ယင်းကလောင်အမည် အကန့်အသတ်မရှိ ပိတ်ပင်ခံခဲ့ရသည်။ ထို့နောက် လင်းထိပ်သျှင် ကလောင်အမည်ပြောင်း၍ ကဗျာများ ဆက်လက်ရေးသားခဲ့ပြီး စာပေစိစစ်ရေး၏ စောင့်ကြည့်ခြင်းခံရကာ ကဗျာများစွာ ဖြုတ်ပယ်ခံခဲ့ရသည်။ ၂၀၀၉-ခုနှစ်တွင် ချယ်ရီမဂ္ဂဇင်း၌ ကဗျာဆရာ ကြည်မောင်သန်း၏ ဒီပရက်ကဗျာထည့်သွင်း ပုံနှိပ်ဖော်ပြမှုဖြင့် လင်းထိပ်သျှင် ကလောင်အမည် ပိတ်ပင်ခံခဲ့ရကာ လွန်သော်ကမိုး ကလောင်အမည်ပြောင်း၍ ကဗျာများ ဆက်လက်ရေးသားခဲ့သည်။ ၁၉၉၂-ခုနှစ်တွင် စစ်ကိုင်း အရာတော်မြို့နယ်မဂ္ဂဇင်း၌ **'ဤလောကမ်'** အမည်ရှိ ကဗျာနှင့် မြားနတ်မောင် မင်္ဂလာမဂ္ဂဇင်း၌ **'ဖိနပ်တစ်ရံ၏ အတ္ထုပ္ပတ္တိ'** ကဗျာ ပုံနှိပ်ဖော်ပြခံရပြီး စာပေအနုပညာ စတင်ခဲ့သည်။ ၂၀၁၃-ခုနှစ်တွင် လင်းထိပ်သျှင် ကလောင်အမည်ဖြင့် **အရောအနှော အပိုင်းအစများ** ကဗျာစာအုပ်နှင့် **စာသင်သားကလေးများအတွက် အင်္ဂလိပ်အက္ခရာစဉ်ပြ ကဗျာများ** (ကလေးကဗျာများ A to Z) ဟူ၍ စာအုပ်လုံးချင်းနှစ်အုပ် ထွက်ရှိခဲ့သည်။ စာပေဆုအဖြစ် ၂၀၁၄-ခုနှစ်တွင် ပထမဆုံး ကိုဖုန်းမော်၊ ကိုစိုးနိုင် စာပေဆုကို 'အရောအနှောအပိုင်းအစများ' ကဗျာစာအုပ်ဖြင့် နိုင်ငံရေး ကဗျာဆု ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ အောင်မြင်ဖို့အတွက် ပြည်သူမပါလို့ ပြောလို့ရှိရင် ဒါကျွန်မတို့ ချည်းပဲ လုပ်ပေးနိုင်တာ မဟုတ်ဘူး။ ကျွန်မတို့ချည်းပဲ လုပ်ပေးနိုင်တယ်လို့ ပြောလို့ရှိရင် ဒါကျွန်မတို့ဟာ အာဏာရှင်ဆန်သွားလိမ့်မယ်။"

"ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုတာက အဓိကရန်းကန်ရမှာက ကျွန်မတို့ရဲ့ ပြည်သူလူထုပဲ။ ကျွန်မတို့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေက အဓိက ရုန်းကန်ရမယ်။ ကြိုးစားရမယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ ပြည်ပကမ္ဘာရဲ့ ထောက်ခံမှုနဲ့ ကူညီထောက်ပံ့မှုတွေကိုလည်း ကျွန်မတို့လိုတယ်။ ဒါဟာ အဖြစ်ကို အဖြစ်အတိုင်း ကျွန်မတို့ ပြောတာပါ။ အဲဒီတော့ အများကလည်း ကူညီချင်လာအောင်လို့ ထောက်ပံ့ချင်လာအောင်လို့ ကျွန်မတို့နိုင်ငံက နေပြီးတော့ လုပ်ပြရမယ်။ နည်းအမျိုးမျိုးနဲ့ လုပ်ပြရမယ်။ ကျွန်မတို့ ပြည်သူလူထုရဲ့ ကြိုးပမ်းမှုအရလည်း လုပ်ပြရမယ်။ မှန်ကန်တဲ့ နိုင်ငံရေးလမ်းကို လျှောက်နေပါတယ်ဆိုတာကိုလည်း ကျွန်မတို့ပြရမယ်"။

"ပြည်သူမပါတဲ့ နိုင်ငံရေးဟာ တကယ်တော့ ဒီမိုကရေစီနိုင်ငံရေး မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ပြည်သူတွေပါဝင်တဲ့ နိုင်ငံရေး၊ ပြည်သူတွေ ပတ်သတ်တဲ့ နိုင်ငံရေးမျိုးကိုပဲ ကျွန်မတို့ ဦးတည်ပါတယ်"ဟု မိန့်ခွန်းခြွေထားသည်။

ဤအချက်ကို ထောက်ချင့်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရသည် နိုင်ငံသားတိုင်း နိုင်ငံရေးဖြစ်စဉ်၌ ပါဝင်နိုင်ကြခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် နှစ်ပေါင်းများစွာ ကိုလိုနီနယ်ချဲ့ တိုင်းတစ်ပါးသားလက်အောက် ကျရောက်ခဲ့သလို တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အစိုးရလက်အောက်သို့ နှစ်လေးဆယ်ကျော် ကျရောက်ခဲ့ပြီး ခေတ်ဆိုးကြီး၏ နေင်းပြားဘဝတစ်ဖြစ်လဲ ရောက်ရှိခဲ့ကြသည်မှာ သမိုင်းမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို လှန်လှောကြည့်ရင် ခံစားသိမြင်ရပေမည်။ သို့ကြောင့် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို စိမ်းလန်း ငြိမ်းချမ်းသော တောအုပ် တစ်ခုပမာ သရုပ်သဏ္ဌာန် ပေါ်လွင်စေရန် နိုင်ငံရေးဖြစ်ထဲ၌ ပါဝင် ကြသည့် နိုင်ငံရေးပါတီများနှင့် အခြားတိုင်းရင်းသား လူမျိုးစု အားလုံးသည် ညီညွတ်ရေးတည်ဆောက်ကာ ထာဝစဉ် ငြိမ်းချမ်း ရေးပန်းခင်းလမ်းပေါ် လှမ်းလျှောက်ချိန်တန်ပြီဟု ဆိုချင်ပါသည်။ ထို့အပြင် ယူနတီ (Unity) ဖြစ်သည့် မြန်မာ့လူ့အဖွဲ့အစည်းသစ်ကို နိုင်ငံရေးနည်းလမ်းဖြင့် မှန်ကန်စွာဖြေရှင်းပြီး အမျိုးသားပြန်လည် ရင်ကြားစေ့ရေးမှသည် တည်ငြိမ်ရင့်ကျက်သော ဒီမိုကရေစီနိုင်ငံတော် သစ်ကြီးအား အမြန်ဆုံးတည်ဆောက်နိုင်ပါစေဟု ဆန္ဒပြုလိုက်ရ ပါတော့သည်။

စာကိုး -
- ဒီလှိုင်းစာစောင် အတွဲ (၁)၊ အမှတ် (၇) ကော့မှူး မြို့နယ်၊ ဒုတိယခရီးမှ ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်မိန့်ခွန်း (ဒီမိုကရေစီဆိုသည်)
- ရမည်းသင်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်တင်ပွဲ လက်ကမ်းစာစောင်
- ရှင်စိုးမိုး (Northern Star Journal No.164) (ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဟူသည်)

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံသားအရေး

မြန်မာ့လူ့အဖွဲ့အစည်းသည် ပင်ကိုယ်အခြေခံ၌ကိုက ငြိမ်းအေးလွတ်လပ်စွာ သီးခြားကင်းလွတ်သော လူမှုနေထိုင်ခြင်းပုံစံမျိုးဖြင့် ဖွဲ့စည်းတည်ရှိနေ၏။ နိုင်ငံတော်တစ်ခုအောက်က လူတစ်မျိုးဟု သတ်မှတ်ခေါ်ဝေါ်၍ ရငြားသော်လည်း နိုင်ငံသားဟု အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်လှဖွယ်။ အုပ်ချုပ်သူတန်စားများ၏ အမွေခံ အုပ်ချုပ်ခံ လူတန်စားအလွှာတစ်ခုအဖြစ် ရှိနေသည်မှာ အမှန်တကယ်ပင်။ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၏ စနစ်တစ်ခုကို လေလံကြော်ငြာလိုလို အနာပျောက်ဆေးကြော်ငြာလိုလို သိသူဖော်စားသည့် သရုပ်မျိုးဖွဲ့ကာ ငါတလူ သူတစ်မင်း တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ် အုပ်ချုပ်ခဲ့ကြတာ မြန်မာ့သမိုင်းအား ပြန်လေ့လာလျှင် သိနိုင်ပါသည်။ ထိုသို့သိရှိလာသည့်အခါ မြန်မာပြည်သူလူထုအားလုံးသည် နိုင်ငံရေးဆိုလိုက်သည်နှင့် ကျားမြီးဆွဲကိုင်ရသလို ကြောက်လန့်နေကြခြင်း၊ ခပ်ကင်းကင်းနေလိုချင်စိတ်

www.burmeseclassic.com



ရှိနေကြခြင်း၊ မိမိနှင့် မသက်ဆိုင်သလို ငြင်းပယ်လိုက်ခြင်းတို့ရှိတာ တွေ့ရ၏။ ဤသည်ကို ကျွန်တော်အမြင်ဆိုရလျှင် မြန်မာပြည်သူ လူထုသည် နိုင်ငံရေးကို စိတ်မဝင်စား၊ နားမလည်၊ ကြောက်၍ မဟုတ်ဟု ပြောချင်သည်။ အမှန်တကယ် ဖြစ်နိုင်ချေမှာ မြန်မာ ပြည်သူလူထုက 'ရွံ့' နေကြခြင်းပင် ဖြစ်သည်။ ထိုသို့ဆိုခြင်း ကား အတိတ်ကာလဆီကို ရည်ညွှန်းဆိုခြင်းဖြစ်ပြီး မျက်မှောက် ကာလကို သုံးသပ်ဝေဖန်ခြင်းမျိုး မဟုတ်ပါ။ မျက်မှောက်ခေတ် မြန်မာ့လူ့အဖွဲ့အစည်းကဖြင့် ထိုသို့မဟုတ်တော့ပါ။ လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်း စုကြည်၏ နိုင်ငံရေးစွန့်လွှတ်စွန့်စား စိတ်ဓာတ်များနှင့် ပြည်ချစ် ပုံရိပ်များကြောင့် နိုင်ငံရေး ဖြစ်စဉ်ထဲတွင် အစဉ်တကျကြွ နိုးကြား စွာ ပါဝင်လာကြသည်ကို တွေ့ရ၏။ သို့သော် **ပေါ်ပြူလာနိုင်ငံ လိုက်စားသူများ၊ နိုင်ငံရေးလုပ်စားသူများ** ရောနှောပါရှိနေသေး သည်။ ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသူ လူပုဂ္ဂိုလ် အားလုံးနှင့် နိုင်ငံရေးအသင်းအဖွဲ့အစည်းများသည် 'အချိန်နှင့် ကာလ' (Time and Space) ကို နားလည်ပြီး နိုင်ငံရေးအရှိန် အား တန့်ရပ်ပုံဖော်ပြောင်းလဲနိုင်ကြဖို့ လိုချေပြီ။ နိုင်ငံနှင့် နိုင်ငံသား (ပြည်သူလူထု) ကောင်းကျိုးကို မျှော်ကိုးပြီး ဆောင်ရွက်သွားကြ မှာလား၊ မိမိအသင်းအဖွဲ့ကောင်းကျိုးနှင့် မိမိ၏ အတ္တအကျိုးစီးပွား ကို ရှေ့တန်းတင်ကာ **ပုံစံသစ်အာဏာရှင်** သားဖွားခန်းတည်လုပ် ကြမှာလားဆိုသည်ကို နိုင်ငံရေးဖြစ်စဉ်ထဲ၌ ဆက်စပ်ပါဝင်ကြသည့် အသင်းအဖွဲ့အားလုံးသည် မျှော်မြင်စဉ်းစားပိုင်းခြားကာ **နိုင်ငံရေး ဖြေရှင်းမှုပုံစံသစ်**ကို တည်ဆောက်ကြရမည်ဖြစ်သည်။ သို့အတွက် စိတ်ပိုင်းဆိုင်ရာ (Mind Set) များကိုလည်း အခြေခံမှစ၍ ပြုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ငန်းစားရော၊ အုပ်ချုပ်ခံ လုပ်ငန်းစားများပါ ပြောင်းလဲပစ်ကြရမည် ဖြစ်သည်။

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်း ဦးဆောင်မှု၌သာ အမိန့်အာဏာ ဗဟိုပြုလိုက်နာဆောင်ရွက်လေ့ရှိကြပြီး အသင်းအဖွဲ့အလိုက် စည်းစနစ် အခြေပြုလိုက်နာရွက်ဆောင်မှု အားမကောင်းချေ။ သို့ကြောင့်လည်း နိုင်ငံတော် အုပ်ချုပ်ပုံစံ၌သော်လည်းကောင်း၊ မိသားစုတစ်စု ဖွဲ့စည်းပုံစံ၌သော်လည်းကောင်း၊ အမိုအခိုကင်းလွတ်နေခြင်းမျိုး မရှိတာ၊ အထက်နှင့်အောက် အမိန့်နာခံတတ်မှုဖြင့်သာ အများက တစ်ယောက်အပေါ် အမှီသဟဲပြုနေခြင်းတို့ မျိုးရိုးစဉ်ဆက် တည်ရှိနေတာမျိုးကို တွေ့ရှိရသည်။ ဤနေရာ၌ ပြည်သူလူထုဘက်က အခြေခံပြုဖြင့်တည်ဆောက်မှုအပိုင်းများ လိုအပ်လာချေပြီ။ **မိမိတို့နှင့် နိုင်ငံရေးသည် မည်သို့မျှမပတ်သက် မသက်ဆိုင်ဟု ငြင်းဆိုမှု ပြုလုပ်၍မရတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ဒီမိုကရေစီ လူ့အဖွဲ့အစည်းမည်သည် နိုင်ငံရေးဟူသည်ကား နိုင်ငံသားအားလုံးနှင့် သက်ဆိုင်နေပြီး အာဏာဖြာဆင်းမှု ဗဟိုပြုခြင်းသည် ပြည်သူလူထုထံ တိုက်ရိုက်ဆက်စပ် တည်ရှိနေခြင်းကြောင့် ဖြစ်သည်။ မိမိတို့က နိုင်ငံရေးနှင့် မသက်ဆိုင်ဟု ဆိုသူတစ်ယောက်ပင် ရှိနေလျှင် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ ဘေးထွက်ဆိုးကျိုးဖြစ်စေပြီး ပုံစံသစ်အာဏာရှင်ကို ပြန်လည်မွေးဖွားပေးစေမည့် လားရာတစ်ခုပင် ဖြစ်သည်။**

*အင်္ဂလိပ်ဘာသာမှာ လွတ်လပ်ရေးကို (Independent) လို့ ခေါ်ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရဲ့ တကယ့်အဓိပ္ပာယ်က ဘယ်သူ့အပေါ်မှာမှ မမှီခိုဘူး။ အမှီအခိုကင်းတယ်ဆိုတဲ့ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



က နိုင်ငံရေးအရ လွတ်လပ်တာကို ခေါ်တာပါ။ ဒါပေမဲ့ လွတ်လပ်ရုံနဲ့ မပြီးသေးပါဘူး။ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့လည်း လိုပါတယ်။ ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံဟာ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီလားဆိုတာ ပြန်ကြည့်ဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး အမှန်တကယ်ရဖို့ဆိုတာ မြန်မာနိုင်ငံသားတွေ လူလားမြောက်ဖို့ လိုပါတယ်။ နိုင်ငံသားတွေ လူလားမြောက်မှ နိုင်ငံတော် လူလားမြောက်မှာ။ နိုင်ငံတော်လူလားမြောက်မှ လွတ်လပ်ရေး အမှန်တကယ်ရမှာပါ။ အရွယ်ရောက်ပြီးသားလူငယ်တစ်ယောက်ဟာ သူ့ခြေထောက်ပေါ် သူမရပ်တည်နိုင်ရင် အမှန်တကယ် လွတ်လပ်တယ်လို့ မခေါ်ပါဘူး။ သူ့ခြေထောက်ပေါ် ရပ်တည်နိုင်မှသာ သူ့ဘဝရဲ့ ရွေးချယ်ခွင့်ဆိုတာတွေကို တိုးတက်မှုဆိုတာတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်မှာပါ။ နိုင်ငံအပေါ်မှာ ထားထားတဲ့ မျှော်လင့်ချက်တွေဆိုတာ နိုင်ငံသားတွေရဲ့ အလုပ်လုပ်နိုင်မှုအပေါ်မှာ မူတည်ပါတယ်။ မျှော်လင့်ချက်တွေ ရရှိဖို့ဆိုတာ ကြိုးစားအားထုတ်မှုရှိဖို့ လိုအပ်ပါတယ်"ဟု ၆၅-နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံသားလွတ်မြောက်မှု၊ နိုင်ငံတော်လွတ်မြောက်မှုနှင့် လွတ်လပ်ရေးအဓိပ္ပာယ်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ မြန်မာပြည်သူလူထု နိုင်ငံသားများသည် မိမိကိုယ်ကိုယ် လေးစားတန်ဖိုးထားစိတ်နှင့် မိမိကိုယ်ကိုယ် နိုင်ငံသားပီသစိတ် မြှင့်တင်ပေးစွမ်းနိုင်ဖို့ လိုအပ်လာပြီဖြစ်သည်။ ထို့အတူ မိမိတို့သည် ဤနိုင်ငံ၌ အဘယ့်ကြောင့် မွေးဖွားလာခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်ကြောင့် ဘဝရှင်သန်နေထိုင်နေရသည်ကိုလည်း ရှင်းရှင်းလင်းလင်း နားလည်သိထားသင့်ပေသည်။ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းသစ်၏ ပုံစံအပြောင်းအလဲများကိုလည်း သိရှိလက်ခံတတ်ဖို့လည်း လိုအပ်သည်။ ဒီမိုကရေစီဆိုသည့် အဓိပ္ပာယ်ကို အလုံးစုံမသိရှိလျှင်ပင် ပြည်သူ့အာဏာသည်သာလျှင် အစိုးရဖြစ်သည်ဟု သိရှိထားလျှင်ရသည်။ ထို့အပြင် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံသားအခွင့်အရေးကို လွတ်လပ်စွာ ဆန္ဒထုတ်ဖော်၍ နိုင်ငံတော်အစိုးရထံ တောင်းဆိုခွင့်ရှိကြောင်းလည်း နားလည်သိရှိထားရပေမည်။ ပြီးနောက်လည်း နိုင်ငံသားတစ်ဦးအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်၍ အခြေခံကျကျ သိရှိထားရန် လိုအပ်ပေသည်။ နိုင်ငံသားများသည် လူသားတို့၏ လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိပြီး လူမှုဘဝရှင်သန်ရပ်တည်နိုင်ရန် လိုအပ်ချက် အခြေခံအဆင့်အတန်းတစ်ခုသည် လူ့အခွင့်အရေးဟု ဆိုထား၏။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေးဖြစ်သည်။ (Human Right are inherent) လူ့အခွင့်အရေးသည် လူအားလုံးနှင့် သက်ဆိုင်သည်။ (Human Right are Universal) လူ့အခွင့်အရေးကို မည်သူကမှ ယူဆောင်သိမ်းပိုက်၍မရ။ (Human Right are indivisble) ဟူသော အခြေခံအချက်များကို သိအပ်သင့်ပေသည်။ သို့မှသာ မိမိကိုယ်မိမိ နိုင်ငံတစ်ခု၌ နိုင်ငံသားတစ်ဦးအဖြစ် မွေးဖွားရှင်သန်ရခြင်းအဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိမည်ဖြစ်သည်။

ဒီမိုကရေစီ အခြေခံစံနှုန်းများသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ မိရိုးဖလာ ရိုးရာဓလေ့အစဉ်အလာနှင့် ထေရဝါဒ ဗုဒ္ဓဘာသာတရားတို့မှ အခြေခံကျကျ ဖြာဆင်းတည်ရှိပြီးသား ဖြစ်သ

www.burmeseclassic.com



လို စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ်စံနှုန်းကောင်းများ ပိုပြီးလေးနက်စွာ တည်ရှိနေပေသည်။ ထို့အပြင် လွတ်လပ်ရေးနှင့်အတူ ပါလီမန်ဒီမို ကရေစီစနစ်ဖြင့် အရှေ့တောင်အာရှမှာ ဒီမိုကရေစီခေတ်ဦးဟု ဆိုရလောက်ဖွယ် နိုင်ငံရေးစနစ် ထိတွေ့ခဲ့ဖူးသည့် နိုင်ငံတစ်ခုပင် ဖြစ်သည်။ အဘယ့်ကြောင့် ဒီမိုကရေစီစနစ်သည် မြန်မာနိုင်ငံ၌ အခြေမိုင်စံစွာ တည်ရှိမနေရခြင်းအား နောင်းမျိုးဆက် သစ်တို့သည် အခြေခံကျကျ လေ့လာဆန်းစစ်ကြရမည် ဖြစ်သည်။ ဤနေရာ၌ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမှ မြန်မာ နိုင်ငံနှင့် ဒီမိုကရေစီစနစ် ကိုက်ညီမှုရှိ၍ လျော်ကန်သင့်မြတ်သည့် လမ်းစဉ်တစ်ရပ်ဖြစ်ကြောင်းကို "ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုး အရသာလွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရ မယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ ဗမာပြည်ကလူတွေဟာ လည်း နစ်နာမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်၊ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကို သာ ကျုပ်တို့ရည်ရွယ်ရမယ်။ ဒါဖြင့် ဒီဝါဒဟာ ဘာလဲဆိုတာ ကိုလည်း ရှင်းပြချင်ပါသေးတယ်။ ကျွန်တော်တို့အမြင်အရဆိုရင် တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးထဲက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲ အဖွဲ့နှင့်ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ဆန္ဒမဟုတ် ဘဲ အဖွဲ့ရဲ့ ဆန္ဒခံယူပြီး အဖွဲ့ရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်း ဆောင်မျိုးဖြစ်ရမယ်"ဟု ၁၉၄၅-ခုနှစ်၊ ဩဂုတ်လ၊ စတွေ့ဆုံ မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးမိန့်ခွန်း၌ ဆိုထား သည်ကို ဖတ်ရှုသိရှိရသည်။ ထိုကဲ့သို့သော လွတ်လပ်ရေးခေါင်း ကြည်းယူပေးခဲ့သည့် နိုင်ငံရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com


က မြန်မာ့နိုင်ငံရေးဖြစ်စဉ်အား ဒီမိုကရေစီကျင့်စဉ်နှင့် ပုံဖော်မည့် ရည်မှန်းချက်စိတ်ထားမျိုး ရှိခဲ့သော်ငြားလည်း နောက်မျိုးဆက် ခေါင်းဆောင်များလက်ထက်၌ ဒီမိုကရေစီ ဆိတ်သုဉ်းပျောက်ကွယ် ခဲ့သည်ကို တွေ့ရသည့်အခါ မြန်မာ့နိုင်ငံရေး လှိုင်းတံပိုးထန်မှုများ အပေါ် အခြေခံကျစွာ ဝေဖန်ပိုင်းခြား သုံးသပ်၍ အနှစ်သာရ ဖော်ထုတ်ရှာဖွေကြပါရန် အခွင့်သင့်ပြီဟု စာရေးသူဆိုချင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ဖ၅-နှစ်မြောက် လွတ်လပ်ရေးနေ့ အောင်ပွဲ အခမ်းအနား၌ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံနှင့် နိုင်ငံသားများအပေါ် ရှုမြင်အလေးထား ပြောကြားခြင်းနှင့် ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီဝါဒကိုသာ မြန်မာပြည်မှာ ခေတ်စားအောင် လုပ်ရမည်ဆိုသည့် ရှုမြင်ပုံများ ထပ်တူကြနေ ကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်း အတွင်းရှိ နိုင်ငံသားများကလည်း မျက်မှောက်ခေတ်မြန်မာ့ နိုင်ငံရေး ဖြစ်စဉ်ထဲ၌ တက်တက်ကြွကြွ ပါဝင်ကြပြီး ဒီမိုကရေစီစနစ်ကို အခြေခံမှု၍ ဖော်ဆောင်တည်ဆောက်ရန် ကြိုးစားနေရင်း စိန်ခေါ် မှုများစွာနှင့် ကြုံတွေ့နေရသော မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စုရုံးညီညာ ဝန်းရံကာကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံရေးသမား

မြန်မာ့လူ့အဖွဲ့အစည်းတွင် နိုင်ငံရေးသမားဟူသည့် ဝေါဟာရစကားအသုံးအနှုန်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တည်ဆဲအစိုးရအားအတိုက်အခံလုပ် ဆန့်ကျင်သူ၊ လူထုတိုက်ပွဲ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်သူ၊ နိုင်ငံရေးစနစ် ခေတ်ပြောင်းတော်လှန်ရေး၌လူထုဘက်မှ မားမားမတ်မတ်ရပ်ကာ ဦးဆောင်တိုက်ပွဲဝင် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စသည်ဖြင့် အကြမ်းဖျင်းနားလည် သိရှိထားကြသည်။ ထို့အပြင် နိုင်ငံရေးသမားဟု ဆိုလိုက်သည်နှင့် မြန်မာ့လူ့အဖွဲ့အစည်းသည် ငရဲကျသည့်နှယ် မပတ်သက်မဆက်နွှယ်ချင်ကြပေ။ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ဆိုသောစကားရပ်ကိုတောင် ထွင်လိုက်သေး။ ခေတ်အဆက်ဆက်ကတည်းက နိုင်ငံရေးအင်အားစုများ၌လည်း ထောင်မကျဘူးလျှင် နိုင်ငံရေးသမားမဟုတ်ဟု မှတ်ချက်ပြုကာ လူမှုဆက်ဆံရေးနယ်ပယ်တွင် ကန့်သတ်ဖုန်လုပ်ထားကြလေ့ရှိ၏။ ထိုအချင်းအရာကို ကြည့်ခြင်းအားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းသည် တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်တို့လက်အောက် အနေကြာခဲ့သော်လည်း နိုင်ငံရေး

www.burmeseclassic.com



အမြင် ကျဉ်းနေဆဲဟု ဆိုရပေမည်။ ထိုနည်းတူစွာ မြန်မာ့လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးသမားတို့အကြားတွင် လူမှုဘာသာ ဘာဝမလေ့၊ နိုင်ငံရေးအသိစိတ်တို့၌ အကွာအဝေးရှိနေသည်ကို တွေ့ရ၏။ မြန်မာပြည်တွင်းရှိ နိုင်ငံရေးသမားများသည် ပြည်သူလူထုနှင့် ထိတွေ့မှုနည်းပါးလှသဖြင့် မြန်မာပြည်သူလူထုတို့၏ လိုအပ်ချက်များနှင့် ပကတိဘာဝအခြေအနေမှန်များကို မသိရှိမမြင်နိုင်ဘဲ အလှမ်းဝေးနေကြလေသည်။ မြန်မာ့နိုင်ငံရေးလောကသည် ခေတ်အဆက်ဆက်ကပင် အမယ်ဘုတ် သူ့ချည်ခင်၊ တိမ်မင်ရည်ရေးခြယ် ဆိုသည့်နှယ် အလွန်ရှုပ်ထွေးလှသည်ကို ဖတ်ရှုလေ့လာသိရှိရသည်။ မြန်မာနှစ်ယောက်ရှိရင် အမြဲတမ်း နှစ်ခြမ်းကွဲလေ့ရှိတာ မြန်မာ့နိုင်ငံရေးလောကပင်ဖြစ်သည်ဟု ဆိုစမှတ်ပြုခဲ့လေ၏။ ယနေ့ထက်တိုင်ပင် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှ မရှိဖူးသေးသည့် နိုင်ငံရေးပါတီများစွာ တည်ရှိနေခြင်းကို ကြည့်လျှင် သိရှိနိုင်ပေသည်။

ဤသို့သော အနေအထားမျိုးကနေ တော်လှန်ရေးမျိုးဆက်သစ်များ ယနေ့ထိတိုင် ရှင်သန်တည်ရှိနေရသလဲဆိုသည်ကို စာရေးသူ ညွှန်းဆိုပြချင်ပါသည်။ ခေတ်အဆက်ဆက် မြန်မာအစိုးရသည် မြန်မာ့လွတ်လပ်ရေး ပုံရိပ်ရှင် တပ်မတော်အင်အားစုအပေါ် အမှီသဟဲအားပြုကာ နိုင်ငံ့အာဏာ ချိန်ခွင်လျှာထိန်းမတ်တည်ရှိခဲ့ပြီး ပါတီနိုင်ငံရေးနှင့် စနစ်တစ်ခု (ဝါ) ခေတ်ပြောင်းတော်လှန်ရေးအပေါ် မှီခြေညီအာဏာ နိုင်ငံရေးအသွင်သဏ္ဌာန် မဖော်ဆောင်မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့်ဟု ဆိုချင်ပါသည်။ ဥပမာပြရသော် တရုတ်နိုင်ငံ၏ နိုင်ငံရေးအသွင်သဏ္ဌာန်ကူး ပြောင်းမှုတွင် ခေါင်းဆောင်ကြီး မော်စီတုံး၏ ဦးဆောင်မှုဖြင့် ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးနှင့် ကွန်မြူနစ်ပါတီအကြား မျှခြေညီအာဏာနိုင်ငံရေး အဆောက်အဦး တည်ဆောက်နိုင်မှုကြောင့် တိန့်ရှောင်ဖိန်၊ ကျန့်ဇီမင်း မှသည် ဟူကျင်းတောင်၊ ရှီကျင်းပင်တို့အထိ မျိုးဆက်သစ်ခေါင်း ဆောင်သစ်များ မွေးထုတ်ပေးပြီး နိုင်ငံရေးအရွေ့ပုံစံကို ပျော့ပျောင်း ညင်သာစွာ မဟာဗျူဟာကစားကွက် ဆင်နိုင်ခဲ့ကြပုံပင် ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ နိုင်ငံရေးအရွေ့သည်ပင်လျှင် ထိုကဲ့သို့ မဟာဗျူဟာ မဆင်နိုင်ခဲ့တာကပင် ကျွန်တော်တို့အနာဂတ် မြန်မာနိုင်ငံတော်ကြီး၏ လက်ကျန်ကံကြမ္မာကောင်းဟု စာရေးသူ ရှုမြင်မိပါသည်။

"နိုင်ငံရေးသမား"ဟု မိမိကိုယ်ကို မှတ်ထင်ကြဖို့၊ ခံယူကြဖို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ မြန်မာပြည်သူပြည်သားများကို စာရေးသူ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ သို့မှသာလျှင် နိုင်ငံရေးသမား၊ စားဖားများ၊ ကြောင်သူတော်နိုင်ငံရေးသမားများ၊ ခွေးကတက် နိုင်ငံရေးသမားများ၊ ပေါ်ပြူလာနိုင်ငံရေးသမားများ၏ အကျင့်ဆိုးများနှင့် နိုင်ငံရေးညစ်လုံးများကို လက်ဦးမှုရယူကာ တွန်းလှန်ဖြိုဖျက်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲတွင် နိုင်ငံရေးသမားများသည် ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံး လူ့သတ္တဝါကောင်များ ဖြစ်နေသည်ကို လေ့လာဖတ်ရှု သိရှိရသည်။ ဤနေရာ၌ စာရေးသူ ကိုယ်တွေ့များနှင့်ယှဉ်ပြီး ပြောဆိုစရာစကားများ ရှိလာပါသည်။ ကျွန်ုပ်တို့ မြန်မာ့နိုင်ငံရေးလောကတွင် လူကြီးနှင့်လူငယ် မျိုးဆက်ကွာဟမှု ပြဿနာရှိခဲ့ပါသည်။ ထိုနေရာ၌ လူငယ်များတွင် အပြစ်မရှိဘဲ ငါ့စကား နွားရ လူကြီးများ၌သာ အပြစ်ရှိသည်ဟု စာရေးသူ ဆိုချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့က နိုင်ငံရေးအကြောင်း လာပြောရလောက်အောင် နိုင်ငံရေးအကြောင်း မင်းတို့ဘယ်လောက်သိလို့လဲ။ နိုင်ငံရေးဖြတ်သန်းမှုမှာ ငါတို့လောက်ရှိလို့လား။'

'ထောင်မကျဖူးဘဲနဲ့တော့ နိုင်ငံရေးသမားလို့ ငါတို့က မသတ်မှတ်နိုင်ဘူး။'

'ငါတို့လို ပြည်သူ့အတွက် ပေးဆပ်ရဲမှ နိုင်ငံရေးသမား စစ်စစ်ကွ'

ထိုသို့သော စကားရပ်များဖြင့် မြန်မာ့နိုင်ငံရေးအင်အားစုများအတွင်း၌ လူကြီး၊ လူငယ် ဆက်ဆံရေးပိတ်ဆို့ထားသည်ကို တွေ့ရှိရ၏။ အခြားနယ်ပယ်များတွင်လည်း ယင်းသို့ပင်။ တပည့်မွေး၊ သားမွေး နိုင်ငံရေးအကျင့်ဆိုးများ ယခုထက်ထိ ရှိနေတုန်းပါ။ ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ဆိုစကားကို စာရေးသူ သွားသတိရလိုက်မိသည်။

"တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကိုအားမကိုးဘဲ လူထုက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီး လာစေကာမူ ဘယ်နည်းနဲ့မှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်းပင်း ကြိုးတပ်ချင်ရင်ဖြင့် ကျုပ် ဘာမှမပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။ ကျုပ် နောက်ဆုံးသတိပေးချင်တာက တိုင်းပြည်မှာ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ဘယ်လိုလူမှ စိတ်မချနဲ့၊ မလိမ်နိုင်အောင် ကြိုးချည်ထားပါလို့ ပြောချင်ပါတယ်" ဟု ၁၉၄၅-ခုနှစ်၊ ဩဂုတ်လ ၁၁- ရက်နေ့က ဗမာ့ဗိုလ်မတော် တိုင်းမှူးများ အစည်းအဝေးတွင် ပြောဆိုခဲ့သည့် မိန့်ခွန်းစကား

www.burmeseclassic.com

www.burmeseclassic.com



ရပ်ပင် ဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာပြည်သူ ပြည်သားတို့ သတိချပ်သင့်သည့် စကားရပ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံရေးပါတီ များစွာရှိနေခြင်း၊ နိုင်ငံရေးသမားဟုဆိုသူ လူပုဂ္ဂိုလ်များ ခေတ်စားနေခြင်း၊ ပြည်သူချစ်သည့် နိုင်ငံရေး အင်အားစုဟု မိမိတို့ကိုယ်မိမိ မှတ်ထင်ယူဆနေနေသူများ ခေါင်းထောင်ကာ ပြည်သူ့ဟာစ်တိုင်လုပ်နေခြင်း စသည့်မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ထဲက အတွေးပုံရိပ်များကို မြန်မာပြည်သူပြည်သားများ ဘက်မှန်စွာ ရပ်တည်၍ မိမိလူမှုဘဝနှင့် လူသားအခွင့်အရေးများ ဖြည့်ဆည်းပေးစွမ်းမည့် လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းတစ်ရပ်အား မှန်ကန်စွာ ရွေးချယ်ထောက်ခံသွားတတ်စေရန်ပင် ဖြစ်သည်။

**နိုင်ငံရေးသမားကောင်းမည်သည် ဘယ်လိုနည်း။ ဘယ်သောအခါမှ နိုင်ငံရေးသီလ မဖောက်ဖျက်ဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သူပင်ဖြစ်သည်ဟု စာရေးသူအမြင်ကို ဆိုချင်ပါ၏။ ထိုသို့သော လူပုဂ္ဂိုလ်မျိုးကိုလည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် နည်းလမ်းမှန်ဖြင့် ရွေးချယ်တတ်ဖို့ လိုအပ်သလို စနစ်တကျ မွေးဖွားပေးရန်လည်း လိုအပ်၏။ နိုင်ငံရေးသမားများသည် ပြည်သူလူထုနှင့် အမြဲတမ်းထိတွေ့ပြီး နိုင်ငံရေးအသိ လူမှုဘဝရှင်သန်မှု အခွင့်အလမ်းကောင်းများကို ပညာပေးလုပ်ငန်း အသွင်ဖြင့် ဦးဆောင်လမ်းပြရမည် ဖြစ်သည်။** မြန်မာပြည်သူလူထုသည် အသိဉာဏ်ပညာ အားနည်းပြီး ပညာရေးအလှမ်းဝေးကာ ဆင်းရဲချို့တဲ့သူက အများစုပင်ဖြစ်နေရာ လူ့အဖွဲ့အစည်းတစ်ခု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးစွမ်းရမည်မှာ နိုင်ငံရေးသမားဟု မိမိကိုယ်မိမိ ခံယူထားသူတို့၏ တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ ဤအချက်ကို မျက်ကွယ်ပြုပါက နိုင်ငံရေးသမားဟု

www.burmeseclassic.com

www.burmeseclassic.com



မပေါ်ဆိုနိုင်ပါ။ **နိုင်ငံရေးအပိတ်စနစ်နှင့် နိုင်ငံရေးအပွင့်စနစ်ကို** အချိန်ကာလအလိုက် အခြေခံကျကျ လိမ္မာပါးနပ်စွာ သိရှိနားလည်ဖို့ လိုအပ်သည်ကို နိုင်ငံရေးသမားတိုင်း သိရှိထားရမည် ဖြစ်ပါသည်။

**နိုင်ငံရေးအပိတ်စနစ်**တွင် နိုင်ငံရေးသမားတို့သည် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် လူထုအခြေပြုတော်လှန်ရေး လှုပ်ရှားမှု ဆင်ယင်ကာ စနစ်ဆိုးကို တွန်းလှန်ခဲ့ကြပြီး **နိုင်ငံရေးအပွင့်စနစ်သို့** ရောက်ရှိသည့်အခါ နိုင်ငံရေးသမားတို့သည် လူထုဗဟိုပြု လူ့စွမ်းအားတည်ဆောက်မှု မပြုဘဲ နိုင်ငံရေးအပိတ်စနစ်ထဲ၌ ကျင့်သုံးပုံမျိုး၊ နိုင်ငံရေးနည်းဗျူဟာ ကျင့်သုံးနေလျှင် စုန်းပြူးနိုင်ငံရေးသမားများအဖြစ် ကျရောက်မည်ကို သတိချပ်သင့်ကြောင်း စာရေးသူ ဆိုချင်ပါသည်။ ဤနေရာ၌ မြန်မာ့နိုင်ငံရေးလောကမှ လူပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့အစည်းအားလုံးကို နိုင်ငံရေးအရှိန် မြှင့်တင်ပေးရန် ကာလဆီရောက်နေပြီမို့ နိုင်ငံရေးဖင်ခေါင်းကျယ် လုပ်ရမည့်ကာလမဟုတ်ဟု စာရေးသူဆိုချင်ပါသည်။ မြန်မာ့စစ်အာဏာရှင်အစိုးရသည် ပို့စ်မော်ဒန်ဝါဒ၏ ဖြိုဖျက်လေ့လာနည်းသဘောအရ ဒီမိုကရေစီ အဆောက်အအုံနှင့် မြန်မာ့လူ့အဖွဲ့အစည်းကို အကြိမ်ကြိမ် နိုင်ငံရေးသင်းသတ်နှိပ်ကွပ်ခဲ့တာ ခေတ်အဆက်ဆက်ကပင်။ ၁၉၈၈- ခုနှစ်မှ ယနေ့အထိ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် စစ်အာဏာရှင်၏ စစ်သည်တော် ၅-သိန်းထက်ပို၍ အဆကြီးမားစွာ အင်အားကြီးထွားသည့် ဒီမိုကရေစီအဆောက်အအုံ၏ အနှစ်သာရတစ်ခုဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ဆိုသော ပုံရိပ်ကြောင့် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး အရှေ့မျိုးဆီ ဦးတည်နေရသည်ဟု စာရေးသူဆိုချင်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရာစုနှစ်များစွာ စောင့်စားနေရသည့် ခေါင်းဆောင်ကောင်း တစ်ယောက် ပေါ်ထွန်းလာမှုမျိုးပင် ဖြစ်သည်။ ဤသည်ကို အခြား နိုင်ငံရေးသမားများက ဒေါ်အောင်ဆန်းစုကြည်အား ခေတ်ပြိုင်နိုင်ငံ ရေးသမားဟု ပခုံးချင်းယှဉ် နှိုင်းချပြောဆိုခဲ့ကြသေး၏။ ဒေါ်အောင်ဆန်း စုကြည်ကို နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားစဉ် ကာလ အတွင်းက ရစရာမရှိအောင် ဆဲဆိုခဲ့ဖူးသော ၈၈-ခုနှစ် စက်မှု တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ကျောင်းသား တစ်ဦးမှာ နိုင်ငံရေးအပွင့်စနစ်ထဲ၌ 'အမေစု' ဟု ကင်ပွန်းတပ်ပြီး နိုင်ငံတကာ နိုင်ငံရေးသူတော်ကောင်းကြီး လုပ်နေတာ မြင်တွေ့ရ တော့ မြန်မာ့နိုင်ငံရေး ရှေးအလားအလာကား စာရေးသူတွေး၍ ရင်လေးစရာ ဖြစ်မိပါသည်။ **မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ပါဝင်မှုမရှိပါက မြန်မာစစ်အာဏာရှင်တို့သည် ဗောရိသာရမင်း စတိုင်ဖမ်းကာ လူသားစား၊ လူရိုးသုပ် နိုင်ငံရေးပျော်ပွဲစား လုပ်နေ မည်မှာ ကေန်ပင်။** ဤအရာကို ထောက်ချင့်ကြည့်လျှင် မြန်မာ နိုင်ငံ၏ နိုင်ငံရေးသမားတိုင်းသည် လူသားတစ်ဦး၏ သမိုင်းတန်ဖိုး နှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို အသိအမှတ်ပြုကာ လေးစား တန်ဖိုးထားတတ်ဖို့ လိုပေသည်။ သို့မှသာ မြန်မာ့နိုင်ငံရေးသမား တို့သည် စွမ်းရည်ပြည့် နိုင်ငံရေးသမားများဖြစ်မည်ဟု ဆိုချင် သည်။

နိုင်ငံရေးသမားများဟု ဆိုသူများသည် ယနေ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းသို့ လှမ်းချီနေချိန်တွင် ဒီမိုကရေစီစနစ်၏ သဘော တရားများနှင့် စံနှုန်းကောင်းများ၊ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေမည့် စနစ်ကောင်းတစ်ခုဖြစ်ကြောင်းကို မြန်မာပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သားများ အခြေခံကျကျ သိရှိနားလည်စေရန် အသိပညာပေး ဖြန့်ဝေလုပ်ငန်းများကို ပီပြင်စွာ ဖော်ဆောင်ကြရမည် ဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လူသားတစ်ဦး (ဝါ) နိုင်ငံသားတစ်ဦးသည် အရည်အချင်း (တစ်ခုမက) နှင့် ပြည့်စုံခြင်း၊ ဥစ္စာဓနနှင့် ပြည့်စုံခြင်း၊ အသင်းအဖွဲ့အစည်း တစ်ခုခုတွင် ပါဝင် လှုပ်ရှားနေခြင်းဟူသည့် ဒီမိုကရက်တစ်ဂုဏ်ရည်များရှိစေရန် နိုင်ငံရေးသမားများက ပြည်သူပြည်သားများကို လမ်းညွှန်ပြဆိုကြရမည်။ ထို့အတူ ဒီမိုကရေစီစနစ်၏ ဘေးထွက်ဆိုးကျိုးများနှင့် ပုံစံသစ်အာဏာရှင်များကို ပြန်လည်ခေါင်းထောင်လာစေနိုင်သည့် အခွင့်အလမ်းများအကြောင်း ပြည်သူလူထုထံ စဉ်ဆက်မပြတ် တိုက်တွန်းနှိုးဆော်ကာ အသိဉာဏ်ပညာမြှင့်တင်ပေးရေး လုပ်ငန်းစဉ်ကို လူသားအရင်းအမြစ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်မှာ နိုင်ငံရေးသမားတို့၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံရေးလောက,ကနေ တောင်အာဖရိကခေါင်းဆောင် နယ်ဆင်မင်ဒဲလား၊ အမေရိကန်သမ္မတ အိုဘားမား၊ တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်၊ မော်ရင်ရှန်ကရိုင်း (ဇင်ဘာဝေနိုင်ငံမှ အတိုက်အခံ ခေါင်းဆောင်) မျိုးတို့လို ထူးချွန်ထက်မြက်သည့် နိုင်ငံနှင့် လူမျိုးအကျိုး ရှေးရှုသည့် မျိုးဆက်သစ်ခေါင်းဆောင်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် နိုင်ငံရေးသမားတို့၏ နိုင်ငံရေးကမ်းဆင့်မှုကား အရေးကြီးလှပေသည်။

'ယနေ့မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကား မည်သူ့လက်ထဲ ရောက်ရှိနေပါသလဲ' ဟု စာရေးသူမေးချင်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ မရှိတာတော့ သေချာ၏။ ဤသည်ကို နိုင်ငံရေးသမားဆိုသည့် လူပုဂ္ဂိုလ်များ ချင့်ချိန်အဖြေရှာစေချင်ပြီဟု စာရေးသူ

www.burmeseclassic.com



ဆိုချင်ပါသည်။ နိုင်ငံရေးသမားတို့သည် မိမိတို့ကိုယ်တိုင် နိုင်ငံရေးသမားဖြစ်ရေးထက် ပြည်သူလူထုကို နိုင်ငံရေးစိတ်ဓာတ် ကိန်းအောင်းမွေးဖွား ရှင်သန်စေရန် အလေးထား လေ့ကျင့်ဆောင်ရွက်ရပေမည်။ သို့မဟုတ်က မြန်မာ့လူ့အဖွဲ့အစည်းသည် ခွေးကတက်နိုင်ငံရေးသမား၊ နိုင်ငံရေးသမား စားဖားများ၊ ပေါ်ပြူလာနိုင်ငံရေးသမားများ၏ နိုင်ငံရေးဆိုးကျိုး သံသရာထဲမှ ရုန်းမထွက်နိုင်မှာကို မျှော်တွေးရင်း မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲက နိုင်ငံရေးသမားတိုင်း ပြည်သူလူထုဆီ လမ်းမှန်နည်းမှန် နိုင်ငံရေးအသိနှင့် လူမှုဘဝ အခွင့်အလမ်းများ ဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း စာရေးသူဆန္ဒပြု မျှော်လင့်နေမိပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့်
# နိုင်ငံရေးအပြောင်းအလဲ

နိုင်ငံရေးအပြောင်းအလဲသည် မှုမှန်နိုင်ငံရေ အသွင်သဏ္ဍာန် ဖြစ်သင့်သည်။ ဝါဒတစ်ခု (ဝါ) စနစ်တစ်ခုကို ဦးဆောင်ပြောင်းလဲ တည်ဆောက်သည့် အဖွဲ့အစည်းတစ်ရပ်နှင့် နိုင်ငံရေးပါတီများကား အာဏာ၊ နေရာအပေါ် အခြေပြု၍ စဉ်းစားစွမ်းဆောင်ခြင်းထက် ပြည်သူလူထုကောင်းကျိုး ဖြစ်ထွန်းမှုအပေါ် ရေးရှု၍ စဉ်းစားစွမ်း ဆောင်သင့်သည်။ ထို့အပြင် **နိုင်ငံရေးယူနစ်တစ်ခုဖြစ်အောင် ဖန်တီး** ရပေသည်။ ဤသို့မှသာ စစ်မှန်သော နိုင်ငံရေးအပြောင်းအလဲ ဖြစ်တည်လာမည်။ တည်ငြိမ်ဖွံ့ဖြိုး စွမ်းရည်ထက်မြက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းကာ ရင့်ကျက်သော နိုင်ငံရေး အရွေ့ပုံစံဖြင့် ပျော့ပျောင်းညင်သာစွာ အုပ်ချုပ်ရေးမဏ္ဍိုင် ခိုင်မတ် အောင် တည်ဆောက်နိုင်မည် ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် 'အပြောင်းအလဲ' ကို တောင့်တ မျှော်လင့်နေကြသည်မှာ အမှန်ပင်။ ဤသို့သောအရာကို ဦးဆောင် ဦးရွက် ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ခု (ဝါ) လူပုဂ္ဂိုလ် တစ်ဦးအား အမြဲတမ်းပေါ်ထွက်လာမည့်အရေး မျှော်တွေးခဲ့ကြ သည်မှာ ခေတ်အဆက်ဆက် အစိုးရလက်ထက်များစွာကပင် ဖြစ် သည်။ သို့သော်လည်း အသုံးချနိုင်ငံရေးအရွေ့နှင့်သာ ကြုံတွေ့ခဲ့ရပြီး မြန်မာ့လူ့အဖွဲ့အစည်းသည် တစ်ပါတီအာဏာရှင်စနစ်ဒဏ်၊ စစ်

www.burmeseclassic.com

www.burmeseclassic.com



အာဏာရှင်စနစ်ဒဏ်ကို နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ကြရပေသည်။ ဤအချင်းအရာကို ထောက်ချင့်ကြည့်လျှင် လွတ်လပ်ရေးပြီးချိန်မှ မျက်မှောက်ခေတ်ကာလအထိ စနစ်ပြောင်း၊ ခေတ်ပြောင်းကြွေးကြော်သံဖြင့် မူမပြောင်း၊ လူမပြောင်း အုပ်ချုပ်ခဲ့ကြရာ၌ နိုင်ငံနှင့် လူမျိုးအပေါ် အခြေခံကျကျ မစဉ်းစားဘဲ မိမိ၏ ပါတီအဖွဲ့အစည်းသာ ထာဝရ အာဏာစက်တည်မြဲရေးကို အားပြုလုပ်ဆောင်ချက်အများကြောင့်ဟု စာရေးသူဆိုချင်ပါသည်။ ထို့အပြင် အစိုးရတစ်ရပ်၏ နိုင်ငံရေးအသုံးချမှုထဲ၌ နစ်မြုပ်ခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံရေးသင်းသတ်ခံရသလိုပင် မျိုးကန်းသည့်အနေအခြေသို့ ဆိုက်ရောက်ခဲ့ရပေသည်။ ဤသို့ဖြစ်ရခြင်းသည် နိုင်ငံရေးအပြောင်းအလဲကာလကို ပုံဖော်ဦးဆောင်ကြသော နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသူအားလုံးထဲတွင် **နိုင်ငံရေးစေတနာကောင်းမွဲကြခြင်း**ကြောင့်ဟု စာရေးသူ မှတ်ချက်ပြုချင်သည်။

ထိုသို့ပြောဆိုရခြင်းမှာ နိုင်ငံရေးအပြောင်းအလဲလုပ်သည့်အခါ နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်နေကြသည့် အဖွဲ့အစည်းများနှင့် ဦးဆောင်ဦးရွက်ပြုသော တည်ဆဲအစိုးရတို့သည် မူမှန်နိုင်ငံရေးအရွေ့ဆီသို့ ဦးတည်ရန် လိုအပ်သည်။ ထို့အတူ နိုင်ငံ၏ အတိတ်သမိုင်းထဲကနေ သင်ခန်းစာယူနိုင်သမျှ ယူဆောင်ကြပြီး နိုင်ငံရေးယူနစ်တစ်ခုဖြစ်အောင် ပေါင်းစည်းဆောင်ရွက်ကြဖို့လည်း လိုပေသည်။ စာရေးသူအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်တည်လာပြီး ၂၀၁၀ ကြားဖြတ်ရွေးကောက်ပွဲရလဒ်ကနေ ရွေ့လျားလာခဲ့သော မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို **မူမှန်နိုင်ငံရေးအရွေ့တစ်ခုဟု** မထင်မြင်မိပါ။ ဤနေရာ၌ စာရေးသူတစ်ဦးတည်း ဆန္ဒရှိသောထားအရ မေးခွန်းထုတ်စရာ ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) မြန်မာ့နိုင်ငံရေးဖြစ်စဉ်တိုင်းမှာ မြန်မာ့တပ်မတော်က အမြဲတမ်း ဘာကြောင့်လက်ဦးမှုရယူနေရတာလဲ။

(၂) မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်ရာ၌ တပ်မတော်အဖွဲ့အစည်းတစ်ရပ်အပေါ် အားပြုပြီး အဘယ့်ကြောင့် ထည့်စဉ်းစားနေရတာလဲ။

(၃) စနစ်သစ်ပုံဖော်ရာ၌ အဓိကကျလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရာ၌ နိုင်ငံသားအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရရှိမှုအပေါ် အဘယ့်ကြောင့် ဖန်တီးမပေးနိုင်ရတာလဲ။

(၄) နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသည့် အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးစုများကား နိုင်ငံရေးအပြောင်းအလဲတစ်ခု ဖန်တီးခွင့်ရရှိရေးအတွက် အဘယ့်ကြောင့် နိုင်ငံရေးကလာပ်စည်းတစ်ခုအဖြစ် အဆင်သင့်မဖြစ်နေရတာလဲ။

(၅) စနစ်တစ်ခု ခိုင်မတ်တည်တံ့ရေးအတွက် ဦးစားပေးမစဉ်းစားဘဲ အာဏာနေရာအတွက် ဦးစားပေး စဉ်းစားနေကြသည့် နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်နေကြသော အသင်းအဖွဲ့အစည်းအားလုံး၏ နိုင်ငံရေးအင်အားစုကို ယူနစ်တစ်ခုဖြစ်အောင် မစွမ်းဆောင်နိုင်ခြင်းကလည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံရေးသားကြောပြတ်ခြင်း (ဝါ) **နိုင်ငံရေးကိုယ်ဝန်ပျက်ကျခြင်း** ဖြစ်စေခဲ့သည်ကို အဘယ့်ကြောင့် သင်ခန်းစာ မယူနိုင်ကြရတာလဲ။

ဤမေးခွန်းများ၏ အဖြေသည်ကား တစ်ဖွဲ့ကောင်း တစ်ဦးကောင်းဖြင့် ဖြေဆိုရမည့် အကြောင်းအရာမဟုတ်ပါ။ အားလုံးပါဝင်နိုင်သော နိုင်ငံရေးအခင်းအကျင်းနှင့် မူမှန်နိုင်ငံရေးအရွေ့

www.burmeseclassic.com



တည်ရှိဖို့ လိုအပ်သည်။ ဤနေရာ၌ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံရေးအပြောင်းအလဲကို စွမ်းဆောင်ကြမည့် အသင်းအဖွဲ့အစည်းများသည် စိတ်ပိုင်းဆိုင်ရာ (Mindset) ကို အခြေခံကျကျ အောက်ဆုံးကနေ ထိပ်ဆုံးအထိ ပြောင်းလဲပစ်ရန် လိုချေပြီ။ ဤတွင် စွမ်းဆောင်ရည် ထက်မြက်သော စံပြနိုင်ငံရေးသမားကောင်းများ မွေးဖွားပေါ်ပေါက်လာရန် အထူးလိုအပ်သည်။ **'ပြည်သူလူထုကို ထွန်ယက်စိုက်ပျိုးနေကြသည့်'** အစိုးရတစ်ရပ်၊ နိုင်ငံရေးအင်အားစု၊ လူမှုပရဟိတအဖွဲ့တို့ကား မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ မရှိသင့်တော့ပါ။ ထိုသို့သော လူထုကောင်းကျိုးကြွေးကြော်သံဖြင့် စိတ်ခေတ်အောက်တန်းကျသော အတ္တဝါဒီတို့၏ နိုင်ငံရေးအရွေ့မျိုး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ပြန်လည်ရှင်သန်မဖွံ့ဖြိုးလိုတော့ပါ။ မူမှန်နိုင်ငံရေးအရွေ့၊ နိုင်ငံရေးစေတနာနှင့် နိုင်ငံရေး သဘောထားကြီးမှုတို့သည်သာ မျက်မှောက်ခေတ် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ စည်ပင်ဝေဆာဖွံ့ဖြိုးတည်ရှိလာစေချင်ပါသည်။

ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံကြီးသည် သေကောင်ပေါင်းလဲဖြစ်နေသော နာတာရှည်ရောဂါသည် လူနာကြီးဖြစ်နေပြီဟု စာရေးသူ ဆိုချင်ပါသည်။ ရောဂါနှင့်ဆေး ကုထုံးတည့်မှ ဖြစ်တော့မည်။ အချိန်မီကုသရန် လိုအပ်သည်။ သို့မဟုတ်က ထီးသုဉ်း၊ နန်းသုဉ်း ကြွင်းရှုံး ကြရတော့မည်။ အဘယ့်ကြောင့် ထိုသို့ပြောရလဲဆိုလျှင် အနောက်တံတိုင်းလည်း ကျိုးပေါက်လုလုဖြစ်နေပြီ။ မြောက်ပိုင်းကလည်း တာကျိုးလုဆဲဖြစ်နေပြီ။ ပြည်တွင်းတစ်ခုလုံး ခြုံငုံကြည့်လျှင် ပြည်တွင်းစစ်ဖြစ်ပွားခြင်းနှင့် ပဋိပက္ခပေါင်းစုံနှင့် အက်ကြောင်းထနေပါပြီ။ ထို့ကြောင့် **နိုင်ငံရေးသဘောထားကြီးမှုနှင့်**

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးစေတနာတို့ နိုင်ငံရေးအင်အားစုအားလုံး မြန်မာ့လူ့အဖွဲ့အစည်း၏ အနာဂတ်အရေး မျှော်တွေး၍ ထားရှိကြရန် အချိန်တန်ပြီဟု စာရေးသူဆိုချင်ပါသည်။

နိုင်ငံရေးအပြောင်းအလဲပြုလုပ်သည့်အခါ အားပြိုင်မှု၊ စိန်ခေါ်မှု၊ သွေးတိုးစမ်းမှု၊ နိုင်ငံရေးညစ်လုံးဆင်မှု စသည်ဖြင့် ကြုံတွေ့ရမည်မှာ ကေန်မုချပင်။ ဤနေရာတွင် နိုင်ငံရေးသဘောထားကြီးမှုနှင့် နိုင်ငံရေးစေတနာသည် နိုင်ငံရေးအင်အားစုအတွင်း၌ တည်ရှိရန် အရေးကြီးလာပေသည်။ ဥပမာပြဆိုသော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၀၈-ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးနှင့် သမ္မတဖြစ်ခွင့်ရရှိချင်သည်ဟူသော နိုင်ငံရေးလမ်းကြောင်းသစ် ပုံဖော်မှုဗျူဟာတစ်ရပ်အပေါ် နိုင်ငံအာဏာကို ရယူထားသော တပ်မတော်ကျောထောက်နောက်ခံ ပြုထားသည့် တည်ဆဲအစိုးရအဖွဲ့၊ တပ်မတော်စစ်ခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ထိပ်ပိုင်းခေါင်းဆောင်များက မည်ကဲ့သို့ နိုင်ငံရေးသဘောထားကြီးမှု ရှိလာမည်၊ အဘယ်မျှ နိုင်ငံရေးစေတနာ ထားရှိလာမည်ဆိုခြင်းကို မြန်မာ့လူ့အဖွဲ့အစည်းသည် ကျွဲနှစ်ကောင်ခတ်သည့်ကြားက မြေစာပင်နှယ် စောင့်မျှော်ကြည့်ကြရပေဦးမည်။ ထို့ကြောင့် လာမည့်နိုင်ငံရေးဖြစ်စဉ်အသစ်သည် မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကံကြမ္မာဝှက်ဖဲတစ်ချပ် ဖြစ်နေသည်ကို ရပ်တမိုဗိုဖြစ်စရာ ကောင်းနေပေသည်။

နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ပါဝင်ကြသည့် တပ်မတော် စစ်ခေါင်းဆောင်များသည် အတိုက်အခံ နိုင်ငံရေးအင်အားစုများ၏ နိုင်ငံရေးလှုပ်ရှားမှုများအပေါ်၌ စစ်မှန်သော နိုင်ငံရေးချဉ်းကပ်မှုတို့ဖြင့် အမြင်သစ်ပြောင်းလဲပစ်ရန် လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပ်မတော်ကို မှန်းချမှတ်"

**"စနစ်ဆိုးကို ရှုံ့မှုန်းခြင်းသာ ဖြစ်သည်"** ဆိုခြင်းအဓိပ္ပာယ်ကိုသာ ကောက်ယူသင့်သည်။ ထို့ကြောင့် ခေတ်ပြောင်းမည်ဆိုလျှင် စိတ်ပြောင်းဖို့ရန် ဦးတည်ရပေတော့မည်။ ဤနေရာ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းကို စာရေးသူ ပြေးမြင်မိသည်။

'အခု ဒီတော့ သမ္မတစနစ်ကို လိုချင်တယ်။ သမ္မတစနစ်ဟာ တိုင်းသူပြည်သားတွေသာလျှင် အရင်းခံမူလဘူတဖြစ်တယ်ဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ လူလူချင်း အတူတူပဲဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ ဒါပေမဲ့ တစ်ခုကို သတိပြုရမယ်။ အစိုးရဆိုတဲ့ အာဏာဟာ အင်မတန်အဖိုးတန် အသုံးဝင်တယ်။ အဲဒီအာဏာကိုလည်း ပစ္စည်းအင်အားကောင်းတဲ့လူတွေ အချင်းချင်းလုကြတယ်။ ရရင်လည်း လက်မလွှတ်ချင်ကြဘူး။ တိုင်းသူပြည်သားတွေဆိုတာကတော့ အဲဒီထဲမှာ ထုတ်လုပ်ပြီး အရိုက်ခံရမဲ့အခါကျမှ ပါရတာပဲ။ ဒီလိုအာဏာလုကြတဲ့အခါ 'ဒီမိုကရေစီလို့ ကြွေးကြော်ဟစ်အော်ပြီး ညာတဲ့စနစ်လည်း ရှိတယ်။ လူတွေက တိုင်းသူပြည်သားတွေက 'အစိုးရ' အာဏာအပ်လိုက်တုန်းက ကျုပ်တို့အတွက် ကောင်းအောင်လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာပဲ။ ဒါပေမဲ့ ကျုပ်တို့ကို ခင်ဗျားတို့အုပ်စိုးတဲ့လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့ အချက်သာ ဖြစ်နေတာပါပဲ။ လူတွေက တင်မြှောက်ပြီး လူတွေရဲ့ အကျိုးကိုလုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်'ဟု မြန်မာ့လူ့အဖွဲ့အစည်းအခြေခံ၌ ဒီမိုကရေစီဝါဒအစစ်ကိုသာ ဖန်တီးရမည့်အကြောင်း ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



၏ ပြောစကားကား ယနေ့နိုင်ငံရေး အပြောင်းအလဲကို တွန်းရွေ့ပုံဖော်နေကြသည့် နိုင်ငံရေးအင်အားစုအားလုံး လိုက်နာမှတ်သားသင့်ပေသည်။ ထို့အတူပင် နာတာရှည်ရောဂါသည် လူနာကြီးနှင့်တူသော ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးကို မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားပြန်လည် သင့်မြတ်ရေးဟူသည့် မြန်မာဆေးနှင့် အချိန်မီကုသဖို့ရာ နိုင်ငံရေး သဘောထားကြီးမှု၊ နိုင်ငံရေးစေတနာထားမှုတို့ နိုင်ငံရေးအင်အားစု အချင်းချင်း ပြည်ထောင်စုဝါဒ (သို့) အမျိုးသားနိုင်ငံရေး ယူနစ်တစ်ခု ဖြစ်တည်လာအောင် ပေါင်းစည်းစွမ်းဆောင်ကြရမည် ဖြစ်သည်။

အချိန်နှင့်ကာလ လျော်ညီစွာ မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို မှန်ကန်တည့်မတ်စွာ ကူးပြောင်းနိုင်ရန် အားလုံးပေါင်းစည်းစွမ်းဆောင်ဖို့ လိုအပ်သည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး၊ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခွင့်ရှိလာရေးဟူသည့် နိုင်ငံရေးလမ်းကြောင်းသစ် (New Politic Trend) အခင်းအကျင်းနှင့်အတူ မြန်မာ့လူ့အဖွဲ့အစည်း၏ အနာဂတ်ကောင်းကျိုး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးကံကြမ္မာတို့ ဖန်တီးဖြစ်ပေါ်ရာ နိုင်ငံရေးသဘောထားကြီးမှု၊ နိုင်ငံရေးစေတနာထားမှုတို့ အားကောင်းဖွံ့ဖြိုးတည်ရှိလာမည့် စစ်မှန်သော နိုင်ငံရေးအပြောင်းအလဲဆီ တွန်းရွေ့နိုင်ပါစေဟု ဆန္ဒပြုရင်း စာရေးသူ မြန်မာ့နိုင်ငံရေး နွေဦးပေါက်ရာသီကာလကို မျှော်လင့်နေမိပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံသားစိတ်

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ဦးတည်ရွေ့လျားနေသည့် မြန်မာ့လူ့အဖွဲ့အစည်းသည် ရခိုင်ပဋိပက္ခ၊ မိတ္ထီလာပဋိပက္ခ၊ လားရှိုးပဋိပက္ခ၊ မန္တလေးပဋိပက္ခ စသည့် ရုပ်ဆိုးအကျည်းတန်လှသော ဖြစ်ရပ်ဆိုးကြီးများနှင့် ထိပ်တိုက်တိုးမိနေပြီး အနာဂတ်၌ လူမျိုးစုံ၊ ဘာသာစုံအတူ ယှဉ်တွဲနေထိုင်ရေးကိစ္စအတွက် စိုးရိမ်ပူပန်စရာ ဖြစ်လာရပေသည်။ ဤနေရာ၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းတည်ငြိမ်ရေး ဆိတ်သုဉ်းနေခြင်းကို ပြယုဂ်အဖြစ် ပုံဖော်ပြနေခြင်း ဖြစ်သည်ဟု စာရေးသူ မှတ်ချက်ပြုချင်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းသည်ပင် "နိုင်ငံသားစိတ်" မည်မျှရှင်သန်နိုးကြားနေမည်လည်းဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပေသည်။ "နိုင်ငံသားစိတ်"သည် ဘာသာရေး၊ လူမျိုးရေးအပေါ်၌ အခြေမခံဘဲ မိမိလူမှုဘဝ ရှင်သန်နေထိုင်ရာ တိုင်းနိုင်ငံအပေါ် သစ္စာစောင့်သိမှု၌ အခြေခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာဆိုရိုးစကားတစ်ခု ရှိပါသည်။ 'အရိပ်နေနေ၊ အခက်ချိုးချိုး' ဆိုသော စကားရပ်ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်းသည်ပင် မိမိတိုင်းနိုင်ငံ၌ မှီတင်းနေထိုင်ခြင်းက 'အရိပ်နေနေ၊ အခက်ချိုးချိုး' ပုံသဏ္ဌာန်မျိုး (ဝါ) အသွင်ပုံစံမျိုး ဖြစ်နေပြီလားဟုဆိုညွှန်းသော စကားရပ်ပါ။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်းသည်ပင် မိမိတိုင်းနိုင်ငံ၌ မှီတင်းနေထိုင်ခြင်းက 'အရိပ်နေနေ အခက်ချိုးချိုး' သရုပ်သကန် ဖြစ်နေပြီလား ဆိုတာ အလေးပေးထည့်သွင်း စဉ်းစားတတ်ဖို့ လိုပေသည်။ အခြားဘာသာဝင်များနှင့် လူမျိုးများထက် မိမိတို့ မြန်မာနိုင်ငံသားများက "နိုင်ငံသားစိတ်" အပြည့်အဝရှိဖို့က အရေးကြီးသည်။ ထို့အတူ အခြားဘာသာဝင်လူမျိုးများကလည်း မြန်မာ့မြေပေါ်၌ မှီတင်းနေထိုင်ပြီး မျိုးဆက်ရှင်သန်ခွင့်ရရှိနေမှုအပေါ် တုံ့ပြန်ကျေးဇူးသိတတ်သည့် အနေဖြင့်သော်လည်းကောင်း၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့်အတူ နိုင်ငံသားအခွင့်အရေး တန်းတူခံစားခွင့်ရရှိနေမှုအပေါ် ပြန်လည်အလုပ်အကျွေး ပြုသည့်အနေဖြင့်သော်လည်းကောင်း၊ မိမိလူမျိုးဘာသာအပေါ် အခြေခံထားသည့် အတ္တအစွဲထက် "မြန်မာပြည်ချစ်စိတ် အခြေခံထားသော နိုင်ငံသားစိတ်" ကို အပြည့်အဝခံယူထားရှိဖို့ လိုအပ်လာသည်။ ထိုသို့ပြုမူဆောင်ရွက်ကြမှသာလျှင် ဘာသာစုံ၊ လူမျိုးပေါင်းစုံ နေထိုင်သည့် မြန်မာ့လူ့အဖွဲ့အစည်းသည် တည်ငြိမ်ရင့်ကျက်ပြီး အေးချမ်းသာယာသော လူမှုဘဝရှင်သန်မှုများကို ရရှိခံစားကြရမည် ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့်အတူ မြန်မာပြည်အပေါ်၌ စစ်မှန်သော နိုင်ငံသားစိတ်ဓာတ်ဖြင့် ကျေးဇူးသိတတ် တုန့်လှည့် ဆပ်ခဲ့ကြသည့် လူမျိုးခြား၊ ဘာသာခြား လူပုဂ္ဂိုလ်များစွာ ရှိခဲ့ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ဖြစ်ပါသောကြောင့် ဘာသာရေး၊ လူမျိုးရေးအပေါ် အခြေခံထားနေသည့် 'ပဋိပက္ခ'များကို ရှောင်ရှားကျော်လွှားကြရန် အသိဉာဏ်ပညာ မေတ္တာတရားကို အခြေခံထားသည့် ဘာသာတရား အဆုံးအမများအား လိုက်နာပြီး လူသားဝါဒလက်ကိုင်ပြု၍ လူမှုဘဝ ကောင်းကျိုးပြုရေးဆီ ဦးတည်သွားကြရန် မြန်မာလူမျိုးများအပါအဝင် ဘာသာစုံ လူမျိုးနွယ်စုံများအား စာရေးသူ နှိုးဆော်တိုက်တွန်းစကား ပန်ကြားအပ်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများက "လူမျိုးပျောက်မှာ စိုးကြောက်လှပါသည်။ မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမှ လူမျိုးပျောက်မည်" စသည့် စကားရပ်များအပေါ်၌ စိုးရိမ်ပူပန်မှု ဖြစ်နေကြသည်မှာ အမှန်ပင်။ ဝါဒမှိုင်းတိုက် ဖြန့်ဝေစကားရပ်များဟုဆိုသော် ရနိုင်သလို ၄င်းစကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် အလေးအနက်ထားပြီး မြန်မာ့နိုင်ငံသားတိုင်းသည် "နိုင်ငံသားစိတ်" အစဉ်အမြဲ ရှင်သန်နိုးကြားရန်လည်း လိုအပ်သည်။ "မိမိ၏ တာရိုးမကျိုးအောင် လုံအောင် ရှက်ဆောင်ရမည်က မိမိတို့၏ တာဝန်" ဟု မြန်မာနိုင်ငံသားတိုင်းစိတ်၌ စွဲမြဲစွာ မှတ်သိကြရပေမည်။ ဤနေရာ၌ တည်ဆဲအစိုးရအဖွဲ့၊ နိုင်ငံရေး အင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက နိုင်ငံရေး လူမျိုးရေး ဆုံးဖြတ်ခွင့် လုပ်ပိုင်ခွင့်အာဏာ ရှိနေကြသည့် ခေါင်းဆောင်များကနေ "ဘာသာရေး၊ လူမျိုးရေး" အခြေခံ ဖြစ်ပွားနေသော ပဋိပက္ခများ ကင်းရှင်းရေးဆီသို့ ဦးတည်၍ ပေါင်းစုကာ ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထိုအခါ၌ နိုင်ငံရေးယူနစ်တစ်ခုဖြစ်အောင် တည်ဆောက်ရမည့် နိုင်ငံရေးမူဝါဒ်ပြင်နှစ်စဉ် တစ်ခုသည် အရေးပါလာသည်။ ဖြစ်ထွန်းပေါ်ပေါက်လာအောင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုးစားဆောင်ရွက်သင့်သည့် နိုင်ငံသားစိတ် အခြေခံ လုပ်ရပ်တစ်ခုလည်း ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်လိုသူများ ရှိတတ်ကြသည်။ ထို့ကြောင့် သက်ဆိုင်ရာ ဘာသာရေးအသင်းအဖွဲ့တို့မှ ဤအချက်ကို သတိပြုပြီး မိမိဘာသာဝင်များအား ဘာသာရေးအစွန်းမရောက်ကြဖို့ ပဋိပက္ခအသွင် ဆောင်ခြင်းမှ ရှောင်ရှားကြဖို့ အမြဲမပြတ် နှိုးဆော်ပန်ကြားရန် လိုအပ်သည်။ ထို့အပြင် မိမိကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို အလေးအမြတ်ထားပြီး မိမိမွေးဖွားနေထိုင်ရာ တိုင်းပြည်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်ကြရမည်။ ဥပမာ အီတလီနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များကလည်း အီတလီနိုင်ငံကို ချစ်မြတ်နိုး တန်ဖိုးထားကြသလို မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များကလည်း မြန်မာနိုင်ငံကို ချစ်မြတ်နိုး တန်ဖိုးထားရမည်။ အိန္ဒိယနိုင်ငံရှိ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များက အိန္ဒိယနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားသလို မြန်မာနိုင်ငံရှိ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များကလည်း မြန်မာနိုင်ငံကို ချစ်မြတ်နိုး တန်ဖိုးထားကြရမည်။ '**ဤမြေပေါ်မှာမွေး၊ ဤမြေပေါ်မှာနေ၊ ဤမြေပေါ်က ရေကိုသောက်၊ ဤမြေကို သစ္စာဖောက်ရန် အသင်တို့ ပြုဝံ့သလော**' ဟု ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများအပါအဝင် အခြားဘာသာစုံလူမျိုးစုံတို့၏ စိတ်အစဉ်၌ သိမ်းမှတ်စွဲမြဲစွာ ပွားများထားသင့်သည်။

"နိုင်ငံရေးကို ဘာသာတရားဖြစ်တယ်လို့ ပြောဆိုကြတဲ့သူတွေဟာ ယုတ်မာညစ်ထေးတဲ့ နိုင်ငံရေးသမားများပဲ ဖြစ်ပါတယ်။ အဲဒီလူတွေရဲ့ ရည်ရွယ်ချက်မှာ ဒီလိုကြီးကြီးကျယ်ကျယ် လိမ်ဆယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းအားဖြင့် ပြည်သူတွေရဲ့စိတ်ကို ရှုပ်ထွေးစေပြီး အကြောင်း အကျိုး အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် လုပ်ခြင်း မျှသာ ဖြစ်ပါတယ်။ အမှန်မှာ ထိုသူတို့ပြုလုပ်မှုဟာ နိုင်ငံရေး မဟုတ်။ မိမိတို့အကောက်ဉာဏ်ကို သုံးပြီး မိမိတို့ကြီးပွားရေး တစ်နပ်စားနိုင်ငံရေးပဲ ဖြစ်ပါတယ်။ ကိုးကွယ်တဲ့ ဘာသာရေးမှာ လူအသီးသီးရဲ့ သက်ဝင်ယုံကြည်မှု ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ လူအသီးသီးရဲ့ ပေါင်းသင်းဆက်ဆံရေး သိပ္ပံအတတ်သာ ဖြစ်ပါ တယ်။ တို့ရဲ့ အခွင့်အရေးကိုသာ စောင့်ရှောက်ရမယ်။ အခွင့်အရေး များမှာ လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်း ပါဝင်လေ တယ်။ ဒီအခွင့်အရေးပေးရာမှာ ကျွန်တော်တို့ဟာ နိုင်ငံရေးနဲ့ ကိုးကွယ်တဲ့ ဘာသာရေး နှစ်ဌာနစပ်ကြား စည်းထားရပါလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံရေးနဲ့ ဘာသာရေးမှာ သဘောမတူ အမူကွဲပြား တခြားစီဖြစ်တဲ့အတွက်ကြောင့် ဘာသာရေးနဲ့ နိုင်ငံရေး ရောစပ်မှု ဘာသာရေးနဲ့ သဘောတရားကို ဆန့်ကျင်ရာရောက်ပါ တယ်။ အဲဒီတော့ ဘာသာရေးဟာ နောက်တမလွန်ဘဝများကို သို့မဟုတ် လောကုတ္တရာကို ရှေးရှုရတဲ့အတွက် လောကအရေးနဲ့ များစွာ မသက်ဆိုင်ပါ။ နိုင်ငံရေးဆိုတာ လောကီရေးရာသာ ဖြစ်ပါတယ်”ဟု လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း က နိုင်ငံရေးနှင့် ဘာသာရေးအကြောင်း ခွဲခြားသိမြင်ဖို့ ပြောကြားခဲ့ သည်ကို နိုင်ငံသူ နိုင်ငံသားအားလုံး အပါအဝင် မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ထဲ၌ ပါဝင်ကြသည့် ခေါင်းဆောင်များနှင့် အသင်းအဖွဲ့များ အားလုံး မှတ်ယူလိုက်နာသင့်ပေသည်။

ကျွန်တော်တို့ မြန်မာဆိုရိုးစကားနှစ်ခု ရှိပါသေးသည်။ ‘မြေနိမ့်ရာ လှံစိုက်၊ နွားရာဝဲစွဲ လဲရာသူခိုးထောင်’ဟူသည့် ဆိုရိုး

www.burmeseclassic.com

www.burmeseclassic.com



စကားရပ်ပင် ဖြစ်သည်။ အင်အားကြီးသည့် လူ့အဖွဲ့အစည်းက အင်အားနည်းသည့် လူ့အဖွဲ့အစည်းကို အနိုင်ကျင့်ခြင်းအား ဆိုလိုသည်။ လူမှုပဋိပက္ခဖြစ်စဉ်မှ ဘာသာရေးပဋိပက္ခဖြစ်စဉ်သို့ အသွင်ကူးပြောင်းသွားခြင်းမှာလည်း ဝဲဩဃနိုင်ငံရေးသံသရာ၏ အစဉ်အလာကြီးလိုပင် ဖြစ်နေပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများကလည်း မိမိနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသော လူနည်းစု အခြားဘာသာဝင်များအပေါ် အစွန်းရောက်ဝါဒီများ၏ လှုပ်ရှားမှုဖြင့် မဆက်ဆံမိဖို့ အလေးထားရှောင်ကြဉ်ပြုမူ ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထို့အပြင် အခြားဘာသာဝင်များကလည်း လူအများ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအပေါ် ဘာသာရေး အစွန်းရောက်ဝါဒီတို့၏ တုန့်ပြန်စိန်ခေါ်မှုမျိုးကို ရှောင်ရှားပြုမူနေထိုင်ကြဖို့ကလည်း အရေးကြီးလှသည်။ ဤသို့မှသာ ဘာသာစုံ လူမျိုးစုံ ယှဉ်တွဲနေထိုင်ရေးအတွက်သာမကဘဲ အနာဂတ်လူမှုဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက်ပါ ရတက်အေးရမည် ဖြစ်ပေသည်။ ထို့အတူပင် ဘာသာစုံ လူမျိုးစုံပါဝင်ပြီး တည်ငြိမ်ရင့်ကျက်ပြီး အားကောင်းဖွံ့ဖြိုးသည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်တည်ရှိလာရန် သက်ဆိုင်ရာ ဘာသာရေး ခေါင်းဆောင်များ၊ အခြားလူမှုရေး ပရဟိတအသင်းအဖွဲ့ခေါင်းဆောင်များ၊ တတ်သိပညာရှင်များနှင့် တည်ဆဲအစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များက စုပေါင်းအဖြေရှာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ဖြစ်ထွန်းပေါ်ပေါက်လာအောင် စွမ်းဆောင်နိုင်မှသာလျှင် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ အနှစ်သာရကို ထုတ်ဖော်ညွှန်းနိုင်မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တော်တို့ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ တွယ်ယှဉ်တွဲကာ ပူးပေါင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခြင်းကြောင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံသား အခွင့်အရေး တန်းတူရည်တူ ခံစားနိုင်ခွင့်ကို နိုင်ငံသားတိုင်း ရရှိခံစားကြရမည်မှာ မွေးရာပါ နိုင်ငံသားအခွင့်အရေးတစ်ရပ်ပင် ဖြစ်ကြောင်း မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးက သိရှိနားလည် ထားရမည်။ ဤအခြင်းအရာတို့သည် ဒီမိုကရေစီ လူ့အဖွဲ့အစည်း တစ်ရပ်၏ ဒီမိုကရက်တစ်ဝ္ဂဏ်ရည်တစ်ခုဟုလည်း သိရှိထားသင့် ပေသည်။ ထိုကဲ့သို့ တည်ငြိမ်အေးချမ်း သာယာဝပြောသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ဖို့ ပုံဖော်နေချိန်၌ မိမိအဖွဲ့ အစည်း အာဏာခိုင်မြဲတည်တံ့ဖို့ မစားရသည့်အမဲ သဲနှင့်ပက် ချင်ကြသော အောက်တန်းကျသည့် စိတ်ဓာတ်လုပ်ရပ်တို့ဖြင့် ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်လိုကြသူများ၏ အန္တရာယ်ကလည်း အမြဲရှိနေတတ်၏။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့ အစည်းအတွင်းရှိ ဘာသာစုံ၊ လူမျိုးစုံတို့သည် လူမှုကွန်ရက်ချိတ် ဆက်မှု အားကောင်းစွာ ပြုလုပ်ဖော်ဆောင်ရမည် ဖြစ်သလို ဘာသာရေးမှိုင်းတိုက်ခြင်းလုပ်ရပ်၊ ဘာသာရေးအစွန်းရောက်ဝါဒီ လုပ်ရပ်တို့ကိုလည်း ရှောင်ရှားကြရမည် ဖြစ်သည်။ ဘာသာစုံ၊ လူမျိုးစုံတို့၏ စိတ်သန္တာန်ထဲ၌ 'မြန်မာနိုင်ငံသားစိတ်' ကို အစဉ် အမြဲ ကိန်းအောင်းတည်ရှိဖို့ လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့ အစည်းတစ်ရပ်၊ ဘာသာရေးလူမျိုး အဖွဲ့အစည်းတို့သည် အစဉ် ဆင့် မိတ်ဖွဲ့ယှဉ်ချိတ်ဆက်မှုရှိနေရာ လူမှုဘဝရှင်သန်ဖွံ့ဖြိုးမှုနှင့် အေးဂတ် တည်ငြိမ်အေးချမ်းမှုကို ပုံဖော်ခြင်း၏ နံရံဝတံတိုင်းများပင်ဖြစ်သည်။ တစ်စုံတစ်ခုသာ လဲပြိုကျဆုံးသွားပါက လူမျိုးတုံး နိုင်ငံကျဆုံးကြရ

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည်။ ဤအချင်းအရာကို ထောက်ချင့်၍ ဘာသာစုံ လူမျိုးစုံ အတူယှဉ်တွဲနေထိုင်ရေးအတွက် လူမှုအဆောက်အအုံ အတွင်း၌ ချစ်ကြည်ရင်းနှီးစွာ၊ ညီညွတ်မှုအပြင် ငြိမ်းချမ်းရေး လမ်းစဉ်နှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်ကြဖို့ အချင်းချင်း တွန်းအားပေးကြရမည်ဖြစ်သည်။

"မိမိကိုယ်ကို၊ မိမိမိသားစုကို၊ မိမိကုမ္ပဏီကို၊ မိမိလူမျိုးကို၊ မိမိတိုင်းပြည်ကို၊ မိမိတို့၏ ကမ္ဘာအုပ်စုကြီးကိုသာ ချစ်ခင်မြတ်နိုး တတ်၍ အခြားလူများကို အခြားမိသားစုများကို၊ အခြားတိုင်းပြည် များကို၊ အခြားအခြားသော ကမ္ဘာအုပ်စုများကို မုန်းတီးတတ်သော စိတ်ထားကာ "ဣသာမစ္ဆရိယ" ဖြစ်ပေါ်ရန် အခြေခံအကြောင်း အရင်းပင် ဖြစ်၏။ ယင်းအကြောင်းအရာများကို ဗုဒ္ဓ၏ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်ဟု ဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ် တို့က အမြစ်ပြုတ်အောင် ချေဖျက်နိုင်သော စွမ်းအားရှိ၏။ သီလ ဖြူစင်မှုကို အခြေခံလျက် ဗြဟ္မစိုရ်တရားလေးပါးနှင့် ကသိုဏ်း ဆယ်ပါး၊ သမာပတ်ရှစ်ပါးတို့ကို အောင်မြင်စွာ လက်တွေ့ပွားများ အားထုတ်နိုင်ပါက သတ္တဝါအားလုံးအပေါ်၌ ညီမျှသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို အောင်အောင်မြင်မြင် စစ်မှန်သော ငြိမ်းချမ်းရေးကို အောင်အောင်မြင်မြင် ပွားများအားထုတ် ရရှိ ခံစားရမည်ဖြစ်သည်။ သို့သော် ထိုငြိမ်းချမ်းရေးကား ဈာန် သမာဓိအရှိ အားကောင်းခိုက် ရရှိနိုင်သော ယာယီငြိမ်းချမ်းရေး မျှသာ ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပြုကျင့်ရသည့် ကျင့်စဉ်ကား မြတ်ဗုဒ္ဓ၏ တစ်ခုတည်းသော ဝိပဿနာကျင့်စဉ်ပင် ဖြစ်သည်" ဟု ဖားအောက်တောရ ဆရာတော်က 'ငြိမ်းချမ်းရေး ကျင့်စဉ်' အကြောင်း ဟောမြွက်ကြားထားရာ မြန်မာ့လူ့အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ ပုထုဇဉ်လူသား အားလုံးသည် ဣသာမစ္ဆရိယ (ဝါ) မုန်းတီးစိတ်များ ပျောက်ဖျက်ပစ်ကြပြီး ဘာသာစုံ၊ လူမျိုးစုံအတူ ယှဉ်တွဲကာ နေထိုင်နိုင်မည့် **ထာဝရငြိမ်းချမ်းရေး** ရရှိအောင် စွမ်းဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပါသောကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် 'နိုင်ငံသားစိတ်' ပိုမိုနီးကြား တက်ကြွစွာ ခံယူထားတတ်မှု အလေ့အကျင့်များ အားကောင်းတည်ရှိလာစေရန် လိုအပ်ပါသည်။ ထို့အတူ အသိဉာဏ်ပညာနှင့် မေတ္တာတရား အခြေပြုထားသည့် ဘာသာတရားကို အလေးအမြတ်ထား ကိုးကွယ်ကြပြီး မိမိ၏ လူမှုဘဝ မွေးဖွားရှင်သန်ခွင့်ပြုသည့် တိုင်းပြည်အပေါ် 'နိုင်ငံသားစိတ်' အပြည့်အဝထားရှိလျက် သစ္စာစောင့်သိ၍ တုံ့ပြန်အလုပ်အကျွေးပြုရမည်ဖြစ်သလို အသက်ပေးအပ်နှင်းကာ အန္တရာယ်ရန်စွယ်ပှသမျှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ ဘာသာစုံ လူမျိုးစုံက နိုင်ငံသားတိုင်းသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် 'နိုင်ငံသားစိတ်' တစ်ဦးချင်းအားကောင်းစွာထားရှိလာအောင် လေ့ကျင့်မွေးမြူကြပြီး ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်လိုကြသည့် စိတ်ဓာတ် အောက်တန်းကျသူများ၏ မွေ့န္တရာယ်လုပ်ရပ်များကို တားဆီးကာကွယ်ပြီး လူမျိုးမတူ၊ ဘာသာမတူ၊ အတူယှဉ်တွဲနေထိုင်ရေးနှင့် တည်ငြိမ်ရင့်ကျက် အေးချမ်းသာယာသော အနာဂတ်လူ့အဖွဲ့အစည်း တစ်ရပ်အဖြစ် ပုံဖော်ထုဆစ်နိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်နှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း

မြန်မာ့လူ့အဖွဲ့အစည်းသည် **'တိုက်ပွဲဝင်စိတ်ဓာတ်'** အပြည့်ရှိသူများဖြစ်သလို **'တော်လှန်ရေးစိတ်ဓာတ်'** အစဉ်အမြဲ နိုးကြားတက်ကြွနေသူများ ဖြစ်သည်။ ထိုသို့ညွှန်းဆိုပြုရခြင်းမှာ တကောင်းခေတ်မှ အစပြု၍ ကုန်းဘောင်ခေတ် နေဝင်ချိန် သီပေါမင်းပါတော်မူပြီးနောက်ပိုင်း ကိုလိုနီခေတ် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့လက်အောက် သူ့ကျွန်ဘဝကျရောက်ခဲ့ကာ လွတ်လပ်ရေးကြိုးပမ်းမှုကာလတို့၌ မြန်မာလူမျိုးတို့သည် တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်တို့ဖြင့် နယ်ချဲ့ရန်သူအား တွန်းလှန်ချေမှုန်းခဲ့ခြင်းတို့ကြောင့်ပင် ဖြစ်သည်။ ထိုမှတဖန် ကြွင်းကျန်ရစ်ခဲ့သော ခေတ်သမိုင်းကြေးမုံပြင်များဖြစ်သည့် ပထမကျောင်းသားသပိတ်နှင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၊ ရန်ကုန်တက္ကသိုလ်ကြီးနှင့် တို့ဗမာအစည်းအရုံး၊ အလုပ်သမားသပိတ်နှင့် သခင်ပိုလှကြီး၊ တောင်သူလယ်သမား တော်လှန်ရေးနှင့် ဂဠုန်ဆရာစံ ခေါင်းဆောင်ကြီးကာနှင့် သခင်ကိုယ်တော်မှိုင်း၊ ကျောင်းသားသမဂ္ဂနှင့် အမျိုးသားရေးတေးသံ၊ ရဲဘော်သုံးကျိပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဖဆပလ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ချုပ်နှင့် မြန်မာ့လွတ်လပ်ရေးပုံရိပ်တို့ကား မြန်မာတစ်မျိုးသားလုံး၏ စိတ်သန္တာန်ထဲ၌ တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တော်လှန်ရေးစိတ်ဓာတ်တို့ကို အစဉ်အမြဲ ရှင်သန်နိုးကြားစေလျက် ရှိစေခဲ့သည်မှာ ယနေ့ထက်ထိတိုင်ပင် ဖြစ်သည်။

'တိုက်ပွဲဝင်စိတ်ဓာတ်' ဆိုသည်မှာ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့အား နယ်ချဲ့ကျွန်ပြုလိုသော တိုင်းတစ်ပါးရန်သူတို့အား မိမိပိုင်နက်မြေပေါ်၌ တစ်လက်မမျှ ကျူးကျော်မခံဘဲ တွန်းလှန်ချေမှုန်းလိုစိတ်ပင် ဖြစ်သည်။ 'တော်လှန်ရေးစိတ်ဓာတ်' မည်သည်ကား စနစ်ဆိုးအုပ်ချုပ်မှုနှင့် အစိုးရတစ်ရပ်အား အမြစ်ပြတ်ချေမှုန်းလိုစိတ် (သို့) စနစ်ကောင်းနှင့် အုပ်ချုပ်သော အစိုးရကောင်းတစ်ရပ် ပြောင်းလဲဖြစ်တည်လိုစိတ်ပင် ဖြစ်သည်။ ထိုကဲ့သို့ပင် ယနေ့မြန်မာ့လူ့အဖွဲ့အစည်းသည် တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်နှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုမှုကို အကြမ်းဖျင်းသိထားသင့်ပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ၁၉၆၂-ခုနှစ်၊ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက်ပိုင်းကာလမှ ၂၀၀၈-ခုနှစ်၊ စက်တင်ဘာ ၂၇-ရက်နေ့အထိ တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တော်လှန်ရေးစိတ်ဓာတ်တို့ မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ၌ မကိန်းအောင်း မရှင်သန်နိုင်အောင် တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်တို့က ရိုက်ချိုးဖယ်ရှားပစ်ခဲ့သလို သမိုင်းအမှန်တရားတို့သည်လည်း စနစ်ဆိုးအမှောင်ခေတ်ထဲ၌ ပျောက်ဆုံးခဲ့ရပေသည်။ သို့သော်လည်း မြန်မာတစ်မျိုးသားလုံး၏ စိတ်သန္တာန်ထဲ၌ တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တော်လှန်ရေးစိတ်ဓာတ်တို့ကား 'ဒီမိုကရေစီအရေးတော်ပုံ' အခင်းအကျင်းဖြင့် နုပျိုရှင်သန်

www.burmeseclassic.com

www.burmeseclassic.com



နိုးကြားလျက်ရှိနေလေသည်။ ကျောင်းသားသမဂ္ဂ အဆောက်အဦး နှင့် ဇူလိုင် ၇-ရက် အရေးအခင်း၊ ကျောင်းသားသမဂ္ဂနှင့် ဦးသန့် အရေးအခင်း၊ မှိုင်းရာပြည့်အရေးအခင်း၊ ရန်ကုန်စက်မှုတက္ကသိုလ် နှင့် ကိုဖုန်းမော်အရေးအခင်း၊ ရှစ်လေးလုံး အရေးတော်ပုံ၊ ၁၉၉၀-ရွေးကောက်ပွဲမှ ဒီမိုကရေစီအောင်ပွဲ အနိုင်အထက်ပြုခံရခြင်း၊ ၂၀၀၈-သံဃာလူပ်ရှားမှုနှင့် ရွှေဝါရောင်တော်လှန်ရေး၊ မကြာမီ လာတော့မည့် ၂၀၁၅-ရွေးကောက်ပွဲနှင့် ဒီမိုကရေစီလူထုတိုက်ပွဲ တို့သည်ကား မြန်မာတစ်မျိုးသားလုံး၏ တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တော်လှန်ရေးစိတ်ဓာတ်တို့အား အစဉ်ထာဝရ ရှင်သန်နိုးကြားစေ လျက်ရှိမည့် ခေတ်သစ်သမိုင်း ကြေးမုံရိပ်သွင်များပင် ဖြစ်နေ မည်ဟု စာရေးသူ ယုံကြည်ထင်မြင်မိပါသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း များထဲက ပြောစကားတစ်ခုကို စာရေးသူ သွားသတိရမိပါသည်။

'တော်လှန်ရေးဆိုတာ လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ် လူထုကိုယ်တိုင် ပါဝင်ဆောင် ရွက်ခြင်း ဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွှဲမရှောင်သာလို့လည်း လိုတယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက် အလက်တွေနဲ့ အခြားတစ်လမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူး စိမ်ကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကာန်း လို ရမ်းလို့မဖြစ်ဘူး။ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ် အလို့ အလျှောက် လူထုထကြွမှု ဖျက်ဆီးရုံ အလုပ်ကိုလည်း လက်ခံ နိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးကျယ်ဆုံး၊ ပြုပြင်ဖန်တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ ရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီး လွတ်လပ်မှု

www.burmeseclassic.com



ဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ကတော့ လူထု ပါဝင်အောင် ဆောင်ရွက်ရေးပင် ဖြစ်ပါတယ်။ တော်လှန်ရေး အောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု၊ တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွံ့ဖွံ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည်နိုးကြား လည်းဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော်ဖြေခဲ့ တယ်။ ဒီနေ့လည်း ဒီလိုပဲ ဖြေမှာပဲ။ ကျွန်တော်တို့ အခုလုပ်နေ တာအားလုံးဟာ ဘာကိုလုပ်နေတာလဲ။ ကျုပ်တို့တိုင်းပြည်ကြီးကို တော်လှန်ပြောင်းလဲနေကြတာပဲ မဟုတ်လား။ အဲဒီလို တော်လှန် ပြောင်းလဲနေတဲ့အခါ ကြမ်းသင့်တဲ့အခါ ကြမ်းခဲ့တယ်။ ကြမ်းစရာ လိုသေးရင် ကြမ်းရဦးမှာပဲ။ သို့သော်လည်း အရမ်းကြမ်းရမယ် ဆိုတာတော့ ကျွန်တော်နားလည်သလောက် တကယ့်တော်လှန် ရေးသဘောတရား မဟုတ်ဘူး။ အမိဝမ်းက ဖွားမြင်လာသော ကလေးဟာ မမွေးခင် ပဋိသန္ဓေတည်ရတယ်။ နေ့ရက်စေ့မှ မွေးဖွားရတယ်။ အဲဒီမတိုင်မီ မွေးဖွားရင်လည်း သေရင်သေမယ်။ လျှော့ရင်လည်း လျှော့မယ်။ ချည့်နဲ့ရင်လည်း ချည့်နဲ့မယ်။ အင်မတန် ကောင်းခဲတယ်။ ပြီးတော့ မွေးဖွားရင်လည်း ပြင်းပြင်းထန်ထန်နဲ့ မွေးဖွားရတာရှိတယ်။ သက်သက်သာသာနဲ့ မွေးဖွားရတာ ရှိတယ်။ အမေ၊ အဖေရဲ့ကျန်းမာရေး၊ လက်သည်လုပ်တဲ့သူ ကျင်လည်မှု အစရှိတဲ့ အခြေအနေအရ ဖြစ်တာပဲ။ အခုလည်း တချို့လူတွေက ကြမ်းမှ အာဏာသိမ်းရမယ်ဆိုပြီး ပြောကြတယ်။ ကိုင်း ရုရှား ပြည်မှာ တော်လှန်ရေးဖြစ်တုန်းက အာဏာသိမ်းယူတဲ့အခါ ကြမ်းခဲ့ရသလား။ ခြုံကြည့်ရင် မကြမ်းခဲ့ပါဘူး။ သိမ်းပြီးအာဏာ

www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ကျတော့ ပြန်ကာကွယ်တဲ့အခါမှာ ကြမ်းတာတွေ လုပ်ရတယ်။ ဘာဖြစ်လို့ အာဏာသိမ်းနေရာမှာ မကြမ်းခဲ့သလဲ” ဟု တော်လှန်ရေး သဘောတရားများကို မိန့်ခွန်းတွင် ထည့်သွင်း မြွတ်ကြားထားသည်။

ယနေ့ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် တော်လှန်ရေးစိတ်ဓာတ်နှင့် တိုက်ပွဲဝင်စိတ်ဓာတ်များ စိတ်သန္တာန်ထဲ၌ အစဉ်ကိန်းအောင်း သန္ဓေတည်ရှိမှုကား ရှေးယခင်ခေတ်များ၏ လူ့အဖွဲ့အစည်းထက် လျော့နည်းပါးနေသည်ဟု စာရေးသူ ဆိုချင်ပါသည်။ လုံးဝဥဿုံကွယ် ပျောက်ဆိတ်သုဉ်းသွားခြင်းလည်း မဟုတ်ပါ။ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ သမီးဖြစ်သူ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ‘ဆန်းသတ္တိ’ တို့နှင့်အတူ ခေတ်သစ်သမိုင်းသစ် ဒီမိုကရေစီတော်လှန်ရေး ခရီးရှည်ကြီး၌ မြန်မာတစ်မျိုးသားလုံး၏ စိတ်သန္တာန်တွင် တိုက်ပွဲဝင်စိတ်၊ တော်လှန်ရေး စိတ်ဓာတ်တို့ကား နုပျိုသစ်ရှင်သန်နိုးကြားလာပြီ ဖြစ်ပါသည်။ ဤနေရာ၌ မြန်မာ့လူ့အဖွဲ့အစည်းသည် တော်လှန်ရေးအပေါ်၌ သစ္စာမဲ့သူတို့၏ နိုင်ငံရေးပွဲစားလုပ်မှုများကို တိုက်ပွဲဝင်စိတ်ဓာတ်အပြည့်တို့ဖြင့် တော်လှန်ချေမှုန်းပစ်ရမည် ဖြစ်သည်။ ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းသည် လူသားတိုင်း မိမိကိုယ်တိုင် နိုင်ငံရေးသမားစစ်စစ်ဟု ခံယူထားကြရမည် ဖြစ်သည်။ ဤသည်ကား ဒီမိုကရေစီစနစ်၊ မြန်မာ့လူ့အဖွဲ့အစည်း၏ မွေးရာပါ နိုင်ငံသားအခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ သို့မဟုတ်က မြန်မာ့နိုင်ငံရေးသမားများသည် ကောက်ကျစ်ယုတ်မာ ညစ်ထေးကြပြီး အုပ်စုဖွဲ့ ဂိုဏ်းဖွဲ့ ကိုယ့်လူကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မြှောက်စား မသူတော်များ ဖြစ်နေကြတာကြောင့် နိုင်ငံရေး အမှန်တရားနှင့် သမိုင်းအဖြောင့်တို့မှ မြန်မာ့လူ့အဖွဲ့အစည်းသည် ဝေးသည်ထက် ဝေးနေဦးမည်သာ ဖြစ်သည်။

ယနေ့ မြန်မာ့နိုင်ငံရေးအရွေ့ကိုပင် ကြည့်ပါ။ ဒီမိုကရေစီဟာ တစ်ချိန်က စစ်အာဏာရှင်တို့၏ ပါးစပ်ခံတွင်းထဲက အာလုတ် စကားသံအဖြစ်သာ ရှိနေသေးသည်။ ဒီမိုကရေစီပြယုဂ်ကား ပါးစပ်အပြောမဟုတ်။ လက်တွေ့ အလုပ်သဘောပင် ဖြစ်သည်။ မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်မှာ အချိန်ဇယားသတ်မှတ် ပြဋ္ဌာန်းထားမှု မရှိပေ။ ဤသည်ကို ကြည့်လျှင်ပင် စနစ်တကျ နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်ခြင်းသဘော မဆောင်ဘဲ စစ်အာဏာရှင်တို့၏ သရုပ်လှည့်နိုင်ငံရေးကစားကွက် ဖော်နေခြင်း သဘောဆောင်နေသည်ကို အထင်းသား မြင်တွေ့နေရပေသည်။ **ပြုပြင်ပြောင်းလဲရေး လုပ်သည့်အခါ နိုင်ငံတော်၏ ပါဝါကို အတွင်းစည်း ထိန်းချုပ်ပိုင်ဆိုင်ထားသူ တပ်မတော်စစ်ခေါင်းဆောင်များ၏ သဘောဖြူ မနောဖြူပြီး နိုင်ငံနှင့် လူမျိုးအပေါ် ရှေးရှုထားသည့် စိတ်အခြေခံရှိဖို့က အရေးကြီးလှပေသည်။ နိုင်ငံတော်၏ ပါဝါကို အပြင်စည်းက ထိန်းချုပ်ပိုင်ဆိုင်ထားသည့် တိုင်းရင်းသားလူမျိုး များနှင့် မြန်မာပြည်သူများကလည်း စည်းနှစ်စည်း နိုင်ငံတော် ပါဝါကို ပေါင်းစည်းနိုင်အောင် စွမ်းဆောင်ကြရမည် ဖြစ်သည်။** စစ်အုပ်ချုပ်ရေးသည် တိုင်းပြည်မွဲပြာကျ စေသည့်အပြင် စစ်အနိုင်ဒ္ဓာ ရုံမြင်ကွင်းများ လူ့အဖွဲ့အစည်းအတွင်း သွေးချင်းသားချင်းများ အပေါ် အနိုင်အထက်ပြု လုမဆန်မှု များပြားနေခြင်း၊ ပြည်သာမဲ့ လူမျိုးတုံးကြတာချည်းပဲ အဖက်တင်ကျန်ရစ်ခဲ့ပြီး သမိုင်းမလှသလို အနာဂတ်ကိုလည်း အမှောင်တိုက်ထဲ သွင်းထားစေခဲ့သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် လက်တွေ့ကြုံတွေ့နေရဆဲပင် ဖြစ်ပေသည်။ ဤသည်ကို ယနေ့မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်နှင့် ဒီမိုကရေစီအရွေ့ကို ပုံဖော်ဦးဆောင်သူများဟုဆိုကြသော စစ်ခေါင်းဆောင်များကား အတိတ်သမိုင်းသင်ခန်းစာ၊ နိုင်ငံရေးဆိုးကျိုး သံသရာများကို စံနမူနာပြုပြီး တိုင်းရင်းသားလူမျိုးများနှင့် နိုင်ငံရေးအတိုက်အခံ အင်အားစုတို့ဖြင့် ပူးပေါင်းဝန်းရံကာ နိုင်ငံရေးနည်းလမ်းကျင့်သုံး၍ အဖြေရှာဖို့လိုအပ်သည်။ **'ပြည်သူချစ်လျှင် ကမ္ဘာတည်းတင်မည်'** ဟူသော ဆောင်ပုဒ်ဆိုစကားအရ တပ်မတော်စစ်ခေါင်းဆောင်တို့ကလည်း တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိပြီး သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ကာ ပြည်သူချစ်သော ပြည်သူ့တပ်မတော်အဖြစ် ဂုဏ်အင်မြင့်တင်ဆောင်ရွက်ကြစေချင်ပါသည်။ ဤသို့မှသာ နိုင်ငံရေးဆိုးကျိုးသံသရာမှ လွတ်မြောက်ပြီး ငြိမ်းချမ်းသာယာသော ဒီမိုကရေစီစံနမူနာပြည့် နိုင်ငံတော်သစ်ကို ရဟန်းရှင်လူ၊ ပြည်သူကျောင်းသား၊ တပ်မတော်သားများ၏ နိုင်ငံသားစွမ်းရည်ကောင်းတို့ဖြင့် တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်တို့ကား ယူနစ်တစ်ခုတည်း မကြည့်ရှုဘဲ ဘက်နှစ်ဘက် ခွဲခြားတည်ရှိနေသည်။ ဤသည်ကား တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်ဆိုးတို့ကြောင့်ပင်ဖြစ်သည်ဟု စာရေးသူ မှတ်ချက်ပြုချင်ပါ၏။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံရိပ်တို့ဖြင့် ပေါ်ထွန်းလာခဲ့သော တပ်မတော်ကား စနစ်ဆိုး၏ အတွင်းသည်းဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဟန်းရှင်လူ ပြည်သူကျောင်းသား ညီနောင်တိုင်းရင်းသားများက ဒီမိုကရေစီ၏ အတွင်းစည်းဖြစ်နေသည်။ တပ်မတော်သည် ဒီမိုကရေစီ၏ အပြင်စည်းဖြစ်လျက် အတွင်းစည်းဖြစ်သည့် ပြည်သူလူထုနှင့် အတိုက်အခံ နိုင်ငံရေးအင်အားစုများကို အပြင်စည်းအဖြစ် နိုင်ငံရေးပူးသတ်နည်းစနစ်ဖြင့် စစ်အာဏာရှင် အကြွင်းအကျန် စစ်ခေါင်းဆောင်အုပ်စုက ပုံသွင်းနေ၏။ ဤသည်ကိုကြည့်လျှင် မတူသော စည်းနှစ်စည်းပူးချည်မိနေခြင်း ဖြစ်နေသည်။ နိုင်ငံတော်အာဏာကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ နိုင်ငံရေးမျက်လှည့်ပြမှုနှင့် အသာစီးရနေသော တပ်မတော်က အနာဂတ်လမ်းပြမြေပုံဟု ထင်မှတ်ထားပါက နိုင်ငံတော်ပျက်သုဉ်းခြင်းဆီ ဦးတည်သွားတော့မည် ဖြစ်သည်။ အကြောင်းကား ကချင်ပြည်နယ်မြစ်ဆုံရေကာတာ အရေးကိစ္စ၊ မုံရွာမြို့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအရေးကိစ္စ၊ မြန်မာပြည်မြောက်ပိုင်းနှင့် မန္တလေးမြို့မှာ တရုတ်လူမျိုးများ နယ်မြေပိုင်းစိုးထားမှု ကျယ်ပြန့်လာခြင်းနှင့် ရခိုင်ပြည်နယ် ဘင်္ဂါလီပြဿနာ အရေးကိစ္စတို့သည်ကား ဆူဒန်နိုင်ငံကို တောင်ပိုင်းမြောက်ပိုင်း နှစ်နိုင်ငံအဖြစ် ဖရိုဖရဲပြိုကွဲသွားအောင် ဒါဖာဒေသကနေ တရုတ်တို့က လက်နက် မှောင်ခိုသွင်း၊ ဘိန်းမှောင်ခို အရောင်းအဝယ်လုပ်ကာ လူသတ်ကွင်းဖန်တီးပေးပြီး ကိုယ်ကျိုးရှာ အမြတ်ထုတ်နေသည့် ပုံစံမျိုး မြန်မာနိုင်ငံတွင်လည်း တရုတ်တို့ ခြေကုတ်ယူ အင်ပါယာချဲ့ထွင်နေတာ အထင်းသား မြင်တွေ့နေရပါပြီ။ ဤသည်ကို တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ် ကင်းမဲ့မှုဖြင့် တပ်မတော်က လျစ်လျူပြုနေခဲ့လျှင်သော်လည်းကောင်း၊ မြန်မာလူ့အဖွဲ့အစည်းက မျက်ကွယ်ပြုထားလျှင်သော်လည်းကောင်း

www.burmeseclassic.com



အနာဂတ်မြန်မာနိုင်ငံတော်သည် **Non State** နိုင်ငံတစ်ခု သေဆုံးခြင်းသို့ အမှန်တကယ် ရောက်ရှိရပေတော့မည်။ သို့အတူပင် ပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးစုများ၊ အတိုက်အခံအင်အားစု များကလည်း ယနေ့အချိန်အခါကာလသည် မြန်မာနိုင်ငံတော် အတွက် နိုင်ငံတော်တစ်ခု ပျောက်ဆုံးခြင်းအရေးဆိုက်ရောက်ချိန် ဦးတည်နေသည့်ကာလမို့ အရေးကြီးလှျင် သွေးစည်းကြရမည် ဖြစ်သောကြောင့် စုစည်းညီညာ ပြည်သာဖို့ အရေးမျှော်တွေးကာ အဖြေရှာကြရတော့မည် ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့ အစည်းနှင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲက တပ်မတော်စစ် ခေါင်း ဆောင်များ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ အတိုက်အခံ နိုင်ငံရေးအင်အားစုခေါင်းဆောင်များ အားလုံးတို့သည် နိုင်ငံတကာ ပုံရိပ်ရှင်အဖြစ် ခန့်ညားထည်ဝါလှသည့် ဆန်းသတ္တိ၊ ဆန်းဗျူဟ္တိ အပြည့်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဂုဏ် မြင့်တင်နိုင်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့သော ထူးချွန်ထက်မြက်သူ အမျိုးသမီးခေါင်းဆောင်စွမ်းရည်နှင့်အတူ တကွ ပူးပေါင်းဝန်းရံကာ 'စနစ်ကောင်းတစ်ခု တည်ဆောက်ရန် တိုင်းပြည်နှင့်လူမျိုး ဖျက်ဆီးမည့် အန္တရာယ်ရန်စွယ်မှန်သမျှကို တိုက်ပွဲဝင်စိတ်ဓာတ်၊ တော်လှန်ရေး စိတ်ဓာတ်အပြည့်ဖြင့် အမြစ် မကျန် ချေမှုန်းပစ်၍ စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ပြီး ရဲဝံ့ပြတ်သားစွာ တည်ဆောက် လျှောက်လှမ်းနိုင်ပါစေဟု စာရေးသူ တိုက်တွန်းနှိုးဆော် ဆန္ဒပြု လိုက်ရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## စံပြနိုင်ငံရေး လုပ်သားကောင်းများနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း

ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းသည် ခေတ်စနစ်နှင့် နိုင်ငံရေး အပြောင်းအလဲကာလ၌ သတိကြီးစွာထားရမည်ဖြစ်သလို နိုင်ငံရေး အသိစိတ်ဓာတ်များ နိုးကြားတက်ကြွနေရမည် ဖြစ်သည်။ ထို့အတူ လူတစ်စုကောင်းစားရေးနှင့် အုပ်စုတစ်စု ကြီးစိုးအုပ်ချုပ်ခြယ်လှယ် ရေးဆီ ဦးတည်နေသည့် နိုင်ငံရေးအပြောင်းအလဲမျိုးလားဆိုခြင်းကို ခွဲခြားသိမြင်ကြရမည်ဖြစ်သလို အကြောက်တရား စိတ်ကင်းဝေးပြီး အာဏာရှင်ဆန်သော လုပ်ရပ်များအား တော်လှန်ကြရန် အသင့် ဖြစ်နေကြရမည် ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် တည်ဆဲ အစိုးရနှင့် အတိုက်အခံ နိုင်ငံရေးအုပ်စုများအကြား နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



အဆိုက်မမိဖို့လည်း လိုအပ်သည်။ **မိမိတို့သည်သာ အမျိုးသားနိုင်ငံရေး၏ အဆုံးအဖြတ်ပေးနိုင်ကြသူများဟု ထင်မှတ်ထားကြရမည်။ နိုင်ငံခေါင်းဆောင်များကို မိမိတို့ကသာ ရွေးချယ်တင်မြှောက်မှသာ ဖြစ်နိုင်ခွင့်ရှိသလို နိုင်ငံတစ်နိုင်ငံတွင် ပြည်သူလူထုမရှိလျှင် မဖြစ်ဟု မြန်မာ့လူ့အဖွဲ့အစည်းသည် အခြေခံကျကျ လူ့တန်ဖိုးအား သိရှိနားလည်ထားရမည်။** ထိုသို့ညွှန်းဆိုပြောရသည်မှာ နိုင်ငံရေးသမားများသည် **'အာဏာနှင့်နေရာ'** တွေ့ထိချိန်တိုင်း ပြည်သူလူထုကို ကာပြန်လုပ်ကြဖို့ ဝန်မလေးတတ်ကြသည်မို့ ဖြစ်သည်။ အချိန်မရွေး ပြည်သူလူထုအား နိုင်ငံရေးလုပ်ပွဲထဲ ဖွတ်တင်းသွတ်သွင်းပြီး စတေးခံနိုင်ငံရေးလုပ်သမားများအဖြစ် အသုံးချမည့်သူများ ဖြစ်သည်။ 'အာဏာနှင့် နေရာ' အပေါ် မူတည်ပြီး နိုင်ငံရေးသမားများသည် အစပထမ၌ နိုင်ငံနှင့် ပြည်သူလူထုအတွက် **'သူရဲကောင်းများ'** ဖြစ်ကြမည်ဖြစ်သလို နောက်ပိုင်း၌ **'အာဏာယစ်မူးသည့် လူ့ဘီလူးများ'** ဖြစ်သွားကြသည်ကို မြန်မာ့သမိုင်းမှာရော ကမ္ဘာ့သမိုင်းမှာပါ ဖတ်ရှုသိမြင်ကြရပေမည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းသည် အရှိတရားကို အမှန်တရားနှင့် ယှဉ်တွဲပြီး ကြောက်စိတ်မရှိဘဲ သိမြင်နိုင်သော နိုင်ငံရေးအသိစိတ် ခွန်အားရှိကြရမည် ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် နိုင်ငံသားအနေဖြင့် နိုင်ငံရေးခံစားခွင့်ကို လူမျိုးစုအလိုက် အခြေခံတည်ရှိမှုကို အားပြုစဉ်းစားရမည်လား။ ဒေသန္တရအလိုက် ပိုင်းခြားတည်ရှိမှုကို အခြေပြုစဉ်းစားရမည်လားဆိုသော နိုင်ငံရေးဆုံးဖြတ်ချက် အခိုင်အမာချမှတ်ရန် အချိန်တန်နေပြီ။ ထိုသို့ဆိုရခြင်းကား တိုင်းရင်းသားအရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုစနစ်၊

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော် အခန်းကဏ္ဍနှင့် အမျိုးသား နိုင်ငံရေးပုံသဏ္ဌာန်၊ ပြည်တွင်းစစ်နှင့် ဒီမိုကရေစီတည်ဆောက်မှုတို့၌ နောက်ခံသမိုင်း ဖြစ်စဉ်အပေါ် မှီတည်လက်ခံစဉ်းစား၍ နိုင်ငံရေးအတွေးအခေါ် ပုံစံသစ်ကျင့်သုံးကာ အကောင်းဆုံးဖြစ်သော နည်းလမ်းများဖြင့် အသင်းအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ပြီး အဖြေရှာသင့်ကြောင်း စာရေးသူ နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ယနေ့ မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်း ကာလတွင် နိုင်ငံရေးပါတီများစွာ တည်ရှိလာခြင်း၊ လူမှုကွန်ရက် အဖွဲ့အစည်းများနှင့် NGO အဖွဲ့များ ထူပြောတည်ရှိလာခြင်းတို့ သည် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်၌ အရွေ့တစ်ခု၏ ဘေးထွက်ဆိုးကျိုးအဖြစ် အချိန်မရွေး ဦးတည်သွားနိုင်သည်။ ၎င်းအသင်းအဖွဲ့အစည်းတို့၏ နိုင်ငံရေးလိုလို လူမှုရေးလိုလို လုပ် ဆောင်မှု၌ နိုင်ငံရေးစပ်ကြား လုပ်ထုံးလုပ်နည်းဖြစ်သော ပြည်သူ လူထုကို 'အသုံးချနိုင်ငံရေးနည်းလမ်း' သုံး၍ သူရဲကောင်းမျှော်ဝါဒ မှိုင်းမိစေပါသည်။ ယနေ့မြန်မာ့တပ်မတော်သည် ဒီမိုကရေစီ နိုင်ငံတော်နှင့် စနစ်တည်ဆောက်မှု၌ ဦးဆောင်ပါဝင်နေခြင်းကား သရုပ်မှန်နိုင်ငံရေး အသွင်သဏ္ဌာန်ကို ပုံဖော်နေခြင်း ဖြစ်နိုင်သည် လားဆိုတာလည်း ကွဲပြားစွာ သိရှိဖို့လိုအပ်၏။ မြန်မာ့တပ်မတော် အနေဖြင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းအား သိသာထင်သာသည့် နိုင်ငံရေးရပ်တည်မှုကို လုပ်ဆောင်ပြရန် အချိန်တန်ပြီဖြစ်သည်။ 'သူရဲကောင်းမျှော်ဝါဒ' သည် မြန်မာ့လူ့အဖွဲ့အစည်းသည်သာ မဟုတ်ဘဲ မြန်မာ့တပ်မတော်တွင်း၌လည်း မှိုင်းမိစေမည်မှာ အမှန် ပင်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်း၏ အနာဂတ်သာယာ ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ကောင်းမွန်သော အုပ်ချုပ်ရေးမဏ္ဍိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်စောင့်ရှောက်နိုင်သော တရားစီရင်ထုံးများ၊ စစ်မှန်သော ဒီမိုကရေစီစနစ် ကျင့်သုံးရေးကို တည်ဆဲအစိုးရအဖွဲ့နှင့်အတူ တိုင်းရင်းသားလူမျိုးအဖွဲ့အစည်းများ၊ အတိုက်အခံ နိုင်ငံရေးအဖွဲ့ အစည်းများအားလုံးသည် နိုင်ငံရေးပေါင်းစည်းလုပ်ဆောင်မှု အသွင် သဏ္ဍာန် အမြန်ဆုံးတည်ဆောက်ကြရမည် ဖြစ်သည်။

ထိုကဲ့သို့ပြုမူလုပ်ဆောင်သည့်အခါ စစ်မှန်သည့် နိုင်ငံရေး သမားကောင်းများစွာရှိဖို့ လိုအပ်ပါသည်။ တည်ဆဲအစိုးရအဖွဲ့ထဲ တွင်ဖြစ်စေ၊ မြန်မာ့တပ်မတော်အတွင်း၌ဖြစ်စေ၊ အတိုက်အခံ နိုင်ငံ ရေးအုပ်စုထဲတွင်ဖြစ်စေ စံပြနိုင်ငံရေးလုပ်သားကောင်းများ မွေးဖွား တည်ရှိရမည်ဖြစ်သည်။ ယနေ့ မြန်မာ့နိုင်ငံရေးအလှည့်အပြောင်း ကာလထဲ၌ စံပြအမျိုးသားနိုင်ငံရေး အမြင်ကျယ်သူများအဖြစ် သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့အား စာရေးသူအနေဖြင့် သတ်မှတ်ညွှန်းဆို ချင်ပါသည်။ ထိုနှစ်ဦးတို့၏ နိုင်ငံအပေါ်ထားရှိသည့် စိတ်စေတနာ များသည် တူညီမှုရှိကြသော်လည်း နိုင်ငံရေးအတွေး ပုံဖော်မှု၌ ယုံကြည်ချက်၊ ခံယူချက်တို့ မတူညီနိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် ထိုနှစ်ဦး၏ နိုင်ငံရေးအသိစိတ်ဓာတ် ရှင်သန်ရာလမ်း ကြောင်း ကွဲပြားခြားနားနေခြင်းပင် ဖြစ်သည်။ **မြန်မာ့တပ်မတော်၏ ပါဝါမှ ဆင်းသက်လာသူနှင့် ပြည်သူလူထု၏ပါဝါမှ ဆင်းသက် လာသူတို့ဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။ ထိုနှစ်ဦး၏ နောက်ကွယ်မှ ပေါ်ထွက်လာသည့် ပုံရိပ်များသည် 'ကျွဲကူးရေပါ နိုင်ငံရေးလုပ် သားများ' ပင် ဖြစ်သည်။ ကျွဲကူးရေပါ နိုင်ငံရေးလုပ်သားများသည် နိုင်ငံရေးဖျက်မျိုးတစ်ခုအဖြစ် အချိန်မရွေး ပြုမူဆောင်ရွက်တည်ရှိ လာနိုင်သည်။** ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံအကျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုး ထမ်းပိုးရွက်ဆောင်လိုကြသော နိုင်ငံရေးလုပ်သားကောင်းများ မွေးထုတ်ပေးရန် တာဝန်တစ်ရပ်ရှိလာပြီဟု မှတ်ယူထားကြရမည် ဖြစ်သည်။ အခြေခံလူထု လှုပ်ရှားမှုတစ်ရပ်အဖြစ် မိမိတို့၏ ရပ်ကျေးမြို့ရွာ အုပ်ချုပ်သူများကို ဥပဒေဘောင်အတွင်းကနေ အကြောက်တရားကင်းဝေးပြီး ရွေးချယ်တင်မြှောက်ကြဖို့ ရဲဝံ့ပြတ်သားစွာ လုပ်ဆောင်ကြရမည် ဖြစ်သည်။ မိမိတို့၏ ရပ်ကျေးမြို့ရွာကောင်းကျိုး သယ်ပိုးရွက်ဆောင်ကြမည့် ရပ်ကျေးအုပ်ချုပ်သူများကို တည်ဆဲအစိုးရများ၏ အစဉ်အလာ ရွေးချယ်တင်မြှောက် ခန့်အပ်မှုများကို မြန်မာပြည်အဝှမ်း၌ ရပ်တန့်ပစ်ကြရန် မြန်မာ့လူ့အဖွဲ့အစည်းကနေ ဆန္ဒပြုဟန့်တား လုပ်ဆောင်ကြဖို့ အချိန်တန်ပြီဟု စာရေးသူ နှိုးဆော်ပန်ကြားလိုက်ရပါသည်။ ဤသို့ပြုမူဆောင်ရွက်ခြင်းသည် အခြေခံလူထုတိုက်ပွဲဆင်နွှဲပြီး အခြေခံဒီမိုကရေစီစနစ် အုတ်မြစ်ချခြင်းလည်း ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူ့အာဏာအသက်ဝင်မှုဟု မြန်မာ့လူ့အဖွဲ့အစည်းသည် သိရှိထားရမည်ဖြစ်သည်။

ယနေ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းထဲတွင် **နိုင်ငံရေးကော်လံစားများနှင့် နိုင်ငံရေးအော်လံဖားများ** လူရာတွင်ကျယ်နေတာ မြင်တွေ့ရသည်မို့ မြန်မာပြည်အနာဂတ်အတွက် စာရေးသူ ရင်လေးမိပါသည်။ နိုင်ငံရေးကော်လံစားများသည် တည်ဆဲအစိုးရဘက်တော်သားလိုလို အတိုက်အခံဘက်တော်သားလိုလို **နိုင်ငံရေးစပ်ကြားများ**ကို ဆိုလိုသည်။ အချို့သော သတင်းမီဒီယာလောကသားများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည်လည်း နိုင်ငံရေးဘေးထွက်ဆိုးကျိုးများကို ပြုမူဖြစ်ထွန်းစေနိုင်ပါသည်။ နိုင်ငံရေးအော်လံစားများသည် မစားရသည့်အမဲ သဲနှင့်ပက်မည်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျသည့် နိုင်ငံရေးသမားများကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်းတို့သည် အချိန်မရွေး ပြည်သူလူထုကို အသုံးချနိုင်ငံရေး နည်းလမ်းသုံး၍ ပဋိပက္ခဖြစ်စဉ်များကို ဖန်တီးကာ နိုင်ငံရေးစားဖား များအဖြစ် မရှက်မနွံ့ ရပ်တည်နေကြမည့်သူများဖြစ်၍ နိုင်ငံရေး အရွေ့တစ်ခုအတွက် ဖျက်မျိုးများ ဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံရေးကော်လံစားများနှင့် နိုင်ငံရေး အော်လံဖားများကို စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး ရှုတ်ချဖယ်ကြဉ် ကြဖို့ အမြဲတမ်း သတိအသင့်ရှိနေကြရမည်ဖြစ်သည်။ ထိုသူများကို လည်း မိမိလူ့အဖွဲ့အစည်းအပေါ် ဩဇာမလွှမ်းမိုးမချုပ်ခြယ်နိုင်ဖို့ မြန်မာ့လူ့အဖွဲ့အစည်းသည် ကာကွယ်စောင့်ကြည့်ရန် အစဉ်အမြဲ ပြုမူဆောင်ရွက်ကြရပေမည်။

ယနေ့မြန်မာလူ့အဖွဲ့အစည်းသည် ပြောင်းလဲနေသည့် ခေတ် ကမ္ဘာကြီးထဲတွင် လိုက်ပါပြောင်းလဲကြမည်ကို သိရှိထားဖို့လို၏။ **အထွေးအခေါ် နိုင်ငံရေးပုံစံသစ်** တည်ဆောက်မှုကို အသင်းအဖွဲ့ အားလုံး စုစည်းညီညာစွာ အားပြုပုံဖော်ကာ လူထုတိုက်ပွဲဆင်နွှဲ မှုများ၌ လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်များကို ဒီမိုကရေစီ စံနှုန်းများဖြင့် လျော်ညီမှန်ကန်စွာ ဖော်ဆောင်ပြုလုပ်ရတော့မည့် အချိန်ကာလပင် ဖြစ်သည်။ ခေတ်အဆက်ဆက်က ကျင့်သုံးလာခဲ့ သော ကျောင်းသားလှုပ်ရှားမှုများနှင့် လူထုအခြေပြု တော်လှန်ရေး ဆင်နွှဲမှုများတွင် ယခုထက်ထိ ရေးလမ်းရိုးဟောင်းကြီးနည်းဗျူဟာ ဖြစ်သည်။ 'သမင်မွေးရင်း ကျားစားရင်း' ဆိုသည့် လမ်းပေါ်ထွက် ဆန္ဒပြ၍ လူထုတိုက်ပွဲဆင်နွှဲမှုများတွင် စိတ်ခံစားပေါက်ကွဲမှု၊ သွေးထိုးလှုံ့ဆော်မှုတို့ကို အခြေမခံဘဲ တကယ့်ဥပဒေနည်းလမ်း ကျစွာ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးစွမ်းနိုင်သော စနစ်တကျ လူထုတော်လှန်ရေးမျိုး ဆင်နွဲကြရမည် ဖြစ်သည်။ ထိုသို့သော စနစ်တကျ လူထုတော်လှန်ရေးဆင်နွဲသည့်အခါ ခေါင်းဆောင်မှုကောင်း ပေးစွမ်းနိုင်မည့် စံပြနိုင်ငံရေးလုပ်သားကောင်းများ ပါဝင်နှုန်းမြင့်မားလာရန် အထူးလိုအပ်သည်။ ယနေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲကာလတွင် တည်ဆဲအစိုးရသည်လည်း စနစ်တကျ နိုင်ငံတော်တည်ဆောက်မှု မဟာဗျူဟာဆင်နွဲမှုမရှိသလို စစ်မှန်သော နိုင်ငံရေးပုံစံကောင်း တည်ဆောက်မှုများ မမြင်တွေ့ရခြင်းသည် စံပြနိုင်ငံရေးလုပ်သားကောင်းများမရှိခြင်း၏ နိုင်ငံရေးစနစ် အကောင်အထည်ဖော်ဆောင်မှု ရလဒ်၏ဆုတ်ယုတ်မှုလက္ခဏာရပ်ပင် ဖြစ်သည်။ အတိုက်အခံနိုင်ငံရေးအုပ်စုများတွင်လည်း ထိုနည်းတူစွာပင် ဖြစ်သည်။ နိုင်ငံတစ်ခုတည်ဆောက်ခြင်းနှင့် စနစ်တစ်ခု ပုံဖော်ခြင်းသည် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းအနေဖြင့် မဖြစ်နိုင်ပါ။ နိုင်ငံရေးဖြစ်စဉ်ထဲတွင် ပါဝင်ကြသော အသင်းအဖွဲ့အားလုံး စုပေါင်းလုပ်ကိုင်မှု (Team Work) ကောင်းရှိမှသာ ဖြစ်နိုင်သည်။ ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲ၌ အတိုက်အခံ နိုင်ငံရေးအင်အားစုများသည် ဒီမိုကရေစီ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးတည်ကြက်ထားပြီး လက်ညှိုးထိုး ဘေးထိုင်ဘုပြော လုပ်နေကြတာချည်းပဲ မြင်တွေ့ရသည်။ နိုင်ငံရေးအခင်းအကျင်းပုံစံသစ် တည်ဆောက်မှု၌ ၎င်းတို့သည် ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံကူညီကန်ပေးဖို့ မျှော်မြင်မတွေးခေါ်မစဉ်းစားဘဲ နိုင်ငံရေးကကြိုးရှုပ်အောင် နိုင်ငံရေးအောက်လမ်းနည်းများ ကျင့်သုံးနေကြသည်ကိုသာ မြင်တွေ့ရ၏။

မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများသည် ဒီမိုကရေစီကျင့်စဉ်နှင့်အလှမ်းဝေးနေကြသလို ပြည်သူလူထုနှင့်လည်း ဆက်ထိမှုနည်းပါး

www.burmeseclassic.com



နေကြတာ တွေ့ရှိရသည်။ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှု အသွင်သဏ္ဌာန်များကား ပွဲလမ်းသဘင် အခမ်းအနားကျင်းပသည့် နေ့ထူးနေ့မြတ်များအတွင်းမှာသာ နိုင်ငံရေးအားစမ်းမှုအနေအထား လုပ်ဆောင်မှုမျိုးပဲရှိသည်။ ရပ်ကျေးမြို့ရွာ ရုံးတိုင်းမှာလည်း လူသူ မရှိ။ တည်ငြိမ်ရင့်ကျက်သော နိုင်ငံရေးအင်အားစု တည်ဆောက်မှု များ မရှိပေ။ နိုင်ငံရေးနှင့်ပတ်သက်သော အတွေးအခေါ်၊ အယူ အဆ သဘောတရားရေးရာ၊ ဒီမိုကရေစီကျင့်စဉ်နှင့် ပြည်သူ့ အာဏာ တည်မှီနေပုံများကို မြန်မာ့လူ့အဖွဲ့အစည်းအတွင်းသို့ လေ့ကျင့် ပျိုးထောင်ပေးခြင်း၊ အသိပညာပေး ဖြန့်ဝေပေးခြင်းများ အလျဉ်းမရှိ။ သာရေး၊ နာရေးပွဲတက် နိုင်ငံရေးအသွင်သဏ္ဌာန် တည်ဆောက်မှု မျိုးသာ ရှိနေ၏။ ပြည်သူလူထု၏ အားပေးထောက်ခံမှုအား ဒီမို ကရေစီသဘောတရားများကို ပြည့်ဝစွာ သိရှိနားလည်သော ပြည်သူလူထု၏ စိတ်နှလုံးသားအသိမှ အခြေခံ၍ ရယူခြင်းမျိုး မပြုဘဲ ထင်ပေါ်ကျော်ကြားမှု တည်ဆောက်၍သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အားပြုတည်ဆောက်၍သော်လည်းကောင်း ကောက်ရိုးမီးနိုင်ငံရေးလှုပ်ရှားမှု အသွင်သဏ္ဌာန်မျိုးဖြင့်သာ ပြည်သူ လူထု၏ အားပေးထောက်ခံမှု ရယူနေကြတာချည်းပဲ တွေ့မြင်နေရ သည်။ ဤသည်ကား ပြည်သူလူထု၏ ပင်ကိုရှိပြီးသား နိုင်ငံရေး အသိစိတ်ဓာတ်ကို ထပ်မံ၍ ခွန်အားဖြည့် မြှင့်တင်ပေးရမည့်အစား အခွင့်အလမ်းမျှော်ကိုးတတ်သော အောက်တန်းကျသည့် နိုင်ငံရေး စိတ်ဓာတ်များ မွေးဖွားပေးလိုက်ခြင်းမျိုး သဘောဆောင်နေပေ သည်။ ဤအခြင်းအရာသည် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အနာဂတ်နိုင်ငံရေး ဆိုးကျိုးသံသရာဖြစ်စေမည်မှာ ကေန်ပင်။ ဤ သည်ကို မြန်မာ့လူ့အဖွဲ့အစည်းသည် သတိပြုစရာအဖြစ် မှတ်ယူ ထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းသည် မိမိကိုယ်ကိုယ် စံပြနိုင်ငံရေးလုပ်သားကောင်းအဖြစ် ကျင့်ကြံခံယူကြရမည်ဖြစ်သလို နိုင်ငံရေးသည် မိမိတို့နှင့် သက်ဆိုင်သည်ဟု သိရှိနားလည်ထား ရမည် ဖြစ်၏။ **ဒီမိုကရေစီစနစ်သည် ပြည်သူ့အာဏာဖြစ်၍ နိုင်ငံသူ နိုင်ငံသားကောင်းများ၏ မြင့်မားစိတ်ဓာတ်နှင့် လူသားဂုဏ်ရည်ကို ဖွင့်ဆိုနိုင်သည့် စနစ်ကောင်းဖြစ်ကြောင်းလည်း ခြွင်းချက်မရှိ သိမြင် ထားရမည်ဖြစ်၏။** မြန်မာ့လူ့အဖွဲ့အစည်းသည် မြန်မာ့တပ်မတော် နှင့် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သက်ရောက်မှု နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်ထဲကနေ မိမိနိုင်ငံ၏ အနာဂတ်၊ မိမိလူ့အဖွဲ့ အစည်း၏ မျိုးဆက်သစ်များအတွက် နိုင်ငံရေး ဖြစ်စဉ်ထဲ၌ **'မိမိ ကိုယ်ကိုယ် ခုခံကာကွယ်မှု'** ပြုလုပ်ရတော့မည် ဖြစ်သည်။ ဒီမို ကရေစီသည် မည်သူ့ထံတွင် တည်ရှိနေသည်ကို သဲသဲကွဲကွဲ သိရှိထားရန် လိုအပ်နေချိန်မှာ မြန်မာ့လူ့အဖွဲ့အစည်းသည် အမြင် ဝေဝါး နေစရာမလိုအပ်တော့ပေ။ ဒီမိုကရေစီသည် ဖွဲ့အစည်းပုံ အခြေခံဥပဒေထဲမှာလည်း မဟုတ်၊ နိုင်ငံတော်သမ္မတထံမှာလည်း မဟုတ်၊ မြန်မာ့တပ်မတော်နှင့် ကာချုပ်ဆီမှာလည်း မဟုတ်၊ အတိုက်အခံခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီများ၊ လူ့အဖွဲ့အစည်း များဆီမှာလည်း မဟုတ်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာသာ တည်ရှိသည်။ ဤသည်ကို သိသာထင်ရှားစွာ မြင်သာနိုင်ဖို့ အတွက် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းကနေ စံပြနိုင်ငံရေးလုပ်သား ကောင်းများ မွေးထုတ်ကြရမည်ဖြစ်သည်။ ထိုအခါ ကြားခံအဖွဲ့ အစည်းများ (Medium Calss) ဖွံ့ဖြိုးအားကောင်း တည်ရှိလာရန် အထူးလိုအပ်သည်။ ထိုအဖွဲ့အစည်းများ အားကောင်းဖြစ်ထွန်း တည်ရှိလာစေရန်အတွက်လည်း ပညာတတ်လူ့အဖွဲ့အစည်းများ

www.burmeseclassic.com

www.burmeseclassic.com



(Edu-cation Society) ဖြစ်ထွန်းတည်ရှိလာအောင် မြန်မာ့လူ့အဖွဲ့အစည်းသည် စွမ်းဆောင်ကာ တည်ဆောက်ရယူမှု ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သစ် တည်ဆောက်နေသော ဒီမိုကရေစီစနစ်သစ် ပုံဖော်ဆောင်နေသော၊ ရာစုသစ်ဆီ ရွေ့ချီနေသော မျိုးဆက်သစ်မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံရေးဆိုးကျိုးသံသရာစဲဝဂယက်ထဲမှ လွတ်မြောက်၍ အတိတ်သမိုင်း သင်ခန်းစာနည်းနာယူမှု ပြီးပြည့်စုံကာ စံပြနိုင်ငံရေးလုပ်သားကောင်းများ မွေးဖွားတည်ရှိပြီး လူမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်သော ဉာဏ်ပညာရင့်သန်သော မြင့်မားသည့် စွမ်းဆောင်ရည်ရှိသော လူသားဂုဏ်ရည်ဖွင့်ဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း အလှမ်းဝေးနေဆဲ ရွှေပြည်တော်ကြီးဆီ စာရေးသူမျှော်တွေးကာ အရောက်လှမ်းသွားချင်စိတ် ဖြစ်နေမိပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်းနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း

မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးအရွေ့ကား ဘယ်ဆီသို့ ရွေ့နေသည်ကို မြန်မာ့လူ့အဖွဲ့အစည်းက အချိန်နှင့်တပြေးညီ သိရှိထားကြရမည်။ မြန်မာနိုင်ငံသားအားလုံးသည် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်ဆက်စပ်လျက်ရှိပြီး ပြည်သူလူထု၏ အင်အားအပေါ် တည်မှီနေကြောင်းလည်း သိရှိထားရမည်။ **ဒီမိုကရေစီဟူသည် လက်ခံစဉ်းစားရမည့်အရာ ဖြစ်ပြီး ငြင်းပယ်ရမည့်အရာ မဟုတ်ကြောင်း ခြွင်းချက်မရှိ သိရှိထားဖို့လည်း လိုသည်။** ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံရေးနှင့် ဆက်နွယ်ပတ်သက်လာလျှင် 'မဆိုင်ဘူး၊ မသိဘူး၊ မရှိဘူး' ဆိုသော ဘူးခံငြင်းတတ်သည့် အမူအကျင့်နှင့် ဆန့်ကျင်ဘက်အမြင်မျိုးမရှိရန် အထူးလိုအပ်သည်။ ထို့အပြင် စနစ်တကျ လူမှုဘဝရှင်သန်နေထိုင်မှုပုံစံနှင့် စုပေါင်းလုပ်ကိုင်တတ်မှု အလေ့အကျင့်များ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ အားကောင်းဖွံ့ဖြိုး တည်ရှိလာရန်လည်း လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းသည် သူ့ရဲ ကောင်းမျှော်ဝါဒ၊ သူတစ်ပါးနောက်လိုက်ကောင်း အလေ့အထများ မွေးရာပါ စိတ်သန္တာတည်ရှိနေခြင်းကား စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ရှိနေခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးနိုင်သည်မှာ ခေတ်အဆက်ဆက်မှ ယနေ့အထိတိုင်ပင် ဖြစ်သည်။ မြန်မာလူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများက ဒီမိုကရေစီနည်းနာ အခြေခံကောင်းများနှင့် လူမှုအဆောက်အအုံအတွင်း၌ လူမှုဘဝဆက်ဆံရေးကား တည်ရှိပြီးသားဖြစ်ရာ လူ့စွမ်းအား အရင်းအမြစ် အားကောင်း ဖွံ့ဖြိုးလာစေဖို့ တည်ဆောက်ရန် မခက်ခဲပေ။ သို့သော်လည်း ၁၉၅၈-ခုနှစ် ဗိုလ်နေဝင်းဦးဆောင်သော အာဏာသိမ်း စစ်အုပ်စုမှသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံး နှင့် ၁၉၈၈-ခုနှစ် ဗိုလ်ချုပ်မှူးကြီးစောမောင် ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စုတို့အလယ် ယနေ့ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံတော် အာဏာအားစမ်းပွဲမှ ပေါ်ထွက်လာသော သမ္မတဦးသိန်းစိန် ဦးဆောင်သည့် စစ်ယူနီဖောင်းလဲ အရပ်သားအစိုးရလက်ထက်အထိ အခြေခံလူမှုအဆောက်အအုံမှ အစပြု၍ အရာအားလုံး အကျင့်ပျက်ခြစားမှုကြီးနှင့် ဆင်းရဲမွဲတေမှုဒဏ်ကြီးသည် လောက်ပိုးအိမ်ကြီးနှယ် ဖြစ်တည်ရှိနေပြီဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ် ပြန်လည်အားကောင်းရန် တည်ဆောက်ဖို့မှာ မလွယ်ကူလှတာ အမှန်ပင်ဖြစ်သည်။

စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းသည် 'အနာဂတ်စီမံကိန်း' ဟူ၍ ဘဝကို စနစ်တကျ တည်ဆောက်တတ်ကြသည့်သူများ မဟုတ်ကြတာ ၄င်းတို့၏ လူမှုဘဝ နေထိုင်မှုများက ထင်သာ ထင်သာစွာ ပြသနေပေသည်။ ထို့အတူ နိုင်ငံတော်ကို အုပ်ချုပ်နေ

www.burmeseclassic.com

www.burmeseclassic.com


သည့် အစိုးရများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံရေးအင်အားစုများ၌လည်း စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) မျိုး အဆင်သင့်မရှိပါ။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်နှင့် သမိုင်းအရွေ့များသည် 'ပဋိပက္ခ'၊ အမျိုးသားရေးဝါဒီ၊ မတည်ငြိမ်မှုတို့၌ နိုင်ငံရေးအနေအထားသည် လွတ်လပ်ရေးမရရှိမီ ကာလကနေ ယနေ့ထိတိုင် အသွင်သဏ္ဍာန်တူစွာ တည်ရှိနေတုန်းပင် ဖြစ်သည်။ ဤအချင်းအရာများသည် အချိန်နှင့်ကာလအလိုက် သမိုင်းစံတန်ဖိုး ဖြတ်တတ်မှုများ မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာ့နိုင်ငံရေးလောက၌ အားနည်းနေခြင်းကြောင့်ဟု စာရေးသူ မှတ်ချက်ပြုချင်ပါသည်။

တပ်မတော်သည် သမိုင်းအရွေ့တိုင်း နိုင်ငံရေးလက်ဦးမှု အရယူနေခြင်းသည် အဘယ့်ကြောင့် တပ်မတော်၏ စစ်မှန်ကောင်းမွန်သော နိုင်ငံရေးအနာဂတ်စီမံကိန်းသည် ဘယ်ပုံဘယ်နည်းရှိသလဲ။ တိုင်းရင်းသားလူမျိုးစုများသည် စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို အဘယ့်ကြောင့် လိုချင်နေရတာလဲ။ တိုင်းရင်းသားလူမျိုးစုများ၏ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်းသည် ဘယ်နည်းဘယ်ပုံရှိပါသလဲ။ နိုင်ငံရေး အတိုက်အခံ အင်အားစုများသည် စစ်အာဏာရှင်အစိုးရနှင့် တစ်ပါတီအာဏာရှင်စနစ်ဆိုးကို တွန်းလှန်ဖြိုချပြီး ဒီမိုကရေစီစနစ် ရယူချင်တာ ဘာကြောင့်လဲ။ နိုင်ငံရေးအတိုက်အခံ အင်အားစုများ၏ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်းများ ဘယ်နည်းဘယ်ပုံ ရှိပါသလဲ။ ထိုသို့သော မေးခွန်းများကို တည်ဆဲအစိုးရနှင့်အတူ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲတွင် ပါဝင်ကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံရေးအတိုက်အခံ အင်အားစု

www.burmeseclassic.com

www.burmeseclassic.com



အားလုံး နိုင်ငံရေးဖိုးကပ်ဖ် (Focus Political) ဖြတ်ရန် အချိန်တန်နေပြီဖြစ်သည်။ ထိုသို့မဟုတ်ပါက နိုင်ငံရေးဆိုးကျိုး သံသရာဒုက္ခဝဲဩဃထဲကနေ မြန်မာ့လူ့အဖွဲ့အစည်းသည် ရုန်းထွက်မရဖြစ်နေပေတော့မည်။ ထို့အပြင် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ကြသူများအားလုံး 'ကိုယ့်အနာ၊ သူ့ဒဏ်ရာ' သရုပ်သကန်မျိုးဖြင့်မျိုးကန်းနေသော သမိုင်းဆိုးကိုမွေးဖွားဖြစ်တည်စေသည့် အမျိုးသားရေး သစ္စာဖောက်များအဖြစ် ကျရောက်ကြမည် ဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ကြသူနိုင်ငံရေးအင်အားစု အချင်းချင်းကား နိုင်ငံ၏ အခက်အခဲပြဿနာရပ်များကို စုပေါင်းလုပ်အားဖြင့် စည်းလုံးညီညွတ်စွာ အဖြေရှာကြရတော့မည် ဖြစ်သည်။ ယဉ်ကျေးမှုသမိုင်းနှင့် လူမျိုးစုတို့၏ စံတန်ဖိုးများကို အလေးထားကာ ခေတ်သစ်လူ့ဘောင်၌ တည်ရှိနေကြသည့်မြန်မာနိုင်ငံသားတို့သည် **'နိုင်ငံရေးယဉ်ကျေးမှုသစ်'** တည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံရေး ယဉ်ကျေးမှုသစ်ဆိုရာ၌ လူမျိုးစုအချင်းချင်း သူ့သမိုင်းကိုယ့်သမိုင်း စံတန်ဖိုးထားတတ်ကြဖို့ လိုအပ်သည်။ လူမျိုးကြီးစိတ်ဓာတ်များ ဆိတ်သုဉ်းနေရမည်။ မတူပူးတွဲနေထိုင်ရေးအပေါ် အားပြုကာ နိုင်ငံရေးနည်းလမ်းကျစွာ မြန်မာနိုင်ငံ၏အနာဂတ်ကံကြမ္မာကောင်းကို ဖြေရှင်းကာ စစ်မှန်သော နိုင်ငံရေးနည်းလမ်းကောင်းများ မွေးဖွားဖြစ်တည်စေရမည်ဖြစ်သည်။

'ရန်သူမရှိ မိတ်ဆွေသာရှိ' ဟူသော ကဗျာစာဆို၊ ငြိမ်းချမ်းရေးသမား ဒဂုန်တာရာ၏ ဆိုစကားအား နိုင်ငံရေးနည်းနာတစ်ရပ်အဖြစ် နှလုံးသွင်းရန် မြန်မာ့နိုင်ငံရေးလောက၌ ပုံတင်ညွှန်းစိခဲ့၏။ ထိုသဘောတရားသည် ကောင်းလှသကဲ့သို့ အဓိပ္ပာယ်မှန်ကန်စွာဖွင့်ဆိုတတ်ဖို့လည်း လိုအပ်သည်။ တပ်မတော်သည် မြန်မာ့လူ့အဖွဲ့

www.burmeseclassic.com



အစည်းနှင့် အတိုက်အခံ နိုင်ငံရေးအင်အားစုများသည် ရန်သူမဟုတ် မိတ်ဆွေသာဖြစ်ကြောင်း ရှုမြင်ရမည်။ ထို့အတူပင် အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် မြန်မာ့လူ့အဖွဲ့အစည်းတို့ကလည်း တပ်မတော်သည် ငါတို့၏ မိတ်ဆွေဟု ရှုမြင်ကြရမည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းဖြစ်စဉ် ရှုပ်ထွေးမှုများသည် အောက်တန်းကျသော နိုင်ငံရေးအမှုအကျင့်နှင့် စနစ်ဆိုးကြောင့် ဖြစ်တည်နေရခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးယခင်မှ ဖြစ်တည်ခဲ့ပြီးသော သမိုင်းဆိုး စနစ်ဆိုးများကို ချန်ထားရစ်ခဲ့ကာ မြန်မာ့လူ့ဘောင် လောကသစ်အား ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်၍ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) ဖြင့် ထုဆစ်ပုံဖော်ရန် အချိန်အခါကောင်း ရောက်ရှိနေပါပြီ။ ဤနေရာ၌ စာရေးသူ၏ ပင်ကိုသဘောထားဆန္ဒကို ထုတ်ဖော်ပြောကြားချင်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် သမိုင်းကို လူတစ်ယောက်တည်း အပေါ်မှသာ ပုံချပြီး လက်ညှိုးထိုး စွပ်စွဲအပြစ်တင်တတ်ကြပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် မလွတ်ကင်းပါ။ ယနေ့ ဒီမိုကရေစီတော်လှန်ရေး ခရီးရှည်ကြီးမှာလည်း ဒေါ်အောင်ဆန်းစုကြည်အပေါ်ကိုသာ ပုံချပြီး လက်ညှိုးထိုးကာ သမိုင်းတရားခံဟု စွပ်စွဲပြောဆိုနေကြ၏။ ထိုသူများကား သာမန်ပြည်သူများလည်း မဟုတ်ပါ။ နိုင်ငံရေးအင်အားစုများပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီတိုက်ပွဲသည် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်အားနှင့် မအောင်မြင်နိုင်ပါ။ အခြားနိုင်ငံရေးအင်အားစုများက နိုင်ငံရေးချိန်ခွင်ရှာနိုင်မည့် အင်အားစုတစ်ရပ်အဖြစ် ဝန်းရံ

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ လိုအပ်သည်။ မြန်မာ့လူ့အဖွဲ့အစည်း၌လည်း တာဝန်ရှိသည်ဟု ယူဆထားရမည်။ **တပ်မတော်စစ်ခေါင်းဆောင်များကလည်း နိုင်ငံတော်၏ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်းများ (Real Political Future Plan) နှင့် ဒေါ်အောင်ဆန်းစုကြည်အား ပူးပေါင်းဝန်းရံဖို့ကလည်း အရေးကြီးသည့် အဓိကအကြောင်းအရာပင် ဖြစ်သည်။** ထိုသို့ပြောဆိုရခြင်းမှာ တပ်မတော်သည် မြန်မာနိုင်ငံ တည်ရှိနေသရွေ့ တည်ရှိနေမည့် အဖွဲ့အစည်းဖြစ်တာကြောင့် သမ္မတဦးသိန်းစိန် မရှိတော့သည့်ကာလ၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မရှိတော့သည့်ကာလ၌ တပ်မတော်၏ နိုင်ငံတာဝန်ရှိမှုနှင့် နိုင်ငံ့တာဝန်သိမှုတို့ကား ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် စံပြနိုင်ငံသားလုပ်အားဖြစ်ရန် အထူးလိုအပ်သည်။ နိုင်ငံနှင့် လူမျိုးအပေါ် ကတိသစ္စာတည်ရန် အထူးလိုအပ်ပါသည်။ သို့မဟုတ်ဘဲ စစ်အာဏာရှင်လက်သစ် တဖန်မွေးဖွားဖို့ရန် ဦးတည်သွားမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ အနာဂတ်ကား 'နိုင်ငံတစ်ခုပျောက်ဆုံးခြင်း၊ လူမျိုးတစ်မျိုး ပျက်သုဉ်းခြင်း' သို့ ဆိုက်ရောက်တော့မည် ဖြစ်သည်။

တပ်မတော်နှင့် နိုင်ငံရေးအတိုက်အခံ အင်အားစုများသည် စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) များ ထားကြရာ၌ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ ကောင်းစားရေးအတွက်မဟုတ်ဘဲ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် ကောင်းစားရေးအတွက်ကို ရှေးရှုရမည် ဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထု ကောင်းစားရေးအတွက် ဦးတည်စဉ်းစားရမည်ဖြစ်သလို အတိုက်အခံ နိုင်ငံရေးအင်အားစုများသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုကဲ့သို့ပင် ပြုမူရမည်ဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံရေးဖြစ်စဉ် အပြောင်းအလဲ၌ စစ်အစိုးရတစ်ဖြစ်လည်း အရပ်သားအစိုးရအဖွဲ့နှင့် ခရိုနီကြီးများသာ နိုင်ငံရေး၊ စီးပွားရေး၊ အကျိုးအမြတ် ခံစားခွင့်ရရှိနေကြပြီး ပြည်သူလူထု ၅၉ သန်းခန့်မှာ ဆင်းရဲမွဲတေမှုဒဏ် ခံစားနေကြရပေသည်။ စာရေးသူ၏ အမြင် ပြောဆိုရလျှင် စစ်အာဏာရှင်တို့သည် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံရေးလုပ်ပွဲကစားကာ '**ယဉ်ယဉ်လေး နိုင်ငံရေး အရှိန်သတ်နေသည်**' ဟု ဆိုချင်သည်။ ထိုသို့ပြောဆိုရ ခြင်းကား သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အရပ်သားအစိုးရ၏ သက်တမ်းကာလ၌ ရခိုင်ပဋိပက္ခ၊ ကချင်ပဋိပက္ခ၊ မိတ္ထီလာ၊ လားရှိုး၊ ကန့်ဘလူပဋိပက္ခဖြစ်စဉ်တို့အား ဒီမိုကရက်တစ်နည်းနာ တို့ဖြင့် ပြည်သူလူထုအား သိသာမြင်သာအောင် မဖြေရှင်းပြနိုင်ခြင်း၊ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာဏာပါဝါတည်ရှိမှု အနေအထားအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပေါ်ကိုသာ နိုင်ငံရေးသရုပ်လှည့်ပြကွက် ကစားထားခြင်း၊ 'လွှတ်တော်အသံ သည် ပြည်သူ့အသံ' ဟု ဆိုသော်လည်း မြန်မာ့လူ့အဖွဲ့အစည်း အတွက် အခြေခံကျသည့် နိုင်ငံရေးနည်းနာနှင့် လူမှုအခွင့်အလမ်း အကျိုး ပြုအဆိုများ တင်သွင်းမှု၊ ဆုံးဖြတ်ချက်နှင့် နည်းဥပဒေများ ပေါ်ထွက်လာခြင်းမရှိဘဲ စစ်အာဏာရှင်အစိုးရဘက်တော်သား များနှင့် ခရိုနီများ၏ အကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ အဆို တင်သွင်းမှု နည်းဥပဒေများသာ အတည်ပြုပြဋ္ဌာန်းနေခြင်း၊ တိုင်းရင်းသားလူမျိုးစုများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုပြုလုပ် ရာ၌လည်း မူမှန်နိုင်ငံရေးနည်းလမ်းဖြင့် အခြေပြုခြင်းမျိုးမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



စစ်အာဏာရှင်တစ်ဖြစ်လဲ အရပ်သားအစိုးရနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့၏ နိုင်ငံရေးမျက်လှည့်ပွဲ အောင်မြင်နိုင်ရေးအတွက် ကြိုးရှည်ရှည်လှန်ထားသော နိုင်ငံရေးနည်း ပရိယာယ်ကျင့်သုံးနေသည်ဟု ရှုမြင်မိ၏။ ထိုအချက်တို့အား ကြည့်ခြင်းအားဖြင့် တပ်မတော်စစ်အစိုးရတစ်ဖြစ်လဲ အရပ်သားအစိုးရနှင့် စစ်ခေါင်းဆောင်အုပ်စုတို့သည် စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) မရှိတာ သိသာထင်ရှားလှပေသည်။ ဤနေရာ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းစကားများကို စာရေးသူ ပြေးသတိရမိသည်။

'ဗမာပြည် ပြန်လည်ထူထောင်ရေး လုပ်တဲ့နေရာမျိုးမှာ အသုံးမချတာတော့ဘူး။ ဗမာ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှလည်း ပြန်မထူနိုင်ဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေးမဖြစ်နိုင်ဘူး'

'ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား။ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်၊ ခင်ဗျားတို့ အကျိုးရှိတယ်၊ မရှိဘူးဆိုတာ ခင်ဗျားတို့ စဉ်းစားဖို့လိုတယ်'

'တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖားသည်တိုင်းပြည်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူ့ဘာလုပ်လုပ် မပျက်ပါစေနဲ့၊ အဲဒါအင်မတန်ပဲ အရေးကြီးပါတယ်"

၁၉၄၇-ခုနှစ်၊ ဇူလိုင် ၁၃-ရက်နေ့က မြို့တော်ခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားခဲ့သည့် မိန့်ခွန်းထဲက ထုတ်နုတ်ပြသော စကားများပင် ဖြစ်ပါသည်။ တည်ဆဲအစိုးရနှင့် နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသော နိုင်ငံရေးအင်အားစုအားလုံးကော မြန်မာ့လူ့အဖွဲ့အစည်းကပါ မှတ်သားလိုက်နာကြရမည့် စကားများပင် ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများတွင် နိုင်ငံသားတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ခေတ်ကာလတစ်ခု၏ အစိုးရအဖွဲ့ခေါင်းဆောင် အကြီးအကဲတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) မျှော်မှန်းချက်များ ပါရှိသည်ကို တွေ့ရှိသကဲ့သို့ပင် ၎င်း၏ နိုင်ငံရေးရပ်တည် လုပ်ဆောင်မှုများ၌လည်း တွေ့မြင်ရသည်။ ထို့ကြောင့် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်နေကြသည့် နိုင်ငံရေးအင်အားစုများနှင့် တည်ဆဲအစိုးရခေါင်းဆောင်များသည် မိမိတို့၏ ပြည်သူလူထုထံသို့ တိုက်ရိုက်ပြောကြားသည့် စကားများကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း ပြောစကားများနှင့် နိုင်ငံရေး ရပ်တည်လုပ်ဆောင်မှုများထဲက စစ်မှန်သော နိုင်ငံရေးဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) မျိုး အနုသဓ္ဓေတည်ရန် လိုအပ်ပေသည်။ စကားသည် ပြောတိုင်းလည်း ကောင်းသည့်အရာမဟုတ်ခြင်းကြောင့် မြန်မာ့လူ့အဖွဲ့အစည်းထံ တိုက်ရိုက်ပြောကြားသည့်အခါ မည်သူမဆို

www.burmeseclassic.com

www.burmeseclassic.com



သတိထားကာ ချင့်ချိန်ဆင်ခြင်၍ ပြောဆိုသင့်အပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့၌ စကားလုံးအရိုးစူးခံရခြင်းကြောင့် မြန်မာ့သမိုင်း အရုပ်ဆိုးစေခဲ့သည်မှာ ရှေး၌ သာဓကဖြစ်စဉ်များ ရှိခဲ့ပေသည်။

မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ အင်အားစုတစ်ရပ်အဖြစ် ပါဝင်သော တပ်မတော်စစ်အစိုးရက ဦးဆောင်ရေးဆွဲပြဋ္ဌာန်းထားသည့် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခွင့်ရရှိရေးအကြောင်းကိစ္စရပ်များသည် မြန်မာ့နိုင်ငံရေးလောကမှာ သတင်းဂယက်ညံစေ၏။ ထို့အတူပင် တိုင်းရင်းသားလူမျိုးစုများကလည်း စစ်မှန်သော ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်၍ ဖယ်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ပူးပေါင်းရေးဆွဲနေကြခြင်းကလည်း မြန်မာ့နိုင်ငံရေးလောကကို ဂယက်ညံစေပါသည်။ **အမှန်တကယ်ဆိုလျှင် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် လူသားများက ရေးဆွဲထားသည်မို့ အချိန်မရွေး ပြင်ဆင်ရေးဆွဲနိုင်ပါသည်။ ဒီမိုကရေစီ၏ သဘောတရားကိုက လက်ခံစဉ်းစားခြင်းအရာဖြစ်ပြီး ငြင်းပယ်မှု၊ ငြင်းဆိုမှုအရာ မဟုတ်ပါ။ ဤသည်ကို တပ်မတော် စစ်ခေါင်းဆောင်များက အခြေခံကျကျ လက်ခံနိုင်ဖို့ လိုအပ်သည်။ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ် (New Politic Trend) ကို သွားရမည်။** နိုင်ငံသားနှင့် တိုင်းရင်းသားလူမျိုးစုအားလုံး တန်းတူရည်တူ ပါဝင်ခွင့်၊ ခံစားခွင့် ရှိရမည်။ ထိုနိုင်ငံရေးအခင်းအကျင်းအသစ်သည် ၂၀၁၅ ရွေးကောက်ပွဲ အနိုင်အရှုံးနှင့် မဆိုင်ပါ။ တည်ဆဲအစိုးရနှင့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစု

www.burmeseclassic.com

www.burmeseclassic.com



များ အချင်းချင်း စစ်မှန်သော အသွင်ကူးပြောင်းမှု နိုင်ငံရေးအခွင့်အလမ်းကို ပူးပေါင်းစုစည်း အဖြေရှာကြရမည်။ အချင်းချင်းလည်း ဒီမိုကရက်တစ်နည်းနှာ ပြည့်ဝစွာဖြင့် ဆွေးနွေးညှိနှိုင်းမှု၊ နိုင်ငံရေးဖြေရှင်းမှုတို့ ပူးပေါင်းပြုလုပ်ကြရမည်။ မြန်မာ့လူ့အဖွဲ့အစည်း၏လူမှုဘဝများကို စံတန်ဖိုးမြှင့်ပေးနိုင်ရန်အတွက်သော်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်မှုအားကောင်းစွာ တည်တံ့နေစေရေးအတွက်သော်လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေး သမိုင်းပုံရိပ်နှင့်အတူ တည်ရှိလာခဲ့သော မြန်မာ့တပ်မတော်၏ ဂုဏ်ရည်ကောင်းများ ပြန်လည်ရှင်သန်လာစေရန်အတွက်သော်လည်းကောင်း တည်ဆဲအစိုးရနှင့် စစ်ခေါင်းဆောင်များ၊ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ၊ နိုင်ငံရေးအင်အားစုခေါင်းဆောင်များသည် စစ်မှန်သော နိုင်ငံဆိုင်ရာ အနာဂတ်စီမံကိန်း (Real Political Future Plan) ကိုယ်စီဖြင့် စုပေါင်းအဖြေရှာကြပြီး ရာစုသစ်တစ်ခေတ်မှာ တစ်ယောက်ထွန်းဆိုသလိုမျိုး ပေါ်ထွန်းလာသည့် မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာ့ဒီမိုကရေစီ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံကာ မြန်မာတစ်မျိုးသားလုံးအရေး တူယှဉ်တွဲကာ အကျိုးပြု နိုင်ငံရေးလုပ်ဆောင်ရန် အချိန်ကျရောက်နေပြီ ဖြစ်ပါသည်။ ကမ္ဘာတစ်ခွင်ဖြန့်ကျက်ကာ တောက်ပလင်းလက်နေသည့် ဒေါ်အောင်ဆန်းစုကြည်ဆိုသော မြန်မာ့ဒီမိုကရေစီလမ်းပြကြယ်၏ အလင်းအားကိုယူ၍ နိုင်ငံ၏ သမိုင်းကောင်းအသစ်အား မွေးဖွားကြပါစို့ဟု စာရေးသူဆန္ဒပြုလိုက်ပါတော့သည်။

□

www.burmeseclassic.com

# ပညာရေးနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း

ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်အခါ၌ ပညာရေးသည် အသက်သွေးကြောကြီးတစ်ခုအဖြစ် တည်ရှိနေကြောင်း မြန်မာ့လူ့အဖွဲ့အစည်းက သိရှိထားရမည်။ ထို့အပြင် ပညာမဲ့သူ (ဝါ) ပညာမတတ်သူ များပြားနေသည့် လူ့အဖွဲ့အစည်းတစ်ရပ် ကျယ်ပြန့်ထွန်းကားနေသော နိုင်ငံသည်လည်း ဒီမိုကရေစီစနစ်ကို ဖွံ့ဖြိုးခိုင်ခံ့အောင် မတည်ဆောက် နိုင်သလို ရေရှည်တည်တံ့အောင် မထိန်းသိမ်းနိုင်ကြောင်းလည်း မြန်မာ့လူ့အဖွဲ့အစည်းက သိရှိထားရမည် ဖြစ်သည်။ ပညာရေးကို မြန်မာ့လူ့အဖွဲ့အစည်းအတွင်းသို့ မျိုးစေ့ချပေးခဲ့သည်က ကိုလိုနီအင်္ဂလိပ်အုပ်ချုပ်ရေးမတိုင်ခင် ကာလများမှ ဘုန်းတော်ကြီးသင် ကျောင်းပညာရေးဆောင်ရွက်မှုတို့ပင် ဖြစ်သည်။ ထိုမှတဖန် ဗြိတိသျှတို့ နယ်ချဲ့ကျွန်ပြုအုပ်ချုပ်ခဲ့သော ကာလတွင် မြန်မာလူမျိုးတို့ သင်ယူခဲ့ရသည့် ပညာရေးစနစ်သည် ကျွန်ပညာရေးစနစ်ဖြစ်ခြင်းကြောင့် မြန်မာမျိုးချစ်များက ကြွေးကြော်ဆန့်ကျင်ကြကာ ကိုလိုနီပညာရေးမှ အမျိုးသားပညာရေးသို့ လွတ်လပ်ရေးရရှိခြင်းနှင့်အတူ ဦးတည်ကျင့်သုံးနိုင်စေခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ဖြစ်ထွန်းပေါ်ပေါက်လာသည့် အမျိုးသားပညာရေးစနစ်ကနေ ဦးဖိုးကျား၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးသန့်တို့ကဲ့သို့သော ထူးချွန်ထက်မြက်ပြီး အမျိုးသားရေးလမ်းပြ ဦးဆောင်သူများ ပေါ်ထွန်းလာခဲ့သည်။ ထို့အတူ သခင်ဗဟိန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ သိန်းဖေမြင့်၊ ညိုမြ၊ ကျော်ငြိမ်း၊ သခင်သန်းထွန်း၊ ဦးထင်ထွတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေမောင်တင်၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့်အတူ နယ်ပယ်အသီးသီးကနေ ထူးချွန်ထင်ရှားသော အမျိုးသားပညာရေးစနစ်ကနေ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်ကြယ်ပွင့်လူငယ်များ ပေါ်ထွန်းလာခဲ့ပေသည်။ ထို့နောက်တွင်လည်း ပညာရေးသမိုင်းကောင်းကို သယ်ဆောင်လာခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီး၏ ပညာဗိမာန်ကြီးကနေ နယ်ပယ်ရပ်အသီးသီးမှ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထင်ရှားသူများ မွေးဖွားပေးလျက်ရှိတာလည်း တွေ့ရှိရပေသည်။

ထိုသို့ ပညာရေးအုတ်မြစ် ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သော်လည်း ၁၉၅၈-ခုနှစ် စစ်အာဏာရှင် ဦးနေဝင်းဦးဆောင်သော စစ်အစိုးရအဖွဲ့က အမျိုးသားပညာရေးကို စစ်အစိုးရပညာရေးအသွင်သို့ ပြောင်းလဲကျင့်သုံးခဲ့ရာမှ ယနေ့ထိတိုင် ပညာရေးမတ္တိုင်ကား မရှုမလှ ယိုင်လဲကျဆုံးခဲ့ရပေသည်။ စစ်အစိုးရအဆက်ဆက်သည် ကျောင်းသားလှုပ်ရှားမှုနှင့် လူထုအရေးတော်ပုံများဆက်စပ်ဖြစ်တည်ရှိခြင်းကို အကြွင်းမဲ့သိရှိ၍ မြန်မာ့သမိုင်း၏အထင်ကရ ပညာရေးပုံရိပ်များဖြစ်သော ရန်ကုန်စက်မှု တက္ကသိုလ် (R.I.T) ပရဝုဏ်၊ ရန်ကုန်တက္ကသိုလ်ပရဝုဏ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပရဝုဏ်တို့ကို ပညာရေးသားကြောဖြတ်ထားခဲ့သည်မှာ ယနေ့ထိတိုင်ပင် ဖြစ်သည်။ ဤအချက်သည်ပင်လျှင် မြန်မာ့ပညာရေးလောက ကျဆုံးခန်းတိုင်ခဲ့ပြီဟုဆိုက မမှားပေ။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ကြီး၏ ပညာရေးဝိညာဉ် ပြန်လည်ဦးမော့ရှင်သန်လာရေးသည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်သည်။

စစ်အစိုးရအဆက်ဆက် အုပ်စိုးခဲ့သောကာလများတွင် မြန်မာ့ပညာ ရေးနိမ့်ကျမှုနှင့်အတူ သဘာဝအတိုင်း တည်ရှိနေပြီးသား

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အားကောင်းဖွံ့ဖြိုးမှုများလည်း ပျက်စီးဆုံးရှုံးခဲ့ရပေသည်။ ထို့အတူပင် သမိုင်းဝင် သာသနာ့နယ်မြေများပင်မကျန် သမိုင်းဝင်အဆောက်အအုံများကိုပါ မောင်ပိုင်စီးကာ လက်ညှိုးထိုး ရောင်းချစားနေကြတာ ရင်ရှုမလှ စာရေးသူတို့ မြင်တွေ့ကြရပေသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် လူဦးရေ သုံးပုံနှစ်ပုံက ဆင်းရဲသားကျေးမွဲလူတန်းစား၊ အလုပ်သမား၊ လယ်သမားများဖြစ်ကြရာ ပညာရေးကဏ္ဍ၌ မသင်ယူနိုင်မှုက ရာခိုင်နှုန်းများစွာ တည်ရှိနေသလိုကျေးလက်တောရွာများတွင်လည်း စာသင်ကျောင်းများ လုံလောက်စွာ မရှိပေ။ ခေတ်အဆက်ဆက်က စစ်အစိုးရတို့၏ ဗဟိုထိန်းချုပ်ကွပ်ကဲမှု ပညာရေးစနစ်၏ ဆိုးကျိုးများကား အဂတိလိုက်စားမှုကြီးထွားနေသော ယနေ့ပညာရေးစနစ်ဆီသို့ ဦးတည်လာစေခဲ့သည်မှာ ငြင်းဆို၍ မရနိုင်ပါ။ စစ်အစိုးရအဆက်ဆက်က စာသင်ကျောင်းအရေအတွက်များစွာ ဆောက်လုပ်ပြီး ကျောင်းသား နိုင်ငံရေးအသွင်သဏ္ဌာန်ကို ချေဖျက်ရန် အပြိုးတကြီးထားကာ စနစ်တကျ အကွက်ချလုပ်ဆောင်မှုတို့ကြောင့် ရေခံမြေခံ မမှန်သောပညာရေးရှင်သန်မှုကို ခေတ်လူငယ်တို့ ငရဲခန်းပမာ ဖြတ်သန်းကြရပြီး အရေအတွက် ကျောင်းသားအဆင့်မျိုးဖြင့် လူညွန့်တုံးဘဝများ ပိုင်ဆိုင်ကြရပေသည်။ ဤအချင်းအရာကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရခေါင်းဆောင်များသည် နေရာနှင့်အာဏာကိုသာအာသာငမ်းငမ်းတက် ယစ်မူးကြပြီး ပညာရေးနှင့် တိုင်းပြည်၏အနာဂတ်ကို မစင်တွင်းပမာထား၍ လျစ်လျူပြုခဲ့ကြတာ သိသာထင်ရှားလှပေသည်။ ဤနေရာတွင် မြန်မာ့တပ်မတော်စစ်ခေါင်းဆောင်များကို စာရေးသူအနေဖြင့် ၁၉၄၆-ခုနှစ် ဧပြီလ ၂၉-ရက်နေ့နေ့က ကျင်းပသော ကျောင်းသားညီလာခံ၌ တပ်မတော်ဖခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(ဝါ) လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် 'ပညာရေးသည် နိုင်ငံရေးဖြစ်သည်' မိန့်ခွန်းစကားစုကို မိတ်ဆက်ညွှန်းဆိုပြုချင်ပါသည်။

'ဗမာပြည် ဗမာတိုင်း၏ အစည်းအဝေးတိုင်းတွင် အချိန်မမှန်ကြသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ဖြစ်ရခြင်းမှာလည်း ကျွန်နိုင်ငံဖြစ်သည့်အတွက် ပညာရေးစနစ် ညံ့ဖျင်းခဲ့ရာ အချိန်နှင့် စည်းကမ်းကို ရှိသေရမည့် အလေ့အထများ၊ အသိဉာဏ်များ မစဉ်းစားခဲ့ကြရကြောင်း၊ စည်းကမ်းစနစ်ကို လူတိုင်းသဘောပေါက်၍ လိုက်နာခြင်းသည် လွတ်လပ်သော တိုင်းပြည်နှင့် ကောင်းသောပညာရေးစနစ်များ ထွန်းကားလာသည့် တိုင်းပြည်များတွင်သာ ရှိကြရကြောင်း၊ ဗမာပြည်မှာတော့ အရင်းစစ် အမြစ်မြေကဆိုသကဲ့သို့ ဗမာ့ပညာရေးဆုတ်ခဲ့သလောက် စည်းကမ်းစနစ် သဘောနားလည်မှုလည်း ခေါင်းပါးခဲ့ရကြောင်း။ ယခုအချိန်တွင် အတတ်နိုင်ဆုံး ကျောင်းဆရာနှင့် ကျောင်းသားအင်အားစုပြီး မိမိရည်ရွယ် ရည်မှန်းသော ပညာရေးစနစ်ကို လုပ်ကြရမည်ဖြစ်ကြောင်း''ဟု မြွက်ဆိုထားပါသည်။

စာရေးသူအနေဖြင့်လည်း လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းစကားစုထဲကနေ အချိန်နှင့်စည်းကမ်းကို မလိုက်နာတတ်ခြင်းသည် ပညာမဲ့သူတို့၏ လုပ်ရပ်ဟု သိမြင်လိုက်ရသကဲ့သို့ ပညာသည် လူ့ဘဝ၏ တန်ဖိုးမဖြတ်နိုင်သော ဥစ္စာဟု အသိဉာဏ်ပညာ ပွင့်လင်းမှုဖြင့် သိမြင်ခံစားလိုက်ရပါသည်။ ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းနှင့် ပညာရေးလောကသည် အနုတ်လက္ခဏာသဘော ဆောင်နေပါသည်။ အချိန်ဆွဲနေဘဲ တည်ဆဲအစိုးရအဖွဲ့နှင့်အတူ နိုင်ငံရေးဖြစ်စဉ်ထဲတွင် ပါဝင်ကြသူ

www.burmeseclassic.com



နိုင်ငံရေးခေါင်းဆောင်များအားလုံး၊ အသိပညာရှင်အားလုံး စုစည်းညီညွတ်စွာပူးပေါင်း၍ မြန်မာ့ပညာရေးလောက ပြုပြင်ပြောင်းလဲရေး နိုင်ငံတကာအဆင့် ဆွေးနွေးပွဲများကျင်းပကာ ရလဒ်အဖြေကောင်းရှာကြရန် အချိန်တန်နေပြီဖြစ်ကြောင်း စာရေးသူ ပန်ကြားနိုးဆော်အကြံပြုအပ်ပါသည်။ သို့မဟုတ်က အဂတိလိုက်စားမှု အကျင့်ပျက်ခြစားမှု ကြီးထွားလာပြီး ကားပွဲစားတန်းပမာ၊ မှောင်ခိုအေဂျင်စီဂိုဏ်းများသဖွယ် တည်ရှိနေသော မျက်မှောက်ခေတ် မြန်မာ့ပညာရေးလောက၏ ဆိုးကျိုးအမွေကား မြန်မာနိုင်ငံတော်၏ အနာဂတ်မှေးမှိန်ကွယ်ပျောက်မှု အနေအထား ဆိုက်ရောက်နေမှုသည် စာရေးသူအနေနှင့်ရော မြန်မာ့လူ့အဖွဲ့အစည်းပါ မတွေးဝံ့စရာဖြစ်မိမှာအမှန်ပါ။

ပညာရေးလောကသည် စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် ဗဟိုချက်မနေရာဖြစ်သလို စတုတ္ထမဏ္ဍိုင် အားကောင်းတည်ရှိလာစေရန်အတွက်လည်း ထောက်တိုင်တစ်ခုသဖွယ် ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲသည့်အခါ ဒီမိုကရေစီ စံနှုန်းပြည့်မီစွာဖြင့် တည်ဆောက်ပုံဖော်ပြီး နိုင်ငံတကာပညာရေးအဆင့်ဖြစ်ပေါ်မှု တိုးတက်မှုအချိန်နှင့် တပြေးညီ အမီလိုက်နိုင်ရန် ကြိုးစားပြုပြင်ကြရမည်ဖြစ်ရာ တည်ဆဲအစိုးရအဖွဲ့တစ်ခုတည်းနှင့် မဖြစ်နိုင်ဘဲ အဘက်ဘက်က သက်ဆိုင်ရာနိုင်ငံရေး၊ လူမှုရေးအသင်းအဖွဲ့အစည်းများက ခေါင်းဆောင်များ၊ တိုင်းရင်းသား တတ်သိပညာရှင်များအပြင် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများအားလုံး ပါဝင်အားဖြည့်ပြုပြင်မှသာလျှင် ဖြစ်နိုင်ပေမည်။ မြန်မာ့ပညာရေးအခန်းကဏ္ဍ၌ အစိုးရကျောင်းများ ပညာရေး၊ ဘုန်းတော်ကြီးသင်ကျောင်း ပညာရေး၊ ကိုယ်ပိုင်ကျောင်းများ ပညာရေး၊ တက္ကသိုလ်ပညာရေးဟူ၍ အကြမ်းဖျင်းပါဝင်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ငှင်းကျောင်းများ၏ နိုင်ငံတကာအဆင့်မီ ပညာရေးသင်ကြားနိုင်မှု၊ အရည်အချင်းစံနှုန်း ပြည့်မီသည့် သင်တန်းဆရာ၊ ဆရာမများ တည်ရှိမှုတို့သည် အရေးကြီးလှပေသည်။ ထို့အပြင် ၎င်းကျောင်းတို့မှ ကျောင်းသူ ကျောင်းသားများသည် အနစ်နာခံလိုစိတ်အပြည့်ဖြင့် အများအကျိုး ဆောင်ရွက်လိုစိတ်ရှိခြင်း၊ ကျောင်းအတွင်းလောက၌ စည်းကမ်းလိုက်နာ၍ ရိုင်းပင်းကူညီလိုစိတ်နှင့် တာဝန်သိတတ်မှုရှိခြင်း လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေသည့် ပါဝင်ဆောင်ရွက်မှုတို့ဖြင့် လူ့လောကအကျိုးကို ထမ်းပိုးရွက်လိုစိတ်ရှိခြင်းစသည့် ကျောင်းတွင်းဒီမိုကရေစီနည်းနာများ ဖွံ့ဖြိုးရှင်သန်နေရမည်ဖြစ်သည်။ ၎င်းကျောင်းတို့မှ ကျောင်းသူကျောင်းသားများကိုယ်တိုင် ပင်လျှင် ကြိုးစားအားထုတ်မှု စွမ်းရည်နှင့် ဉာဏ်ပညာထက်မြက်ထူးချွန်မှုအပေါ် အခြေခံ၍ ပညာရေးအခွင့်အလမ်းကောင်းများ ဖန်တီးရယူနိုင်ခွင့် ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲသည့်အခါ ထည့်သွင်းစဉ်းစားရမည့် အချက်များသည် -

(၁) မသင်မနေရပညာရေး၊ ကလေး အားလုံးအတွက် ပညာရေး
(၂) ရေရှည်တည်တံ့၍ အကျိုးရှိသော ပညာရေး
(၃) ပညာရေးစနစ်အမျိုးမျိုး (Codes of Education)
(၄) အမျိုးသားထုတ်ကုန်ပမာဏနှင့် အမျိုးသားပျော်ရွှင်မှုပမာဏ (GNP Vs GNH)
(၅) အခြေခံဥပဒေနှင့် ပညာရေး
(၆) ဗဟိုချုပ်ကိုင်မှု လျော့ချသော ပညာရေးစနစ် (Decentralized Education System)
(၇) ကျယ်ပြန့်၍ မျှတမှုရှိသော သင်ရိုးညွှန်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



(၈) ဘာသာစကားနှင့် ပညာရေး
(၉) သင်ယူမှုကို ဗဟိုပြုသော ပညာရေး
(၁၀) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးခြင်းနှင့် ဝင်ခွင့်ဆိုင်ရာ စာမေးပွဲများ
(၁၁) ကျောင်းပြင်ပပညာရေး (Non-Formal Education)
အရွယ်ရောက်ပြီးသူများအတွက် ပညာရေး
(Adultmal Education)
ရာသက်ပန်သင်ယူခြင်းနှင့် သင်ယူမှုပတ်ဝန်းကျင်
(Life-Long Learning and Learning Environment)
(၁၂) ပုဂ္ဂလိကကျောင်း ပညာရေး (Private Education)
(၁၃) ဆရာများအတွက် ပညာရေး
(Teacher Professional Development)
(၁၄) အထက်တန်း ပညာရေး (Higher Education)
(၁၅) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး
(Vocational Education)

တို့ဖြစ်ကြောင်းကို ဆရာဒေါက်တာသိန်းလွင်က '၂၁-ရာစု ပညာရေး' စာအုပ်၌ မြန်မာနိုင်ငံပညာရေးမူဝါဒ ဘယ်လိုဖြစ်သင့်ပါသလဲ၊ ပညာရေးပေါ်လစီဆိုင်ရာ ဆွေးနွေးပွဲအတွက် ပြင်ဆင်ထားသော စာတမ်းတွင် အဆိုပြုထားသည်။

**ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသော စာရေးသူတို့ မြန်မာနိုင်ငံသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နိုင်ရန်အတွက် မဆိုထားနှင့် ပြည်တွင်းစစ် ပဋိပက္ခများ ချုပ်ငြိမ်းသွားအောင် တည်ဆဲအစိုးရကော နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ကြသူအားလုံးကပါ မစွမ်းဆောင်နိုင်ကြသေးပါ။ မြို့ပြပညာ**

www.burmeseclassic.com

www.burmeseclassic.com



**ရေးလောက ဖွံ့ဖြိုးတိုးတက်လာစေဖို့ရန် မြန်မာ့နိုင်ငံရေးနယ်ပယ် တည်ငြိမ်မှုရှိနေဖို့ကလည်း အရေးတကြီး လိုအပ်သည်။** ထို့ကြောင့် ပြည်တွင်း၌ ဖြစ်ပွားနေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး ပဋိပက္ခများကို သက်ဆိုင်ရာ နယ်ပယ် အသီးသီးက အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တည်ဆဲအစိုးရအဖွဲ့ ခေါင်းဆောင်တို့သည် နိုင်ငံရေးနည်းနာ ဒီမိုကရေစီကျင့်ထုံးများနှင့်အညီ တွေ့ဆုံဆွေးနွေးအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးသည် နိုင်ငံနှင့်လူ့အဖွဲ့အစည်းအတွက် အဘယ်မျှအရေးကြီးလှကြောင်းကို ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၂၇-ရက်၊ အမျိုးသားတော်လှန်ရေးပန်းခြံအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပညာရေးကွန်ရက် ၂-နှစ်ပြည့် အခမဲ့ပညာဒါနကျောင်းများ ရန်ပုံငွေရှာဖွေရေး ဂီတပွဲတော် အဖွင့်မိန့်ခွန်းအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သော စကားစုကို စာရေးသူ ထုတ်နုတ်တင်ပြလိုက်ပါသည်။

"ကျွန်မတို့ ပညာရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ထူးထူးထွေထွေတောင် ပြောရမယ်လို့ မထင်ပါဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုလို့ရှိရင် 'ဥစ္စာဟူသည် မျက်လှည့်တစ်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး' ဆိုပြီးတော့ သင်ရပါတယ်။ ဒါပေမဲ့ တကယ်တော့ ပညာဆိုတာ မြတ်ရွှေအိုးထက် အများကြီးပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ရွှေအိုးတစ်ခုဆိုတာဟာ ကုန်သွားအောင် သုံးလို့ရပါတယ်။ အင်မတန်မှ အသုံးကြီးတဲ့ လူတစ်ယောက်အတွက်ဆိုရင် ရွှေအိုးတစ်လုံးဟာ ဘယ်လောက်မှ

www.burmeseclassic.com



ကြာကြာခံမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပညာဆိုတာဟာ ကိုယ့်အတွက် တစ်သက်တာမကဘူး။ အခြားသူတွေအတွက်ပါ သုံးနိုင်ပါတယ်။ အခြားသူတွေအတွက်လည်း သုံးလို့မကုန်ပါဘူး။ ကိုယ်သုံးလို့လည်း မကုန်ပါဘူး။ မျှပြီးတော့လည်း သုံးလို့ရပါတယ်။ ဒါကြောင့် ပညာရေး အရေးကြီးတယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ် အရေးကြီးတာကို ပြောတာပါ။

ပညာဆိုတာ တကယ်တော့ ဆင်ခြင်တုံတရားပဲ ဖြစ်တယ်။ ကျွန်မတို့ ပညာသင်ပေးချင်တယ်ဆိုတာ ဒါတွေပါပဲ။ ကျောင်းထဲက ပညာကို ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ အားလုံးအဆင်ပြေဖို့ဆိုရင် တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်ဆံရမယ်။ အပြန်အလှန်နားလည်မှု ဘယ်လိုတည်ဆောက်ရမယ်ဆိုတာ ကျွန်မတို့ အဓိကနားလည်ဖို့လိုပါတယ်။ နိုင်ငံတစ်ခု ပြန်လည်ထူထောင်တယ်ဆိုတာ တစ်ခါတစ်လေမှ လုပ်ရတဲ့ ကိစ္စမဟုတ်ဘူး။ အချိန်ပြည့်လုပ်နေရတဲ့ ကိစ္စပါ။ ကျွန်မတို့ဟာ နေ့တဓူဝ ပြန်လည်ပြီးတော့ ပြန်လည်ထူထောင်ရမှာပါ။ ကျွန်မတို့နိုင်ငံ ဆင်းရဲတယ်ဆိုတာ အားလုံးကသိပါတယ်။ သဘာဝအရ ဆင်းရဲတာမဟုတ်ဘူး။ စနစ်ကြောင့် ဆင်းရဲတယ်ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ပြီးတော့ စနစ်ကို ပြောင်းဖို့ဆို ပညာလိုတယ်။ ပြောင်းချင်တိုင်း ပြောင်းလို့မရဘူး။ ပြောင်းပုံပြောင်းနည်းကလည်း မှန်ကန်ဖို့ လိုပါတယ်။ အဲဒီပုံ ပြောင်းပုံပြောင်းနည်း မှန်ကန်ဖို့ဆိုတာ ကျွန်မတို့ ပြည်သူတွေဟာ ပညာတတ်ဖို့လိုတယ်ဆိုတာ ကျွန်မ ခဏခဏ ပြောတဲ့ကိစ္စပါ။ ပညာဆိုတာ ကလေးလူကြီးမရွေးအတွက် ဖြစ်ပါတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ချမ်းသာတယ်ဆိုတာ အဓိကကတော့ ပြည်သူပြည်သားတွေရဲ့ အရည်အချင်းပေါ်မှာ အများကြီး တည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သယံဇာတပစ္စည်းတွေ ဘယ်လောက်ပဲများနေများနေ ပြည်သူလူထုဟာ အရည်အချင်းမရှိဘူး၊ စိတ်ဓာတ်မမြင့်မားဘူးဆိုရင် ကျွန်မတို့ ချမ်းသာနိုင်မှာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံအချို့ကို ကြည့်လိုက်မယ်ဆိုရင် ဘာသယံဇာတပစ္စည်းတွေရှိတဲ့ နိုင်ငံတွေမဟုတ်ပါဘူး။ သဘာဝအားဖြင့် မရှိဘူး။ ဒါပေမဲ့ မိမိတို့ နိုင်ငံသူ နိုင်ငံသားတွေကို တကယ့်ရတနာတွေဖြစ်အောင် ပြုစုပျိုးထောင်နိုင်ခဲ့တယ်။ ကျွန်မတို့လည်း ဒီအတိုင်းပဲ။ ကျွန်မတို့ရဲ့ ပြည်သူလူထုကို တကယ့်ရတနာတွေဖြစ်အောင် ကျွန်မတို့ ပြုစုပျိုးထောင်ချင်တယ်''ဟု မြွက်ဆိုထားပါသည်။

စာရေးသူအနေဖြင့်လည်း မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးငယ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းစကားတွေထဲကနေ အရည်အချင်းရှိပြီး စိတ်ဓာတ်မြင့်မားသည့် ပြည်သူလူထုဖြစ်ရန်၊ ပြည်တန်ရတနာကောင်းစစ်စစ် နိုင်ငံသူနိုင်ငံသားများရန် ပညာရေးသည် လူ့ဘဝ၏ တန်ဖိုးအနဂ္ဃ ထိုက်တန်ကြောင်းကို အသိဉာဏ်ပညာ ပွင့်လင်းမှုဖြင့် သိမြင်ခံစားလိုက်ရပါသည်။ **မြန်မာ့လူ့အဖွဲ့အစည်းသည် သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကပင် ဒီမိုကရက်တစ်နည်းနာများ ရှိခဲ့ပေသည်။ ကိုးကွယ်ရာ ဗုဒ္ဓဘာသာတရား ကိုယ်၌က မြဟ္မစိုရ်တရားလေးပါး တည်ရှိမှု၊ မေတ္တာတရား နက်ရှိုင်းမှု၊ သစ္စာတရား သက်ဝင်ယုံကြည်မှု၊ စိတ်ငြိမ်းချမ်းမှု၊ ရုပ်ငြိမ်းချမ်းမှုတို့ ပြဆိုထားသည်ဖြစ်ခြင်းကြောင့် အသိဉာဏ်ပညာကို ဦးစားပေးသော လူ့အဖွဲ့အစည်းပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါ၏။** သို့သော်လည်း ယနေ့ မြန်မာလူ့အဖွဲ့အစည်းအတွင်းတွင် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပျောက်ကွယ်ဆိတ်သုဉ်းနေပြီး စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



သေးနုတ်ညံ့ဖျင်း ယုတ်မာရိုင်းစိုင်းလာနေကြတာကို တွေ့မြင်ကြရပေသည်။ ဤသည်ကား မြန်မာ့လူ့အဖွဲ့အစည်းသည် ပညာရေးလောက ပျက်စီးယိုယွင်းမှုနှင့် အဂတိလိုက်စားမှု၊ အကျင့်ပြခြစားမှုတို့၏ ဘေးထွက်ဆိုးကျိုးဒဏ်ခံနေရပြီး ပညာမဲ့ ကျော်မွဲလူတန်းစားဦးရေ မြင့်တက်လာသည်မှာ လူဦးရေသုံးပုံနှစ်ပုံလောက် ရှိနေခြင်း၏ ပြယုဂ်ပင် ဖြစ်သည်။

**မြန်မာ့ပညာရေးလောက ပျက်စီးယိုယွင်းနေခြင်းသည် အခြေခံပညာမူလတန်းကျောင်း ပညာရေး၊ အလယ်တန်းကျောင်းပညာရေး၊ အထက်တန်းကျောင်းပညာရေးနှင့် တက္ကသိုလ်ပညာရေးကျောင်းတို့တွင် သင်ကြားမှုဆိုင်ရာ ဆရာ/ဆရာမများ အရည်အချင်း မပြည့်ဝမှု၊ ထုံးတမ်းအစဉ်အလာ ကျောင်းတွင်းစည်းကမ်းတာဝန်များ မလိုက်နာမှု၊ ဝန်ထမ်း ဆရာ/ဆရာမများကိုယ်တိုင် ကျူရှင်ဖွင့်ကာ ဝန်ထမ်းကျင့်ဝတ် ဖောက်ဖျက်မှု၊ စာသင်ကျောင်းများ၌ အရိုးခံပြည့် သင်ထောက်ကူပြုလုပ်ငန်းများ မဆောင်ရွက်ကြဘဲ ဆရာ/ဆရာမများကိုယ်တိုင် ကိုယ်ကျိုးစီးပွားရှာခြင်း၊ အဓမ္မဝါဒီဆန်မှု စသည်တို့ကြောင့် စွမ်းရည်ပြည့်ဝ ကျောင်းသားများ မွေးထုတ်မပေးနိုင်ဘဲ အရေအတွက်များများ ညံ့ဖျင်းသော ကျောင်းသားများကိုသာ မွေးထုတ်ပေးနေသည်မို့ မြန်မာ့ပညာရေးလောက၏ အနာဂတ်ကား ခြတောင်ပို့တွင်းထဲ စုန်းစုန်းမြှုပ်ကျသည့်အလား ဆိုးရွားလျက်ရှိနေပေသည်။** မြန်မာ့လွတ်လပ်ရေးသမိုင်း ကြိုးပမ်းမှုကာလ၏ အထင်ကရ ပြယုဂ်တစ်ခုဖြစ်ခဲ့သလို ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး၊ တစ်ပါတီအာဏာရှင်စနစ် ဆန့်ကျင်ရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးသည့် ကျောင်းသားလှုပ်ရှားမှုများနှင့် လူထုတိုက်ပွဲဆင်နွှဲရာ အခြေပြုမြေဖြစ်သည့် ပညာဗိမာန်ကြီး ရန်ကုန်တက္ကသိုလ်သည်လည်း လျှင် သုသာန်

www.burmeseclassic.com



သချိုင်းတစ်စပြင်ကြီးနှယ် အသိစိတ်မာတတ် ခေါင်းပါးလှသည့် စစ်အာဏာရှင်အစိုးရ အဆက်ဆက်တို့၏ နိုင်ငံနှင့် နိုင်ငံသားတို့၏ အနာဂတ်ကို မထောက်ထားဘဲ ယုတ်မာရိုင်းစိုင်းစွာ နှစ်ကာလ ရှည်ကြာစွာ မသိကျိုးနွံပြု၍ စွန့်ပစ်ထားကြတာကလည်း ကမ္ဘာ မကြေ အသည်းနာစရာ ကောင်းလှပေသည်။ အင်းလျားကန် သက်သေ တည်၊ သစ်ပုပ်ပင်အို သစ္စာဆို၍ စိန်ပန်းပြာ သည်းနှစ်လွှာထပ် ၍ မြကျွန်းညိုညို တေးဆိုဖွဲ့ကာ ဂျပ်ဆင်ထိပ်က လရိပ်ပြာ အလွမ်းနှင့် မာလာဆောင်လမ်းကလေးအတိုင်း စုန်ဆင်းလာသည့် ပျိုလုလင် ခြေသံချိုချိုတို့ ကမ္ဘည်းတင်စရာ သမိုင်းအစဉ်အလာ ရှိခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ အတိတ်က ပညာ့ဝိညာဉ် နှီးထရှင်သန်ခြင်းကား မေ့ပျောက်၍ ရတော့မည်မဟုတ်ပါလား။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် ပရဝုဏ်ကြီး သေဆုံးခြင်းကား မြန်မာနိုင်ငံတော်ကြီး ပျောက်ဆုံးခြင်းပင် ဖြစ်သည်။ ဤအတွက် ကြောင့်မို့ မြန်မာနိုင်ငံတစ်ငံလုံးရှိ ပညာဗိမာန် တောက်ပလင်း လက်မှုသည် ရန်ကုန်တက္ကသိုလ်ကြီး၏ ပညာ့ဗိမာန် ပြန်လည် ဦးမော့ ရှင်သန်ကာ တည်ရှိလာခြင်းအပေါ် မူတည်လျက်ရှိနေရာ တစ်မျိုးသားလုံး၏ အမျိုးသားရေး ကြွေးကြော်သံအဖြစ် တည်ဆဲ အစိုးရအဖွဲ့ကလည်း အသိအမှတ်ပြုပေးပြီး တက်ကြွလှုပ်ရှား ကျောင်းသား ပြည်သူလူထုအားဖြင့် ရန်ကုန်တက္ကသိုလ်ကြီး ကျောင်း ပြန်ဖွင့်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်တန်နေပြီဖြစ်ကြောင်း စာရေးသူက သမိုင်းအသိဖြင့် သတိပေး နှိုးဆော်လိုက်ရပါသည်။ (ရန်ကုန်တက္ကသိုလ် ကျောင်းနံရံတစ်ဝိုက် မှာ ဒေါင်းအလံတွေ ပြန်စိုက်နိုင်ပါစေ။)

□

www.burmeseclassic.com

www.burmeseclassic.com

## လူမှုအကျိုးပြု မီဒီယံကာလပ်ဖွံ့ဖြိုးမှုနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်အောင် စွမ်းဆောင်ကြသည့်အခါ အရပ်ဘက်လူမှုအကျိုးပြု အဖွဲ့အစည်းများအား ကောင်းစွာဖွံ့ဖြိုးတည်ရှိလာစေရန် လိုအပ်ကြောင်း မြန်မာ့လူ့အဖွဲ့အစည်းက အကြွင်းမဲ့ သိရှိထားရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆီ ဦးတည်ရွေ့ချီနေသော စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် လိုအပ်ကြောင်းကို မြန်မာ့လူ့အဖွဲ့အစည်းက ဓမ္မဓိဋ္ဌာန်ကျကျ သိရှိထားရန် လိုအပ်ပါသည်။ အရပ်ဘက် လူမှုအကျိုးပြု အဖွဲ့အစည်းများဆိုရာ၌ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး စသည့်နယ်ပယ်အသီးသီးတွင် လူငယ်ဖွံ့ဖြိုးရေး ရည်မှန်းချက်နှင့် ဇစ်မှန်သော စိတ်ရင်းစေတနာကို အခြေခံ၍ ရိုးသားမှုအခြေပြုကာ စွမ်းဆောင်ကြိုးပမ်းကြမည့် အသင်းအဖွဲ့အစည်းများကို ဆိုလို၏။ စံတန်ဖိုးထားအပ်ဖွယ်ကောင်းပြီး ဂုဏ်ရည်မြင့်မားသော စွမ်းဆောင်ရည်ရှိသည့် အသင်းအဖွဲ့အစည်းများ ဖြစ်ရန်လည်း လိုအပ်ပေသည်။ သို့မဟုတ်ဘဲ နိုင်ငံရေးတိုက်ကွက်ဆင်သယောင် ဗန်းပြဟန်လုပ်ကာ လူ့အဖွဲ့အစည်းကို အသုံးချသည့် အောက်တန်းစား စိတ်ဓာတ်တို့၏ နည်းထုံးများနှင့် ကိုယ်ကျိုးစီးပွားရှာ အတ္တဝါဒီရှင်သန်နေသော အသင်းအဖွဲ့အစည်းများအဖြစ် တည်ရှိနေပါက မြန်မာ့လူ့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အစည်းအတွက် အနာဂတ်ကား မတွေးဝံ့စရာပင် ဆိုးကျိုးများ ခံစားရပေတော့မည် ဖြစ်သည်။

မျက်မှောက်ခေတ် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ဒီမိုကရေစီ အရွေ့ နိုင်ငံရေးပွင့်လင်းလာမှုနှင့်အတူ ဖြစ်တည်ရှိလာကြသော လူမှုအကျိုးပြု အသင်းအဖွဲ့အစည်း အမည်ခံတို့သည် စစ်မှန်သော လူမှုအကျိုးပြုလိုစိတ်၊ မှန်ကန်ဖြောင့်မတ်သော လူမှုအကျိုးစွမ်း ဆောင်ရည်များရှိမည်ဟု အတတ်ပြော၍ မရချေ။ မြန်မာ့လူ့အဖွဲ့ အစည်း၏ လူမှုဘဝအခွင့်အလမ်းများနှင့် အနာဂတ်မျိုးဆက် ရှင်သန်မှုတို့အတွက် ယုံကြည်ကိုးစားဖွယ် ကောင်းလှသည့် အသင်း အဖွဲ့အစည်းများဟု သတ်မှတ်ပြောဆိုရန်လည်း မရသေးပေ။ အဘယ့်ကြောင့်ဆိုသော် လူမှုအကျိုးပြုအသင်းအဖွဲ့အစည်းများဟု အမည်ခံထားသော အဖွဲ့အစည်းများသည် နိုင်ငံရေးသမားလိုလို၊ လူမှုအကျိုးပြုသမားလိုလို ရပ်တည်မှုနှင့် လုပ်ဆောင်မှုပုံစံတို့ကား မကွဲပြားဘဲ ရောထွေးတည်ရှိနေခြင်းပင် ဖြစ်သည်။

**တချို့ လူမှုအကျိုးပြု အသင်းအဖွဲ့အစည်းတို့၏ ပြုမှုလုပ် ဆောင်ချက်များသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ တည်ရှိလာခဲ့ သော စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်သော အရည် အသွေးများ ပျက်စီးမှေးမှိန် ကွယ်ပျောက်စေခဲ့သည်။** ထိုနည်းတူစွာ အများအကျိုးရှေးရှုကာ ဗဟိုပြုစဉ်းစားခဲ့ကြသည့် မြန်မာ့လူ့အဖွဲ့ အစည်းကား ကိုယ်ကျိုးစီးပွား အတ္တစိတ်ရှေ့ထားကာ ဗဟိုပြုစဉ်း စားလာကြသည်ကို မြင်တွေ့နေကြရပေသည်။ ထို့အပြင် ရိုးရာ ဖလာ ထုံးတမ်းဓလေ့များနှင့် ယဉ်ကျေးမှု အနှစ်သာရပုံရိပ်များ လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ဆိတ်သုဉ်းကွယ်ပျောက် နေပြီ ဖြစ်သည်။ ထိုအချင်းအရာ အကြောင်းတရားများသည်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့အပေါ် အခြေခံ၍ ဖြစ်တည်လာသော ပဋိပက္ခများက ခက်ဖြာဆင်းသက်လာသည်ဟု ဆိုရပေမည်။ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်တို့၏ နိုင်ငံရေးအာဃာတ အမြိုးထားမှုနှင့် ဗဟိုချုပ်ကိုင်မှုစနစ်ကျင့်သုံး၍ တစ်ပါတီအာဏာရှင် ဆန်ဆန် နှစ်ကာလရှည်ကြာစွာ ကြီးစိုးအုပ်ချုပ်ခံရမှုက ဖြစ်တည် လာခဲ့သည့် မြန်မာ့လူ့အဖွဲ့အစည်းအတွက် ဘေးထွက်ဆိုးကျိုး များပင် ဖြစ်သည်ဟု စာရေးသူ မှတ်ချက်ပြုချင်ပါသည်။

နိုင်ငံတစ်ခုတွင် ပညာရေးမဏ္ဍိုင် ဖွံ့ဖြိုးခိုင်မာခြင်း၊ စတုတ္ထ မဏ္ဍိုင် ရှင်သန်ဖွံ့ဖြိုးတည်ရှိခြင်း၊ တရားစီရင်ရေးမဏ္ဍိုင် ခိုင်ခံ့ တည်ရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံထုထည် ကြီးမားဖွံ့ဖြိုးကြံ့ခိုင်စွာ တည်ရှိခြင်းတို့သည် လူ့အဖွဲ့အစည်းတစ်ရပ် အတွက်ရော တိုင်းပြည်အနာဂတ်အတွက်ပါ အလိုအပ်ဆုံးအရာများ ပင် ဖြစ်သည်။ ထိုအရာများ ပြိုလဲယိမ်းယိုင် ပျက်စီးနေပါက နိုင်ငံတစ်ခုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်သည် အနာဂတ်မဲ့နေခြင်းပင် ဖြစ်သည်ဟု ဆိုရမည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ လူမှုအကျိုးပြု အသင်းအဖွဲ့အစည်းများထက် သာလွန်ကောင်းမွန် သော မီဒီယံကလပ် (Medium Class) (ဝါ) ကြားခံအဖွဲ့အစည်း များ ဖြစ်ထွန်းပေါ်ပေါက်လာရန် လိုအပ်ပေသည်။ မီဒီယံကလပ် ဟူသည်က ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီနိုင်ငံ တော်အတွက် လူ့စွမ်းအားအရင်းအမြစ် အားကောင်းဖွံ့ဖြိုးရေး အထောက်အကူပြုမည့် အသင်းအဖွဲ့များပင် ဖြစ်သည်။ မြန်မာ့လူ့ အဖွဲ့အစည်းကို အရည်အချင်းစံမီကာ တန်ဖိုးပြည့်ဝသော လူသား စွမ်းရည်ကောင်းများ ဖြည့်တင်းပေးစွမ်းမည့် အသိပညာ၊ အတတ်

www.burmeseclassic.com

www.burmeseclassic.com



ပညာ ဖြန့်ဝေသော လူမှုအကျိုးပြု အသင်းအဖွဲ့အစည်းကောင်းများအဖြစ် တည်ရှိနေမည် ဖြစ်သည်။

စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ရေးယခင်ကပင် ဘာသာ သာသနာနှင့် လူမှုအကျိုး၊ တိုင်းပြည်အကျိုး အစဉ်သယ်ပိုးထမ်းရွက်ခဲ့ကြသည့် YMBA အသင်း၊ YMCA အသင်း၊ ကုမ္မာရီ အမျိုးသမီးအသင်း၊ ဝံသာနုရက္ခိတအသင်းဟူ၍ စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်၊ မှန်ကန်ဖြောင့်မတ်သော လူမှုဘဝမြှင့်တင်ရေးနှင့် နိုင်ငံချစ်စိတ် နိုးကြားတက်ကြွရှင်သန်နိုင်ရေးပေးစွမ်းရာ လူမှုအကျိုးပြု အသင်းအဖွဲ့အစည်းကောင်းများ ပေါ်ပေါက်တည်ရှိခဲ့သည်။ ထိုသို့သော လူမှုအကျိုးပြု အသင်းအဖွဲ့အစည်းကောင်းများ ပေါ်ပေါက်ဖြစ်ထွန်းတည်ရှိခဲ့သောကြောင့် မြန်မာ့လူ့အဖွဲ့အစည်း၏ လူသားစွမ်းရည်ကောင်းများနှင့် လွတ်လပ်ရေးရယူနိုင်မှုတို့ဖြင့် တည်ငြိမ်ရင့်ကျက်ပြီး စံတန်ဖိုးပြည့်မီသော နိုင်ငံတော်တည်ဆောက်မှုပြုကာ အနာဂတ်စီမံကိန်း ချမှတ်တည်ရှိနိုင်ခဲ့ကြောင်း သိရှိရသည်။ ထိုအရာအားလုံး ဖွံ့ဖြိုးအားကောင်းရှင်သန်ခဲ့သော မြန်မာ့လူ့အဖွဲ့အစည်းသည် ၁၉၅၈-ခုနှစ်၊ ဦးနေဝင်းဦးဆောင်သော စစ်အစိုးရ အာဏာသိမ်းအဖွဲ့လက်ထက်မှစ၍ ယနေ့ထိတိုင် ကွယ်ပျောက်ဆိတ်သုဉ်းခဲ့ပေသည်။ ထို့ကြောင့် YMBA အသင်း၊ YMCA အသင်းတို့ နည်းတူ လူမှုအကျိုးပြု စွမ်းဆောင်ရည်ကောင်းသော မီဒီယာကလပ်များ ဖြစ်ထွန်းတည်ရှိလာရန် မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ပုံဖော်နေသည့် မြန်မာနိုင်ငံ၌ အထူးလိုအပ်နေပေသည်။ ထို့အတူ မီဒီယာကလပ်တို့၏ အသိပညာ၊ အတတ်ပညာ ဖြန့်ဝေမှု အားကောင်းစွာ စွမ်းဆောင်လုပ်ကိုင်နိုင်ခြင်းတို့ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို လူသားစွမ်းရည်ပြည့်ဝ၍ ဒီမိုကရေစီ

www.burmeseclassic.com

www.burmeseclassic.com



စံနှုန်းပြည့်မီကာ တန်ဖိုးရှိသော လူ့ဘောင်လောက ဖြစ်တည်ရှိစေနိုင်မည်ဖြစ်သည်ဟု စာရေးသူ ရှုမြင်မိ၏။

ထိုအခါ မြန်မာပြည်တစ်ဝှမ်းတွင် လူငယ်ပြုစုပျိုးထောင်ရေး စီမံကိန်းလုပ်ငန်းများကို မီဒီယံကလပ်များကနေ ဦးစီးဦးဆောင်ပြုကာ ရည်ရွယ်ချက်မြင့်မားစွာဖြင့် လုပ်ဆောင်ကြရမည် ဖြစ်သည်။ နယ်ပယ်အသီးသီးမှ ထူးချွန်ထက်မြက်သော လူငယ်များကို ပြုစုပျိုးထောင်ကာ မွေးထုတ်ပေးပြီး မိမိနိုင်ငံတော်၏ အနာဂတ် တည်တံ့လှပရှင်သန်စေရန် မီဒီယံကလပ်များ ရေရှည်စီမံကိန်း လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် လုပ်ကိုင်ရမည်ဖြစ်သည်။ မီဒီယံကလပ်များကို စည်းစနစ်ကျသော ဖွဲ့စည်းပုံနှင့် နိုင်ငံတကာစံနှုန်းမီသော စီမံခန့်ခွဲမှု၊ အုပ်ချုပ်ပုံတို့ဖြင့် အရှိန်အဟုန်မြင့်၍ လူမှုအကျိုးပြုလုပ်ငန်းတို့အား ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်သည့် အသင်းအဖွဲ့အစည်းများအဖြစ် တည်ရှိလာစေချင်ပါသည်။ မီဒီယံကလပ်တို့သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွံ့ဖြိုးဖြစ်တည်လာအောင် စွမ်းဆောင်ပေးကြရမည် ဖြစ်သည်။

ပညာရေးဆိုင်ရာ မီဒီယံကလပ်များအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးအခန်းကဏ္ဍများကို ဘုန်းတော်ကြီးသင်ကျောင်း ပညာရေးမှ အစပြု၍ တက္ကသိုလ်ကျောင်းပညာရေးအထိ နိုင်ငံတကာ ပညာရေးစနစ်နှင့်အညီ အရှိန်အဟုန်မြင့်ကာ အားကောင်းဖွံ့ဖြိုးလာစေရန် ကမ္ဘာတစ်ဝှမ်းသို့ ပညာရေးကွန်ရက် ဖြန့်ကျက်၍ အစီတစိုက် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ပညာရေးပြန်လည် ရှင်သန်လာစေရေးအတွက်လည်း ဦးစားပေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ထားရှိကာ လုပ်ဆောင်ကြရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဆိုင်ရာ မီဒီယံကာလပ်များ မြန်မာ့ လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတည်ရှိလာအောင် တည်ဆဲအစိုးရအဖွဲ့နှင့် နိုင်ငံရေးအင်အားစု များ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ကြ ပါဟု စာရေးသူက အကြံပြုအပ်ပါသည်။ တစ်တိုင်းပြည်လုံးအနေ အထားထိ ပညာရေးသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း အတွက် အလွန်တရာ တန်ဖိုးရှိပြီး အနာဂတ်၏ ခိုင်ခံ့တည်တံ့သည့် အဆောက် အအုံဖြစ်ကြောင်း အသိပညာပေးရေး လုပ်ငန်းများကို ပညာရေး ဆိုင်ရာ မီဒီယံကာလပ်တို့က စွမ်းဆောင်ကြိုးပမ်း ရွက်ဆောင်ကြရ မည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ မီဒီယံကာလပ်များအနေဖြင့် နိုင်ငံတကာ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည့် အသင်း အဖွဲ့များနှင့် ကျန်းမာရေးဆိုင်ရာ ကွန်ရက်များဖြန့်ကျက်၍ မြန်မာ နိုင်ငံ တစ်ပြည်လုံးအတိုင်းအတာအထိ ကျန်းမာရေးဆိုင်ရာ အသိ ပညာပေးလုပ်ငန်းများ စွမ်းစွမ်းတမံ လုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းစီ လူမှုဘဝနေထိုင်ရှင်သန်ခြင်းကို ကျန်းမာ ရေးသတိ ကျန်းမာရေးအသိတို့အား အစဉ်တစိုက် သတိထားလိုက် နာရွက်ဆောင်တတ်ကြရန် ကျန်းမာရေးဆိုင်ရာ မီဒီယံကာလပ်တို့က အသိပညာပေးလုပ်ငန်းများဖြင့် စည်းရုံးစွမ်းဆောင်လုပ်ကိုင်ကြရ မည် ဖြစ်သည်။ စီးပွားရေးဆိုင်ရာ မီဒီယံကာလပ်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသန္တရဆိုင်ရာ အိမ်ထောင်စုအရေအတွက်၊ အလုပ်အကိုင် အမျိုးအစားနှင့် လူဦးရေနှုန်းထား တည်ရှိဖွဲ့စည်းမှု အနေအထားလိုက်၍ မိုက်ခရိုစီးပွားရေးအနေအထားအကြောင်း မှန်ကန်ကောင်းမွန်စွာ သုံးသပ်ပြရန်၊ နိုင်ငံသားတစ်ဦးချင်းစီ၏ ကုန်ထုတ်လုပ်နိုင်မှု ဒေသန္တရလူမှုစီးပွားရေး တည်ငြိမ်မှုနှင့် နိုင်ငံ၏

www.burmeseclassic.com



ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအနေအထားအကြောင်းတို့ကို ခြုံငုံသုံးသပ်ပြရန်၊ နိုင်ငံသားတစ်ဦး၏ ပုံမှန်ဝင်ငွေ တိုးတက်မှုနှင့် လူမှုဘဝအဆင့်တန်းမြင့်မားလာမှု အနေအထားတို့ကနေ နိုင်ငံ၏ မိုက်ခရိုအဆင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသုံးသပ်ပြရန် စသည့် ဈေးကွက်စီးပွားရေးဆိုင်ရာ ဆက်စပ်ပတ်သက်သမျှအကြောင်း စီးပွားရေးဆိုင်ရာ မီဒီယာကလပ်တို့က အသိပညာပေး၍ တစ်နိုင်ငံလုံး အတိုင်းအတာအထိ စည်းရုံးစွမ်းဆောင်ကြရမည် ဖြစ်သည်။

**တိုနယ်ပယ်အလိုက် မီဒီယာကလပ်များ ဆောင်ရွက်သည့်နည်းတူ ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ မီဒီယာကလပ်များ စွမ်းဆောင် ကြိုးပမ်းကြပြီး မီဒီယာကလပ်အချင်းချင်း ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်၍ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပုံဖော်လုပ်ဆောင်သွားကြရမည်။ ထို့နောက် လူသားစွမ်းရည်ပြည့်ဝသော နိုင်ငံသူနိုင်ငံသားတို့၏ လုပ်အားစွမ်းပကားဖြင့် တည်ငြိမ်ရင့်ကျက်ပြီး အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်သော လူ့ဘောင်လောကသစ်ကို တည်ဆောက်ကြရမည်မှာ မီဒီယာကလပ်များ၏ အဓိကတာဝန်ပင် ဖြစ်သည်။** ထိုကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်းများကို နယ်ပယ်အသီးသီးကနေ အားကောင်းစွာ လုပ်ဆောင်ကြမည့် မီဒီယာ ကလပ်များ အနေဖြင့် ၆-လတစ်ကြိမ် မီဒီယာကလပ်များ၏ လူမှုအကျိုး ပြုဆောင်ရွက်မှု အခြေပြညီလာခံတစ်ရပ် ကျင်းပပြီး တစ်သင်းတစ်သင်းချင်းစီ၏ အားနည်းချက် အားသာချက်များကို ညှိနှိုင်းအဖြေရှာကာ အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှုဖြစ်သော (Team WorK) နှင့် အသင်းလိုက်စုစည်းမှု (Unity) တို့

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးတည်ရှိလာအောင် စွမ်းဆောင်ကြိုးပမ်းကြရပေမည်။ သို့မှ သာလျှင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ခြလောက်ပိုးအိမ်သဖွယ် တွယ်ကပ်နေသည့် အကျင့်ပျက် ခြစားမှုများ၊ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်နေသူများ၊ အောက်တန်းကျသည့် လုပ်ရပ်များဖြစ် သော နိုင်ငံရေးနှင့် လူမှုရေးအသုံးချ၍ ကိုယ်ကျိုးရှာကြခြင်းများ ဖယ်ရှားဖျောက်ပစ်နိုင်ရန် မီဒီယာကလပ်များ၏ လူမှုအကျိုးပြု စွမ်းဆောင်ရည်ကောင်းများ အခန်းကဏ္ဍကား အလိုအပ်ဆုံး အရာ ပင် ဖြစ်နေ၏။ ဖြူစင်သန့်ရှင်းသော မြင့်မားသော လူသား စွမ်းရည်ကောင်းတို့ဖြင့် တည်ဆောက်ထားသော လူမှုဘဝတို့ကို မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ မီဒီယာကလပ်တို့၏ စွမ်းဆောင် ကြိုးပမ်းမှုကနေ ဖွံ့ဖြိုးတည်ရှိလာမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်းနှင့် ဒီမိုကရက်တစ် လူ့ အဖွဲ့အစည်းတစ်ရပ် ပုံဖော်ခြင်းတို့တွင် မီဒီယာကလပ်များ၏ ပံ့ပိုးအားဖြည့်ပေးမှုသည် အဓိကကျလှ၏။ မီဒီယာကလပ်များ ဖွံ့ဖြိုး တည်ရှိလာစေရန် ၂၀၀၈-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ခက်ဖြာဆင်းသက်လာမည့် အသင်း·အဖွဲ့ဆိုင်ရာ ဥပဒေများ၌ ဒီမိုကရေစီစံနှုန်းပြည့် ပြဋ္ဌာန်းမှု၊ လုပ်ထုံးလုပ်နည်းများ ဖြစ်လာ အောင် တည်ဆဲအစိုးရအဖွဲ့ရော အတိုက်အခံ နိုင်ငံရေးအင်အားစု များကပါ ပြင်ဆင်ရေးဆွဲနိုင်မည့် အခွင့်အလမ်းများကို တွေ့ဆုံ ဆွေးနွေး အဖြေရှာကြရမည်ဖြစ်ကြောင်း စာရေးသူက အကြံပြုအပ် ပါသည်။ ထို့အပြင် တည်ဆဲအစိုးရအဖွဲ့၏ နိုင်ငံတော် ပြုပြင် ပြောင်းလဲရေးမူဝါဒများသည် စစ်မှန်ခြင်းရှိပါသလား။ အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အနာဂတ် နိုင်ငံရေးဆိုင်ရာ မူဝါဒများသည် စစ်မှန်ခြင်းရှိပါသလား။ အနာဂတ်

www.burmeseclassic.com

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရက်တစ်နည်းနာများ ကျင့်သုံးမှု တိုးပွားခိုင်မာလာခြင်းအတွက် မီဒီယံကလပ်များ၏ စွမ်းဆောင်ရည်များသည် စစ်မှန်ခြင်းရှိပါသလားဆိုသည်ကို ဆန်းစစ်လေ့လာကြရမည်မှာ မြန်မာ့လူ့အဖွဲ့အစည်း၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။ **ပြည်သူချစ်လျှင် ကမ္ဘည်းတင်မည်ဆိုသော ဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံ၏ အကျိုး၊ မိမိနိုင်ငံသူ နိုင်ငံသားတို့၏ လူမှုဘဝ အခွင့်အလမ်းကောင်းများကို မျှော်ရည်ကာ မီဒီယံကလပ်များ အနေဖြင့်ရော တည်ဆဲအစိုးရအဖွဲ့နှင့် အတိုက်အခံ နိုင်ငံရေးအင်အားစုများကပါ အများအကျိုး ဗဟိုပြုစိတ်ထားဖြင့် ပါဝင်စွမ်းဆောင်ကြရန် လိုအပ်ပေသည်။** နိုင်ငံသူ နိုင်ငံသားများကိုလည်း မှီခိုလိုစိတ်ကဲခြင်း၊ ဆင်ခြေဆင်လက်များခြင်း၊ လက်ကြောမတင်းဘဲ အခွင့်မျှော်အားကိုးစိတ်ကြီးမားခြင်း၊ သူ့ရဲကောင်းမျှော်ဝါဒ တည်ရှိခြင်း စသည့် စိတ်နေစိတ်ထားများကို ပြုပြင်ပြောင်းလဲကာ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း၏ အရည်အသွေး စွမ်းရည် အပေါ် အခြေပြုပြီး ကိုယ့်အားကိုယ်ကိုး၍ **'မိမိသာလျှင် မိမိဘဝ၏ ပွဲကိုင်ရှင်'** ဟု စိတ်ခံယူတတ်လာကြရန် စွမ်းဆောင်ကြိုးပမ်းဆောင်ရွက်ပေးကြမည့် မီဒီယံကလပ်များ (ဝါ) လူမှုအကျိုးပြုကြားခံအဖွဲ့အစည်းများအား ကောင်းစွာဖွံ့ဖြိုးဖြစ်ထွန်း ပေါ်ပေါက်လာအောင် တည်ဆဲအစိုးရနှင့်အတူ အတိုက်အခံ နိုင်ငံရေးအင်အားစုများက ပူးပေါင်းပါဝင်ကာ ပံ့ပိုးအားဖြည့်ပြီး ဖြစ်တည်အောင် စွမ်းဆောင်ကြိုးပမ်းပေးကြပါဟု စာရေးသူအနေဖြင့် ဆန္ဒပြုလိုက်ရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် မြန်မာ့ဘောင်လူ့အဖွဲ့အစည်း

နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အသက်သွေးကြောကြီး တစ်ခုဖြစ် ကြောင်း မြန်မာ့လူ့အဖွဲ့အစည်းက ရှုမြင်သိရှိထားကြရမည် ဖြစ် သည်။ မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခွင့်ရရှိကြ သူတို့မှာ နိုင်ငံတော်အာဏာကို လက်ဝါးကြီးအုပ် ရယူပိုင်ဆိုင်ကာ တစ်ပါတီအာဏာရှင်စနစ်နှင့် ကြီးစိုးအုပ်ချုပ်မှု ရရှိကြသည့် စစ်တပ်ကျောထောက် နောက်ခံပြုထားသော စစ်ခေါင်းဆောင်များ၊ နိုင်ငံရေးအစဉ်အလာကြီးသူများပင် ဖြစ်နေသည်။ မြန်မာနိုင်ငံ၌မူ ခေတ်အဆက်ဆက်ကပင် စစ်အာဏာရှင်များက အများဆုံး နိုင်ငံ တော်အာဏာကို လက်ဝါးကြီးအုပ် ရယူထားရှိခဲ့မှုမှာ ယနေ့ထိပင် ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က နိုင်ငံ တော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံသားအခွင့်အရေး လူသားမျိုးနွယ်စုတန်ဖိုးအား ကန့်သတ်ထိန်း ချုပ်ထားပြီး သိသိသာသာရော မသိမသာပါ ဗမာစိတ်ဓာတ် လူမျိုးကြီးဝါဒနှင့် မှိုင်းတိုက်၍ ရှေ့တန်းတင်ကာ စစ်ဝါဒီများက ဦးဆောင်ချေမှုန်းနှိပ်ကွပ်ခဲ့ကြသည်မှာ သမိုင်းအစဉ်အလာကြီး လိုလိုပင် ဖြစ်နေသည်။ ဤသည်ကလည်း မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းအစဉ်အလာနှင့် မွေးဖွားသန္ဓေတည်ရှိလာခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့တပ်မတော်၏ပုံရိပ်ကို နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားထက် မိမိနှင့်မိမိပါတီနိုင်ငံရေး အခြေတည်မြဲပြီး အာဏာစီးရနေဖို့အတွက် နိုင်ငံရေးမသမာမှု နည်းလမ်းသုံး၍ ခုတုံးလုပ်ခဲ့ကြသော စစ်ဝါဒီလူနည်းစုတို့၏ အာဏာငမ်းငမ်းတက် ယစ်မူးကြခြင်းကြောင့် ဖြစ်သည်။ ဤသည်ကို လေ့လာဆန်းစစ်ကာ အခြေခံကျကျ နားလည်သိရှိထားရမည် ဖြစ်သည်။

မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၁၉၄၇-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အာဏာရှင် ဦးနေဝင်း ဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၁၉၇၄-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နဝတ၊ နအဖ စစ်အာဏာရှင် အစိုးရက အတင်းအဓမ္မ ဦးဆောင်ရေးဆွဲ ပြဋ္ဌာန်းခဲ့သည့် ၂၀၀၈-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဟူ၍ တည်ရှိနေပြီး ဖြစ်သည်။ အဆိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် ပြည်ထောင်စုစနစ်၊ သမ္မတစနစ် အကောင်အထည်ဖော်ရေး ကြိုးပမ်းချက်ဖြင့် ရေးဆွဲပြဋ္ဌာန်းထားခဲ့သည့် ၁၉၇၄-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကလွဲ၍ ၁၉၇၄၊ ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ဒီမိုကရေစီနှုန်းမပြည့်မီသလိုပင် နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများအခွင့်အရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်များ လျစ်လျူရှုပြုထားပေသည်။ ထိုအတွက်ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသည် အလွန်တရာကြီးလေးသော နိုင်ငံသားတို့၏ မွေးရာပါအခွင့်အရေးတာဝန်ကြီးတစ်ရပ်ပင် ဖြစ်နေပေသည်။ ဤနေရာတွင် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



၏ သမိုင်းဖြစ်စဉ်များထဲ၌ နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေနှင့် ပက်သက်ပြီး မေးခွန်းထုတ်စရာများ ရှိလာပေသည်။ ၁၉၄၇-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်တို့၏ ဆိုရှယ်လစ်လမ်းစဉ် တည်ဆောက်ရေး ကြွေးကြော်သံနှင့်အတူ အတိုက်အခံနိုင်ငံရေး အင်အားစုများနှင့် တိုင်းရင်းသား လူမျိုးစုများအပေါ် စနစ်တကျ နိုင်ငံရေးအသာစီး ရယူမှုဖြင့် ရေးဆွဲပြဋ္ဌာန်းသကဲ့သို့ပင် ၂၀၀၈-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ကြွေးကြော်သံနှင့်အတူ န၀တ၊ နအဖ စစ်အာဏာရှင်အစိုးရက စနစ်တကျ နိုင်ငံရေးလက်ဦးမှုရယူကာ ရေးဆွဲပြဋ္ဌာန်း အတည်ပြုခဲ့သည်။ ထိုထက်ဆိုးရွားသည့်အရာက မြန်မာပြည်သူလူတို့ ၉၃ ရာခိုင်နှုန်းခန့်က ထောက်ခံအတည်ပြုပေးခဲ့၍ ရေးဆွဲပြဋ္ဌာန်းခဲ့သည်ဟု စစ်အာဏာရှင်လက်သစ်တို့က ကမ္ဘာတစ်ဝန်းဆီသို့ နိုင်ငံရေးအောက်လမ်းနည်းသုံးကာ သတင်းလွှင့်ပြီး အသံကောင်းဟစ်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့အတူပင် မြန်မာစစ်ခေါင်းဆောင်များသည် ပြည်ထောင်စုစနစ်၊ သမ္မတစနစ်၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် စစ်မှန်သောနိုင်ငံရေး အသွင်သဏ္ဌာန်ဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆီသို့ ရိုးသားဖြောင့်မတ်မှုမရှိဘဲ ဗွင်းဗွင်းရှင်းရှင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို အထင်းသား မြင်တွေ့ရပေသည်။ ဤသည်ကား စစ်ခေါင်းဆောင်များ၏ သူတို့ဘက်က ရှုမြင်တွေးဆထားသည့် နိုင်ငံရေးအမြင်ဟုဆိုကရ၏။ ကိုယ့်ဘက်မှ မိမိတာရိုးလုံခြုံအောင် နိုင်ငံရေးခံတပ်စည်းရိုးကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လက်ဦးမှုအရယူကာ တည်ဆောက်ခြင်းဖြစ်သကဲ့သို့ စစ်တပ်က ပါးပါးလိမ္မာ ကျွမ်းကျင်

www.burmeseclassic.com



သည့် နိုင်ငံရေးသမားအလုပ်အား သေချာကျနပီပြင်စွာ လုပ်ဆောင်နေပြီဟု စာရေးသူ မှတ်ချက်ပြုခြင်း ဖြစ်သည်။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်နှင့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးဆီသို့ဆိုပြီး စစ်ခေါင်းဆောင်မှ အရပ်သားခေါင်းဆောင်တဖြစ်လဲ သမ္မတဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရအဖွဲ့၏ နိုင်ငံရေးပရောဂျက် တည်ဆောက်ခြင်း၊ နိုင်ငံရေးဖြစ်စဉ် စနစ်တကျတိုက်ကွက်ဆင်ခြင်းတို့သည် သရုပ်လှည့်နိုင်ငံရေး (Magic Political) အသွင်ဆောင်နေသည်ကို တွေ့မြင်ရသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့ဇာတ်ခုံပေါ်တွင် လူသတ်ဝါဒီ စစ်အာဏာရှင်အစိုးရအဖြစ် အရုပ်ဆိုးအကျည်းတန်စေခဲ့သည်ကို အတိုက်အခံနိုင်ငံရေးအင်အားစုများအား ၂၀၁၀-ခုနှစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးထောင်ချောက်ဆင် ကျုံးသွင်းခဲ့ပြီး ဗျူရိုကရက်တစ်ပါလီမန်ကြီးစိုးသည့် လွှတ်တော်နိုင်ငံရေးဆီသို့ နိုင်ငံရေးမက်လုံးပေးကာ နွားတစ်ကောင်နဖားကြိုးတပ် ဆွဲခေါ်သွားသလို ဆွဲခေါ်သွားခြင်း၊ ဒီမိုကရေစီလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီး ဦးသိန်းစိန်တို့နှစ်ဦး တွေ့ဆုံပြီး ၂၀၁၂-ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြင့် နိုင်ငံရေးလှည့်ကွက်ဆင်မှုပြုလုပ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား ဒီမိုကရေစီ ကျင့်စဉ်ညီစွာ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်အသွင်သဏ္ဍာန် ပုံဖော်သယောင်ယောင် နိုင်ငံရေးအမြတ်ထုတ်မှုကို ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံအပါအဝင် အခြားဒီမိုကရေစီနိုင်ငံများအား ရုပ်လုံးပြသံသတမန်ဆက်ဆံရေး နည်းဗျူဟာကို ပွဲထုတ်ကာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဘီလူးက ပင်သားခေါင်းပေါင်းဆောင်းကပြခဲ့သည့် စစ်အာဏာရှင်တို့၏ နိုင်ငံရေးနည်း

www.burmeseclassic.com



ပရိယာယ် ကြွယ်ဝမှုကား အင်မတန်ပင် အတုယူစရာကောင်းလှသကဲ့သို့ လွန်စွာကြောက်ရွံ့စရာလည်း ကောင်းလှပေသည်။ အကြောင်းကား စစ်ခေါင်းဆောင်အများစုကား အသိဉာဏ်ပညာဆိုင်ရာနိမ့်ပါးပြီး အတွေးအခေါ် စဉ်းစားမှု ကင်းမဲ့ကြသူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ အရာရာကို စစ်ရေးအမြင်နှင့် အမှားအမှန်ခွဲခြားမမြင်နိုင်ပဲ ဆုံးဖြတ်တတ်ကြခြင်းကြောင့်လည်းကောင်း၊ အတိုက်အခံနိုင်ငံရေး အင်အားစုများနှင့် တိုင်းရင်းသား လူမျိုးစုများအပေါ် ဟာသ်ာကိုသောင်း ပျက်ပုံပမာနည်းတူ ဓာတ်တူသား စားနေကြခြင်းကြောင့်လည်းကောင်း၊ **၎င်းတို့၏ နိုင်ငံတော်အာဏာလက်ဝါးကြီးအုပ် ထိန်းချုပ်ထားမှုကား နိုင်ငံတော်တစ်ခုပျောက်ဆုံးခြင်း (၀ါ) နိုင်ငံတော်တစ်ခု သေဆုံးခြင်းဆီသို့ ဦးတည်နေသည့်လုပ်ဆောင်ချက်များဟု စာရေးသူဆိုချင်ပါသည်။**

ထို့ကြောင့် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် စနစ်တစ်ခုပြောင်းလဲတည်ဆောက်ခြင်းပဲဖြစ်ဖြစ်၊ နိုင်ငံတော်သစ်တည်ဆောက်ခြင်းပဲဖြစ်ဖြစ် ခေတ်၏လိုအပ်ချက်အရ၊ ပြည်သူလူထု၏ တောင်းဆိုမှုအရ နိုင်ငံရေးစေတနာကောင်းများနှင့် ရှုက်ဆောင်ပေးကြရန်အချိန်ကာလ ရောက်ရှိနေပြီဟု စာရေးသူ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းနှင့် စစ်အာဏာရှင်ဟောင်းတို့၏ သံဝေဂယူစရာ ဘဝနိဂုံး အဆုံးသတ်ပုံများကို မျိုးဆက်သစ်မြန်မာ့စစ်ခေါင်းဆောင်များက သမိုင်းသင်ခန်းစာယူ၍ နိုင်ငံရေးအခင်းအကျင်းအသစ်အား ဦးဆောင်ပုံဖော်သင့်သည်ဟု စာရေးသူထင်မြင်မိပါသည်။ ဤသို့မဟုတ်က မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသည်ကား အလွန်တရာမှ အတိမ်းအစောင်းမခံနိုင်သော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် နိုင်ငံတစ်ခု၊

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတစ်မျိုး ပျောက်ဆုံးခြင်းဆီ မျက်တောင်တစ်ခတ်အတွင်း ခုန်ဆင်းရောက်ရှိတော့မည်ဖြစ်ရာ မြန်မာ့သမိုင်းဖြစ်စဉ်တွင် အပြတ်သားဆုံးနှင့် အခိုင်မာဆုံး နိုင်ငံရေးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံသူနိုင်ငံသားများ အပါအဝင် အတိုက်အခံ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာစစ်ခေါင်းဆောင်တို့က စစ်မှန်သည့် နိုင်ငံရေးနည်းလမ်းသုံးကာ ချစ်ကြည်စုပေါင်းပြီး အတူတကွချမှတ်ကြရတော့မည် ဖြစ်သည်။ သို့မှသာလျှင် မြန်မာ့နိုင်ငံရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ အနာဂတ်လူမှုဘဝ အာမခံချက်ကား တည်ငြိမ်အေးချမ်း ခေတ်မီဖွံ့ဖြိုးပြီး လူစွမ်းအားအရင်းအမြစ်အားကောင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်လှစ်ကာ ခံစားခွင့်ရရှိနိုင်မည် ဖြစ်သည်။

သမိုင်းအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ယဉ်ကျေးမှုတို့အပေါ် အခြေပြုလေ့လာဆန်းစစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းနှင့် လျော်ညီမှန်ကန်ကောင်းမွန်သည့် စနစ်တစ်ခုအား အကောင်အထည်ဖော် တည်ဆောက်ကြရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံရေး အသစ်တည်ဆောက်သည့်အခါ၌ ပြည်သူလူထုအသံ အခြေခံရန် အထူးလိုအပ်သည်။ စစ်မှန်သောနိုင်ငံရေးအခင်းအကျင်းကို မွေးဖွားပေးနိုင်မည့် နိုင်ငံရေးသမားကောင်းများ ထုနှင့်ထည်နှင့် အင်အားကြီးမားစွာ တည်ရှိရန်တို့လိုအပ်မည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသည့် အတိုက်အခံ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာစစ်ခေါင်းဆောင်များသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲပစ်ကြပြီး အမှုအကျင့်ဟောင်းများကို စွန့်ပစ်ကြရန် အချိန်တန်နေပြီဖြစ်သလို၊ နိုင်ငံရေးသူနှစ် တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်အောင် စွမ်းဆောင်ကြိုးပမ်း ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။ သို့မှသာလျှင် လူကြီးလူကောင်းဆန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကနေ နိုင်ငံရေးဖြေရှင်းမှု အကျိုးရလဒ်ကောင်း များ ရရှိပိုင်ဆိုင်မှာလည်း ဖြစ်ပေသည်။

ဤနေရာ၌ စာရေးသူ အပြောချင်ဆုံး စကားရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့ကလည်း 'သူပုန်စိတ်' ကို လုံးဝဖျောက်ဖျက်ပြီး၊ စစ်ခေါင်းဆောင်များကလည်း 'အာဏာ ရှင်စိတ်'အား အလုံးစုံစွန့်လွှတ် ဖျောက်ဖျက်ပစ်ရမည်။ အတိုက်အခံ နိုင်ငံရေး အင်အားစုများကလည်း 'အချောင်သမားစိတ်'၊ 'မသမာ စိတ်'တို့အား နိုင်ငံရေးအစွဲချွတ် စွန့်လွှတ်ပစ်ရမည် ဖြစ်ပေသည်။ သို့မှသာလျှင် နိုင်ငံရေးအသစ်ဖြစ်သော လူ့ယဉ်ကျေးသမားစဉ် နိုင်ငံရေးအခင်းအကျင်းကောင်းကို တည်ငြိမ်အေးချမ်းစွာ ပုံဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် လူအဖွဲ့အစည်းအတွက် လည်း အေးချမ်းတည်ငြိမ်ရင့်ကျက်သည့် အနာဂတ်ကောင်းအား ဆောင်ကြဉ်းပေးစွမ်းနိုင်မည် ဖြစ်ပေသည်။

ယနေ့မြန်မာ့လူ့အဖွဲ့စည်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ချွတ်ယွင်းအားနည်းချက်များ ခြတောင်ပို့ဆွဲသလိုပင် ထုထည်ကြီးမားစွာ တည်ရှိနေသည်။ အစွန်းဝါဒီစိတ်များ ဖုံးလွှမ်း နေပြီး မြန်မာ့လူ့အဖွဲ့အစည်း အသစ်သည် မိရိုးဖလာ ယဉ်ကျေးမှု အစဉ်အလာကောင်းများ ဆိတ်သုဉ်းနေပြီ ဖြစ်သည်။ အနာဂတ် လူ့အဖွဲ့အစည်းအတွက် အချိန်နှင့်တပြေးညီ မှန်ကန်စွာမပြုပြင် နိုင်ပါက ရင်လေးစရာကောင်းလှပါသည်။ ထို့ကြောင့် နိုင်ငံရေး ဖြစ်စဉ်ထဲတွင် ပါဝင်ကြသည့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်း သားလူမျိုးစု အဖွဲ့အစည်းများနှင့် မြန်မာ့စစ်ခေါင်းဆောင်များသည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို လျင်မြန်စွာ အတူပူးပေါင်း၍ ရပ်လုံးကြွအောင် ဖော်ဆောင်ကြရမည် ဖြစ်ပေသည်။ နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ် အသွင်သဏ္ဌာန်ဖော်ဆောင်ခြင်းကသာ ဒီမို ကရေစီနိုင်ငံတော်နှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကို တည် ဆောက်စေနိုင်မည် ဖြစ်ပေသည်။ နိုင်ငံရေးယဉ်ကျေးမှု မရှိပါက မတည်ဆောက်နိုင်ပါ။ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ပေးစွမ်းနိုင်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကောင်းတစ်ရပ်ကို စစ်မှန်သော နိုင်ငံရေး ကျင့်စဉ်ကောင်းကျင့်သုံး၍ ပြည်သူလူထု အင်အားကြီးမားစွာ ပါဝင်နိုင်ခွင့်ဖြင့် ရေးဆွဲပြဋ္ဌာန်းနိုင်မည် ဖြစ်ပါသည်။ ဤသည်ကို မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကပင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပက်သက်၍ ဝိရောဓိ ဖြစ်စရာ အငြင်းပွားဖွယ်ရာများ ရှိခဲ့သည်မှာ ယနေ့ခေတ် မြန်မာ စစ်ခေါင်းဆောင်များကနေ နိုင်ငံရေးအစီအမံ အကွက်ချကာ ရေးဆွဲ ပြဋ္ဌာန်းခဲ့သော ၂၀၀၈-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အထိပင်ဟု ဆိုရပေမည်။ စစ်ခေါင်းဆောင်တစ်ဦးဘဝကနေ နိုင်ငံ တော်သမ္မတဘဝတဖြစ်လဲလာသည့် ဦးသိန်းစိန်ခေါင်းဆောင် သော အရပ်သားအစိုးရအဖွဲ့၏ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက် ရေးနှင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်များသည် နိုင်ငံရေး စေတနာကောင်းများ ဖြစ်၊ မဖြစ်သည်ကတော့ ပြည်သူလူထု အနေဖြင့်ရော အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစု အတွက်ပါ သတိကြီးကြီးထား စောင့်ကြည့်ကြရမည်ဖြစ်လို့ အချိန်မီစွာ လူထုအကျိုးပြုတော်လှန်ရေး အရှိန်ကောင်းမြင့်လည် အသုံးပြုကာ စစ်အာဏာရှင်စနစ် တဖန်ပြန်လည်ကာဦးမော့ခေါင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထောင် မရှင်သန်လာနိုင်ရန် နိုင်ငံရေးယန္တရားစနစ်ဖြစ်နေသော နိုင်ငံရေးတည်ဆောက်မှု (Political Structure) ကို ပြည်သူလူထု အားလုံးအပါအဝင် အတိုက်အခံနိုင်ငံရေး အင်အားစုတို့က အသင့် ပြင်ဆင် တည်ဆောက်ထားကြရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် ယနေ့မြန်မာနိုင်ငံ၏ အာဏာနှင့် ဩဇာနေရာများကို စစ် ခေါင်းဆောင်များနှင့် ခရိုနီကြီးများ (ခေတ်ပျက်သူဌေးကြီးများ) တို့က ကြီးစိုးချုပ်ကိုင်လွှမ်းမိုးထားခြင်းကြောင့် အချိန်မရွေး စစ် အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်ဆိုးများဆီ ပြန်လည် ဦးမော့ခေါင်းထောင် ရောက်ရှိသွားနိုင်ပေသည်။ ထို့အပြင် လွှတ်တော် နိုင်ငံရေးအသွင်နှင့် ဒီမိုကရေစီစနစ် ခိုင်မာစွာတည်ဆောက်မှုသည် နိုင်ငံ့အာဏာကို အချိုးချ ခွဲဝေယူကာ နိုင်ငံရေးအသာစီးရယူ ထားသည့် နည်းဗျူဟာဖြင့် ၂၀၀၈-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် စနစ်တကျနိုင်ငံရေးခံတပ်အား စစ်အာဏာရှင် များက တည်ဆောက်ထားခြင်းဖြစ်သည်မို့ နိုင်ငံရေးအမြတ်ထုတ်မှု သက်သက်ဖြစ်ပြီး နိုင်ငံရေးစနစ်ကောင်းတစ်ခု အခြေခံကျကျ အုတ်မြစ်ချဆောင်ရွက်ခြင်း မဟုတ်ကြောင်း ပြည်သူလူထုများ၊ နိုင်ငံရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသူ နိုင်ငံရေးအင်အားစုအားလုံးမှ သိရှိထားကြရမည် ဖြစ်သလို၊ နိုင်ငံရေးအသစ်ပုံဖော်ရန်၊ တွေးဆ ထားရန် အသင့်ဖြစ်နေဖို့လိုပြီဟု စာရေးသူက တိုက်တွန်းနှိုးဆော် လိုက်ပါသည်။ သို့မဟုတ်က တိုင်းတစ်ပါးသားတို့၏ စီးပွားရေး ခြေကုပ်တွယ်ကာ နိုင်ငံရေးအင်ပါယာ ချဲ့ထွင်မှုကနေ စစ်အာဏာ ရှင်စနစ်ဆိုးနှင့် ရုပ်သေးအစိုးရတစ်ရပ်အား မွေးဖွားပြီး နိုင်ငံတစ်ခု ပျက်သုန်းရေးဆီသို့ ဦးတည်ကွေ့သွားမည် ဖြစ်ပေတော့သည်။

ထွန်းနိုင်နောင်

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ သစ်တာပွေဒိုင်နယ်၊ အောက်တောရရပ်နေ အဖ ဦးထွန်း၊ အမိ ဒေါ်ခင်စန်းမိုတို့မှ (၁၇-၈-၁၉၇၁) ခုနှစ်တွင် မွေးဖွားခဲ့သည်။ အမည်အရင်းမှာ ဦးငွေအောင်ဖြစ်ပြီး မွေးချင်းငါးဦးရှိသည့်အနက် အကြီးဆုံးသား ဖြစ်သည်။ မူလတန်းမှ စတုတ္ထတန်းအထိ အ.မ.က (၅) ဓာတ်မီးကျောင်း၊ အိုးဘိုရပ်၊ ရေနံချောင်းမြို့တွင် ပညာသင်ကြားခဲ့ပြီး ပဉ္စမတန်းမှ ဒသမတန်းအထိ အ.ထ.က (၁) အခြေခံပညာအထက်တန်းတွင် ပညာသင်ကြားခဲ့သည်။ ရေနံချောင်းဒီဂရီကောလိပ်ကျောင်းတွင် ပထမနှစ်မှ ဒုတိယနှစ်အထိ ပညာသင်ကြားခဲ့ပြီး တတိယနှစ်မှ နောက်ဆုံးနှစ်အထိ မကွေးတက္ကသိုလ်တွင် ပညာသင်ကြားကာ ၁၉၉၃-ခုနှစ်က B.A Geography (Q) ဘွဲ့ရရှိခဲ့သည်။

၁၉၉၂-ခုနှစ်တွင် မြားနတ်မောင် မဂ်လာမဂ္ဂဇင်း၌ စာပေနယ်ထမ်းအဖြစ် လုပ်ကိုင်ရင်း မြန်မာ့စာပေလောက၌ စတင်အခြေခံကျင်လည်ခဲ့၏။ စာပေဝန်ထမ်းလုပ်ငန်းများအဖြစ် ၁၉၉၄-ခုနှစ်တွင် ရွှေပြည်တန်

www.burmeseclassic.com

စာအုပ်တိုက်နှင့် ရွှေပြည်တန်ဂျာနယ်၊ ၁၉၉၇-ပြည့်နှစ်တွင် စိတ်ကူးချိုချို စာအုပ်တိုက်၊ ၂၀၀၄-ခုနှစ်တွင် နေလဂမ္ဘီရဂျာနယ်နှင့် Beauty Max မဂ္ဂဇင်း၊ ၂၀၀၆-ခုနှစ်တွင် ချယ်ရီရသစုံမဂ္ဂဇင်း၊ ၂၀၀၈-ခုနှစ်တွင် စာပေလောက (၃) စာအုပ်ဆိုင်၊ ၂၀၁၁-ခုနှစ်တွင် ပေါ်ပြူလာဂျာနယ်နှင့် ၂၀၁၄-ခုနှစ်တွင် ကဗျာတာဝန်ခံအယ်ဒီတာ၊ ရတီမဂ္ဂဇင်းစသည်ဖြင့် အသီးသီးလုပ်ကိုင်ခဲ့သည်။ ၁၉၉၇-ခုနှစ်တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး (ဗဟိုလူငယ်) စီစဉ်ထုတ်ဝေသည့် စာဆိုတော်နေ့ အထိမ်းအမှတ် ကဗျာစာအုပ်၌ **ထွန်းနိုင်အောင် (ရေနံချောင်း)** အမည်ဖြင့် **'ကြိုဟ်ပြာစီးသူများ'** ကဗျာ ပါဝင်ရေးသားခဲ့ခြင်းကြောင့် ယင်းကလောင်အမည် အကန့်အသတ်မရှိ ပိတ်ပင်ခံခဲ့ရသည်။ ထို့နောက် လင်းထိပ်သျှင် ကလောင်အမည်ပြောင်း၍ ကဗျာများ ဆက်လက်ရေးသားခဲ့ပြီး စာပေစိစစ်ရေး၏ စောင့်ကြည့်ခြင်းခံရကာ ကဗျာများစွာ ဖြုတ်ပယ်ခံခဲ့ရသည်။ ၂၀၀၉-ခုနှစ်တွင် ချယ်ရီမဂ္ဂဇင်း၌ ကဗျာဆရာ ကြည်မောင်သန်း၏ ဒီပရက်ကဗျာထည့်သွင်း ပုံနှိပ်ဖော်ပြမှုဖြင့် လင်းထိပ်သျှင် ကလောင်အမည် ပိတ်ပင်ခံခဲ့ရကာ လွန်သော်ကမိုး ကလောင်အမည်ပြောင်း၍ ကဗျာများ ဆက်လက်ရေးသားခဲ့သည်။ ၁၉၉၂-ခုနှစ်တွင် စစ်ကိုင်း အရာတော်မြို့နယ်မဂ္ဂဇင်း၌ **'ဤလောကမံ'** အမည်ရှိ ကဗျာနှင့် မြွားနတ်မောင် မင်္ဂလာမဂ္ဂဇင်း၌ **'ဖိနပ်တစ်ရံ၏ အတ္တုပ္ပတ္တိ'** ကဗျာ ပုံနှိပ်ဖော်ပြခံရပြီး စာပေအနုပညာ စတင်ခဲ့သည်။ ၂၀၁၃-ခုနှစ်တွင် လင်းထိပ်သျှင် ကလောင်အမည်ဖြင့် **အရောအနှော အပိုင်းအစများ** ကဗျာစာအုပ်နှင့် **စာသင်သားကလေးများအတွက် အင်္ဂလိပ်အက္ခရာစဉ်ပြ ကဗျာများ** (ကလေးကဗျာများ A to Z) ဟူ၍ စာအုပ်လုံးချင်းနှစ်အုပ် ထွက်ရှိခဲ့သည်။ စာပေဆုအဖြစ် ၂၀၁၄-ခုနှစ်တွင် ပထမဆုံး ကိုဖုန်းမော်၊ ကိုစိုးနိုင် စာပေဆုကို 'အရောအနှောအပိုင်းအစများ' ကဗျာစာအုပ်ဖြင့် နိုင်ငံရေးကဗျာဆု ရရှိခဲ့သည်။

www.burmeseclassic.com